www.burmeseclassic.com

အောင်မြင်စာပေ

# ကြိုးသံ

## ငွေတွင်းမှသေမင်းမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူ ဦးအောင်မြင့်၊ မြန်မာ့ဘီဇား အောင်မြင်စာပေ၊
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၂၀၀၆ခု
(ဧပြီလ)၊ အုပ်ရေ(၅၀၀)၊

၈၉၅.၈၃
ကြီးသိမ့်
ငွေတွင်းမှသေဘေင်းချော်မှာ/ကြီးသိမ့်၊ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၆၊
၂၅၀- စာ၊ ၁၂.၅x၁၈.၅ စင်တီ၊
(c) ကြီးသိမ့်

# ကြီးသိမ့်



www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

➤ အလုပ်ကိုမေ့ပြီး လစာကိုတွက်နေခြင်းထက်
လစာကိုမေ့ပြီး အလုပ်ကြိုးစားခြင်းကသာ
တစ်ချိန်တွင် သင့်ဘဝအတွက်
အကျိုးကျေးဇူး ပိုမိုရစေနိုင်ပါသည်။

➤ နာကျင်သော ဝေဒနာ ခံစားပြီးမှ
ချစ်စရာကောင်းသော သားသမီးကိုရသည်။
ဒုက္ခများကို မကျော်ဖြတ်ပါပဲ
ချစ်ခြင်းမေတ္တာ၏ အနှစ်သာရကို
သိခွင့်ရနိုင်မည် မဟုတ်ပေ။

➤ ပါးနပ်သောသူက
ငွေကို အလွယ်တကူ ရှာဖွေနိုင်တယ်။
ဉာဏ်အမြော်အမြင် ပြည့်စုံသူက
ရသောငွေကို အကျိုးရှိစွာ
သုံးစွဲလေ့ရှိကြတယ်။

# ဒဿနလက်ဆောင်

➤ အပြုသဘောဆောင်သည့်စိတ်ဖြင့်
နည်းလမ်းကောင်း ရှာဖွေသောအခါ
အတော်များများ တွေ့ရနိုင်ပါတယ်။
အဖျက်သဘောဆောင်သည့်စိတ်ဖြင့်
နည်းလမ်းရှာသောအခါ
မတွေ့ရသလောက် နည်းပါးပေလိမ့်မည်။

➤ လောကတွင် မကြီးပွားနိုင်သူ နှစ်မျိုးရှိ၏။
စေခိုင်းသလောက်သာ လုပ်သောသူနှင့်
စေခိုင်းသည့်အတိုင်း မလုပ်သောလူတို့ပင် ဖြစ်၏။

➤ စိတ်အားထက်သန်မှုကို
အလေ့အကျင့် ပြုလုပ်ထားပါက
ကြောက်စိတ်တို့သည်လည်းဒကောင်း
သောကတို့သည်လည်းကောင်း
မဝင်ရောက်နိုင်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနရပ်ဆောင်

➤ အခွင့်အလမ်းဟူသည်
တံခါးတစ်ချပ်နှင့်တူသည်။
အတွင်းသို့ ဝင်သွားနိုင်သလို
အပြင်ဘက်သို့လည်း ဖွင့်ထွက်သွားနိုင်သည်။

➤ စိတ်ပါသည်ဖြစ်စေ
စိတ်မပါသည်ဖြစ်စေ
မိမိအတွက်သော်လည်းကောင်း
အများအတွက်သော်လည်းကောင်း
ကြိုးစားပြီး ဆောင်ရွက်လုပ်ကိုင်ပါ။

➤ စိတ်ကူးသည် တီထွင်ကြံစည်မှု၏ အစပင်ဖြစ်၏။
မိမိစိတ်ဆန္ဒနှင့် တစ်ထပ်တည်းကျလျှင်
ထိုစိတ်ကူးကို အကောင်အထည်ဖော်ဖို့
ကြိုးစားခြင်းနှင့် စတင်ရပေမည်။

# ဒဿနရပ်ဆောင်

➤ အချစ်သည်....ရည်မှန်းချက်ကို
အကောင်အထည်ဖော်ရခြင်း ဖြစ်၍
ပြိုင်ဘက်နှင့် အနှောက်အယှက် ပေးသူများအား
မလိုလားပေ။

➤ လုံးဝမသိနားမလည်ခြင်းသည်
သာမန်ဆိုးဝါးမှုသာ ရှိသေးသည်။
မသိသေးသည်ကို သိသည်ဟု ထင်မိခြင်းကသာ
အဆိုးရွားဆုံး ဖြစ်ပေ၏။

➤ အခွင့်အလမ်းက လူတစ်ယောက်အား
ကြီးမားသော အောင်မြင်မှုဖြင့်
သရဖူ ဆောင်းမပေးမီ
ထိုပုဂ္ဂိုလ်အတွက် ဒုက္ခပေါင်းများစွာ
အခွင့်အရေးပေါင်း များစွာတို့နှင့်
အရင်စမ်းသပ်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်တွင်ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | သေချင်ရင် စိန်မစားနဲ့ ငွေတွင်းကိုသွား |
| အခန်း(၂) | ဆင်းရဲတွင်းမှ စကြာမင်းမျှော်သူများ |
| အခန်း(၃) | သတ္တုတွင်းမှ ခြောက်လှန့်မှုများ |
| အခန်း(၄) | သေမည့်သူထံမှ သဲလွန်စ |
| အခန်း(၅) | မကျွတ်မလွတ်သေးသော ဝိညာဉ်များ |
| အခန်း(၆) | နီမောင်နှင့် သားရဲတွင်း |
| အခန်း(၇) | ဇရဲတွင်းမှ ဒုက္ခသည်များ |
| အခန်း(၈) | သစ်ခွမှုဆိုးနှင့် သဇင်နီရှာပုံတော် |
| အခန်း(၉) | ငွေတွင်းတွေ့သော်လည်း သေမင်းလက်မှ မလွတ်သူ |
| အခန်း(၁၀) | တောတွင်းမှ အသက်လုပွဲများ |
| အခန်း(၁၁) | စွန့်စားမှုများ စတင်ရန် ပြင်ကြခြင်း |
| အခန်း(၁၂) | လှည့်စားတတ်သည့် ဖရလောကသားများ |
| အခန်း(၁၃) | ဒုက္ခသည်များအား ကယ်တင်ခြင်း |
| အခန်း(၁၄) | ကြောက်စရာကောင်းလှသည့် ကပ်ရောဂါများ |
| အခန်း(၁၅) | လျှို့ဝှက်သည့် လူသတ်သမား |
| အခန်း(၁၆) | ငွေတွင်းထဲမှ သေမင်းမျက်နှာ |
| အခန်း(၁၇) | ပန်းခင်းလမ်းမှ ချစ်သူများ |




## အခန်း (၁)

## သေချင်ရင် စိန်မစားနဲ့ ငွေတွင်းကိုသွား

မြန်မာနိုင်ငံသည် သယံဇာတများစွာပေါများသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပေသည်။ သို့ကြောင့်လည်း တိုင်းတစ်ပါးသားတို့က များစွာနှစ်သက်သဘောကျသဖြင့် နည်းအမျိုးမျိုးနှင့် သိမ်းပိုက်လိုကြခြင်း ဖြစ်ပေသည်။

သယံဇာတအမျိုးမျိုးရှိရာ ဒင်းတို့ထွက်သောနေရာများ၊ မြို့များသည် ထွက်သောပစ္စည်းများနှင့်တွဲလျက် လူသိ



www.burmeseclassic.com

www.burmeseclassic.com



များကြသည်။ ထင်ရှားကြလေသည်။

ကျွန်းသစ်ထွက်သောနေရာများ၊ ရေနံထွက်သောနေရာများ၊ ကျောက်စိမ်းထွက်သောနေရာများ၊ ပတ္တမြားထွက်သောနေရာ၊ ပုလဲထွက်သောနေရာ၊ ဆန်စပါးထွက်သောနေရာ၊ ဘော်သတ္တုများထွက်သောနေရာများသည် ၎င်းထွက်ကုန်များနှင့် စပ်လျဉ်းပြီး လူသိများကြလေသည်။

မိုးကုတ်မြို့သည် ကျောက်မျက်ရတနာများ ထွက်သဖြင့် လူသိများသည်။ ဖားကန့်သည် ကျောက်စိမ်းအထွက်များသောကြောင့် လူသိများသည်။ ခဲမဖြူ အဖြိုက်နက် အထွက်များသောကြောင့် မော်ချီးသတ္တုတွင်းကို လူသိများသည်။ ရွှေနှင့်ကြေးနီ အထွက်များသောကြောင့် ကျောက်ပုထိုးဒေသနှင့် လက်ပတောင်းတောင်၊ ကြေးစင်တောင်ရှိသောဒေသများကို လူသိများသည်။

ပုလဲထွက်သောကြောင့် မြိတ်ဒေသဘက်ကို လူသိများသည်။ ရာဘာနှင့် ရွှေထွက်သောကြောင့် သထုံဒေသဘက်ကို လူသိများသည်။ ပင်လုံ နဝရတ် ရတနာမြေ၊ မိုင်းရှူး ရတနာမြေတို့ကြောင့် ရှမ်းပြည်နယ်ဘက်ကို အသိများကြသည်။ ဘိန်းအထွက်များသောကြောင့်လည်း တိုင်းတစ်ပါးသားတို့က များစွာစိတ်ဝင်စားကြသည်။ သိကြသည်။

ရွှေလီမြစ်ဝှမ်းနှင့် ပဲခူးရိုးမတောများကိုတော့ ကျွန်းသစ်ကြောင့်အသိများသလို ဆန်စပါးနှင့်ပတ်သက်လျှင်လည်း မြစ်ဝကျွန်းပေါ်ဒေသများကို သိကြသည်။ တိုင်းတစ်





ပါးသားတို့က ဆန်စပါးလုပ်ငန်း လုပ်ကြသည့်အခါ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဒေသများကို အဓိက ခြေကုပ်ယူလျက် လုပ်ကိုင်ကြလေသည်။

ထိုကဲ့သို့ပင် ဘော်ထွက်သောကြောင့် နမ္မတူမြို့ကိုလည်း တစ်နိုင်ငံလုံးက သိကြသလို တိုင်းတစ်ပါးသားတို့ကလည်း သိရှိကြသည်။ နမ္မတူဘက်တွင် သတ္တုထွက်သည့်နေရာ အမြောက်အများရှိကြသည်။ ထိုသတ္တုတွင်းများရှိကြောင်းကို မြန်မာနိုင်ငံမှာနေသော ဒေသခံများက စိတ်ဝင်စားကြပေ။

လွန်ခဲ့သော နှစ်ပေါင်းငါးရာကျော်လောက်ကပင် တိုင်းတစ်ပါးသားများက ဝင်ရောက်တူးဖော်ယူကြလေသည်။ ထိုဘော်တွင်းများအကြောင်းကို ဦးစွာသိကြသူတို့မှာ နယ်မြေချင်းထိစပ်ကာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသားများပင် ဖြစ်ကြလေသည်။

ကျောက်စာမှတ်တမ်းများအရ ခရစ်သက္ကရာဇ် (၁၄၁၂)ခုနှစ်လောက်ကပင် ဝင်ရောက်တူးဖော်ကြကြောင်း သိရပေသည်။ ထိုကဲ့သို့ စတင်တူးဖော်ကြရာမှ ဘော်တွင်းများအကြောင်းနှင့် ဆက်စပ်ကာ နမ္မတူမြို့ကိုလည်း သိရှိများလာကြလေသည်။

နမ္မတူမြို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သည့် မြို့တစ်မြို့လည်း ဖြစ်ပေသည်။ နမ္မတူဘော်တွင်းသာ လူသိများသော မြန်မာပြည်၏ မြေအောက်ရတနာ



www.burmeseclassic.com

www.burmeseclassic.com



တူးဖော်ရာဌာနရှိသည့် နမ္မတူမြို့သည် ရှမ်းပြည်မြောက်ပိုင်း၊ တောင်ပိုင်းနယ်တွင် တည်ရှိသည်။

နမ့်ဆန်မြို့မှ အရှေ့တောင်ထောင့် (၅၅)မိုင် အကွာ၊ လားရှိုးမြို့၏ အနောက်မြောက်ယွန်းယွန်း (၄၄)မိုင် အကွာတွင် ရှိပြီးလျှင် ဘော်တွင်းလုပ်ငန်းကြောင့် ထင်ရှားလာရသော မြို့ကလေးတစ်မြို့ ဖြစ်သည်။ သိန္နီမြို့၏ အရှေ့ဖက် (၂၅)မိုင်အကွာမှ စတင်မြစ်ဖျားခံ၍ သိန္နီမြို့ကို ဖြတ်စီးကာ တောင်ပိုင်းနယ်တွင်းသို့ ဖြတ်စီးပြီးနောက် သီပေါမြို့ဖက်သို့ စီးဆင်း၍ ဧရာဝတီမြစ်အတွင်းသို့ မန္တလေးမြို့နှင့် အင်းဝမြို့ကြားမှ စီးဆင်းသော နမ္မတူမြစ်ပေါ်တွင် တည်ရှိသည်။

ယင်းမြစ်ကို အစွဲပြု၍ နမ္မတူမြို့ဟု အမည်တွင်သည်။ ထိုမြစ်ကို ရှမ်းပြည်၌ "ဒုဋ္ဌဝတီမြစ်" ဟုခေါ်ပြီးလျှင် ရွှေစာရံမုန့်တိုင်းမှ ဧရာဝတီမြစ်မကြီးနှင့် ပေါင်းဆုံရာနေရာအထိကို "မြစ်ငယ်မြစ်" ဟုခေါ်ကြသည်။ "နမ္မတူ" ဟူသောစကားသည် ရှမ်းစကား "နမ့်" နှင့် "တူ" ကို ပေါင်းထားခြင်းဖြစ်ပြီး "ဆိုးသောရေ" ဟု အဓိပ္ပါယ်ရသည်။

နမ္မတူမြို့သည် တောင်များပတ်ရံထားသည့် မြေလတ်တစ်ခုတွင် တည်ထားသဖြင့် ဒယ်အိုးသဏ္ဌာန်ရှိသည်။ မြို့၏ အကျယ်အဝန်းသည် ဧက(၁၂၈၀၀) ဖြစ်၏။ နမ္မတူမြစ်သည် မြို့အလယ်မှဖြတ်စီးသဖြင့် မြို့သည်နှစ်ပိုင်းကွဲလျက် ရှိသည်။

မြစ်၏တောင်ဖက်ပိုင်း၌ သတ္တုချက်စက်ရုံကြီးများ လျှပ်စစ်အလုပ်ရုံနှင့် သစ်စက်များ၊ အလုပ်သမားအိမ်များ





ရုံဌာနများ၊ တရားရုံးနှင့် ဆေးရုံတို့ရှိ၍ မြောက်ဖက်ပိုင်းတွင် မူလတန်းကျောင်းနှင့် လူနေသာမန်အဆောက်အအုံများနှင့် အရောင်းအဝယ်ဌာနများသာ ရှိသည်။

ထို့ကြောင့် မြို့တစ်ဖက်သည် အဆောက်အအုံကြီးများနှင့် ထယ်ဝါသလောက် ကျန်မြို့တစ်ဖက်သည် သေးနုတ်နေသဖြင့် အစစ ခြားနားနေသည်။ ခရီးလမ်းများမှာ နမ္မတူမှ လားရှိုးသို့သွားသည့် မော်တော်ကားလမ်းတစ်လမ်း၊ သီပေါနှင့် ကျောက်မဲမြို့များကိုဖြတ်၍ မန္တလေးသို့သွားသည့် မော်တော်ကားလမ်းတစ်လမ်းနှင့် နမ္မတူမှ နမ့်ဆန်သို့သွားသော မော်တော်ကားလမ်းတစ်လမ်း ရှိသည်။

ဘားမားကော်ပိုရေးရှင်း (၅၁)လီမီတက်ပိုင် နမ္မတူမှ နမ့်ယော်သို့ သွားသည့် မီးရထားလမ်းတစ်လမ်းနှင့် နမ္မတူမှ ဘော်တွင်းသို့သွားသည့် မီးရထားလမ်းတစ်လမ်း ရှိသည်။ ထိုစဉ်က အဆိုပါကုမ္ပဏီပိုင် လေယာဉ်ပျံတစ်စင်းသည် လားရှိုးနှင့် ရန်ကုန်မြို့များကို အင်္ဂါနေ့နှင့် သောကြာနေ့တိုင်း ဆက်သွယ်ပျံသန်းသည်။

မြို့နယ်အတွင်းရှိ ထင်ရှားသောအဆောက်အအုံများမှာ ဘားမားကော်ပိုရေးရှင်း (၅၁)လီမီတက်ပိုင် စမယ်တာ (သတ္တုချက်)စက်ရုံကြီးများနှင့် သတ္တုလုပ်ငန်းအဝဝကို ကြီးကိုင်စီမံအုပ်ချုပ်သည့် ရုံးသစ်ကြီးများဖြစ်၏။

နမ္မတူမြို့နယ်တွင် ပေ(၁၅၀)ကျော်မြင့်သည့် တောင်ကုန်းပေါ်၌ ရွှေရန်အောင်စေတီတော် တစ်ဆူရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နမ္မတူမြို့ကား အိန္ဒိယတိုင်းသားနှင့် တရုတ်စသော နိုင်ငံခြားသားများအပြင် ရှမ်း၊ မြန်မာ၊ ပလောင်၊ ရှမ်းတရုတ်၊ ကချင် စသော တိုင်းရင်းသားပေါင်းစုံ စုဝေးရာဖြစ်သည်။ နမ္မတူမြို့၌ လူဦးရေအများစုမှာ သတ္တုတွင်း အလုပ်သမားများဖြစ်သည်။ ထိုစဉ်က ဈေးရှိရာ ပန်ဟိုက်ရပ်ကွက်သည် အထူးစည်ကားသည်။

နမ္မတူနှင့် မိုင်(၂၀)ကျော်ဝေးသည့် မန်စံဖော(ခေါ်) မန်စံရေကျ၌ ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ထားသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးမှ (၂၄)နာရီပတ်လုံး လျှပ်စစ်ဓာတ်အား ရရှိလေသည်။

နမ္မတူဘော်တွင်းအကြောင်းကို ဆက်လက်ဖော်ပြပါမည်။ နမ္မတူဘော်တွင်းဟူ၍ ခေါ်ဆိုကြသော်လည်း အမှန်စင်စစ်မှာ နမ္မတူနှင့် ဘော်တွင်းသည် တစ်နေရာစီမှာ ရှိကြသည်။

“ဘော်တွင်း”သည် သတ္တုတူးဖော်ရာ သတ္တုတွင်းဖြစ်၍ နမ္မတူမြို့နှင့် (၁၂)မိုင် ကွာဝေးလေသည်။ နမ္မတူမြို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည်။ ဘော်တွင်းမှာ မြေအောက်သတ္တုတူးဖော်ရာ လုပ်ငန်းသက်သက်ကို ပြုလုပ်သော ဌာနဖြစ်၍ ၎င်းမှရရှိသော သတ္တုများကို နမ္မတူမြို့ရှိ ဘော်ချက်ရုံမှ ချက်လုပ်သည်။ ထို့ကြောင့် ဘော်တွင်းမှာ ဓါတ်သတ္တုတူးဖော်ရာ ဌာနဖြစ်ပြီး နမ္မတူမှာ ဘော်တွင်းမှရသော သတ္တုရိုင်းများကို ကျိုချက်ရာ ဌာနဖြစ်လေသည်။





မြေမျက်နှာပြင်အခြေအနေမှာ ဘော်တွင်းဒေသတဝိုက်သည် တောင်ထူထပ်ပေါများသည်။ ထိုစဉ်က သတ္တုတွင်း တူးဖော်ရန် ခွင့်ပြုခဲ့သည့် အကျယ်အဝန်းမှာ စတုရန်းဆယ်မိုင်ပတ်လည် ဖြစ်သည်။ ဘော်တွင်းသည် အလွန်မြင့်သော တောင်ကုန်းပြင်မြင့်တွင် တည်ရှိသဖြင့် အနိမ့်ဆုံးအပိုင်းမှာ (၂၆၀၀)ပေရှိ၍ အမြင့်ဆုံးအပိုင်းမှာ (၄၆၁၅)ပေ ရှိလေသည်။ ပျမ်းမျှခြင်းအားဖြင့် ပင်လယ်ရေမျက်နှာပြင်ထက် (၃၂၀၀)ပေကျော်မြင့်သည်။

ရှမ်းဘာသာအားဖြင့် “နမ့်ပန်းယန်” သို့မဟုတ် “နမ့်ဟောင်” သို့မဟုတ် “နမ့်မော်” ခေါ် “စတန်းမြစ်” သည် ထိုဒေသကို ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ မြစ်ဖြတ်သန်းစီးဆင်းရာတလျှောက်တွင် ပေတစ်ထောင်ခန့်နက်သော ချောက်ကမ္ဘားကြီး ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ မြစ်အောက်ပိုင်းတစ်လျှောက်၌ သစ်ပင်ဝါးပင် အသင့်အတင့်ပေါက်ရောက်သည်။ နမ္မတူမှ (၇)မိုင်အကွာတွင် တဖြည်းဖြည်း သစ်ပင်ဝါးပင်များပါးပြီး ဘော်တွင်းဒေသတွင်မူ တောင်ကုန်းတောင်တန်းများတွင် မြက်ပင်များ ပေါက်ရောက်လျက်ရှိသည်။

သတ္တုတွင်းအရှေ့မြောက်ဘက်တွင် တောင်များသည် သစ်ပင်ဝါးပင်များ မပေါက်ရောက်ကြသော တောင်ကတုံးများ ဖြစ်ကြသည်။ ထိုအရပ်ဒေသသို့ လွန်ခဲ့သော နှစ်ပေါင်းငါးရာ ကျော်လောက်ကပင် တရုတ်လူမျိုးတို့ လာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကာ သတ္တုရတနာများ တူးဖော်ယူကြလေသည်။

တရုတ်နိုင်ငံတွင် "မင်" မင်းဆက်ဖြစ်သော "ရင်ဟို" အမည်ရှိ ဘုရင်အုပ်စိုးစဉ် ၎င်းမင်းနန်းတက်ပြီး (၉)နှစ်ကြာသောအချိန်တွင် ဘော်တွင်းများရှိသော နမ္မတူ အရပ်ဒေသကို ကျူးကျော်တိုက်ခိုက်ကာ သိမ်းပိုက်ခဲ့ကြသည်။

ထိုကဲ့သို့ တိုက်ခိုက်သိမ်းပိုက်ယူခဲ့သော်လည်း ရင်ဟိုမင်းလက်ထက်တွင် ခေတ်မီတိုးတက်သောနည်းများ မပေါ်ပေါက်သေးသောကြောင့် သတ္တုတူးဖော်ရေးလုပ်ငန်းများမှာ ဖွံ့ဖြိုးတိုးတက်ခြင်း မရှိခဲ့ပေ။ (၁၇၉၆)ခုမှ (၁၈၂၁)ခုနှစ်အထိ ထိုးနန်းစံသော ချီယာချင်းမင်း လက်ထက်ရောက်တော့မှသာ သတ္တုတူးဖော်ရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာလေသည်။

တရုတ်တို့သည် ဘော်တွင်းများမှ တူးဖော်ရရှိသော သတ္တုများကို ဒယ်အိုးကြီးများဖြင့် အရည်ကျိုကာ ငွေအဖြစ်ပြောင်းလဲကာ တရုတ်ပြည်သို့ သယ်ဆောင်ယူကြသည်။ ၎င်းတို့သည် ဘော်တွင်းမှ တရုတ်ပြည်ရောက်သည်အထိ တောတွင်းမှ လူသွားလမ်းများဖောက်ကာ သယ်ယူကြခြင်းဖြစ်သည်။

အများအားဖြင့်တော့ ထိုအရပ်ဒေသသို့ လာရောက်လုပ်ကိုင်ကြသူတို့မှာ တရုတ်အကျဉ်းသားများပင် ဖြစ်ကြလေသည်။ ခရစ်နှစ် သက္ကရာဇ်(၁၈၁၂)ခုနှစ် ချီယာချင်းမင်းစိုးစံနေသော ကာလတွင် သတ္တုထုတ်ယူသောလုပ်ငန်း၊ ငွေချက်လုပ်သောလုပ်ငန်းများ တိုးတက်မှုရှိလာသောအခါ ဥရောပ





တိုက်သားတို့က သတိပြုမိလာသည်။ မျက်စိကျလာခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်းမှာရှိသော သတ္တုတွင်းများ အကြောင်းကို တရုတ်တို့မသိခင်ကတည်းက ဥရောပတိုက်သားအချို့က သိရှိလေ့လာခဲ့ကြကြောင်း မှတ်တမ်းများရှိသည်။ တရုတ်တို့ ထိုဒေသသို့ တိုက်ခိုက်သိမ်းပိုက်သော အချိန်ကာလမှာ (၁၄၁၂)ခုဟု သိရသည်။

ချီယာချင်းမင်းနန်းတက်သော (၁၇၉၆)ခုနှစ်ဝန်းကျင်လောက်က သတ္တုများလှိုင်လှိုင်ထုတ်ယူနေစဉ်ကပင် မစ္စတာ[illegible]ဆိုသူ ဥရောပတိုက်သားတစ်ယောက် ရောက်လာပြီး [illegible]လာသွားခဲ့သည်။ မစ္စတာဆိုင်း၏ မှတ်တမ်းအရ (၁၇၉၅) နှစ်ဝန်းကျင်လောက်ကပင် ဗန်းမော်မြို့မှ (၆)မိုင်ခန့်ကွာဝေးသော ဘော်တွင်းဒေသသို့ ရောက်ခဲ့ကြောင်း မှတ်တမ်းတင်[illegible]ခဲ့လေသည်။

နောက်ပိုင်းတော့ ထပ်မံရောက်ရှိလာခြင်းမရှိပဲ (၁၈၃၇)ခုနှစ် ရောက်သောအခါမှ ဥရောပတိုက်သားတစ်ယောက် ထပ်မံရောက်လာခဲ့ပြန်သည်။ "ကရော့ဖို့" အမည်ရှိသော ဥရောပတိုက်သားပင် ဖြစ်၏။ ၎င်းက မြန်မာပြည်[illegible]၌ သတ္တုလုပ်ငန်းလုပ်ကိုင်နေကြသည့် ကုန်သည်တို့နှင့် [illegible]ဆုံကာ သတ္တုတွင်းများနှင့်ပတ်သက်သည့် အချက်အလက်တို့ကို မှတ်တမ်းယူသွားခဲ့ပေသည်။

၎င်းမှတ်တမ်းအရ ဘော်တွင်းများ၌ အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



ဦးရေ တစ်ထောင်ခန့်ရှိကြောင်း၊ တစ်နှစ်လျှင် ငွေသားပေါင် စတာလင် ၁၂၀၀၀၀၊ (၉၆၀၀၀၀ ကျပ်သား) ထွက်ရှိကြောင်း အင်းဝမင်းသို့ ဘဏ္ဍာတော်အဖြစ်ဖြင့် နှစ်စဉ်ပေါင် စတာလင် ၆၀၀(၄၈၀၀၀)ကျပ်သား ဆက်သရကြောင်း ပါရှိလေသည်။ ယခုကာလ ကျောက်တူးသကဲ့သို့ သက်ဆိုင်ရာသို့ အခွန်ဘဏ္ဍာ ဆက်သရခြင်းမျိုးဖြစ်၏။

ထို့နောက် (၁၈၅၅)ခုနှစ် (အင်္ဂလိပ်-မြန်မာ ဒုတိယစစ် ဖြစ်ပြီး သုံးနှစ်အကြာ)တွင် ဆာအာသာဖဲယာ ခေါင်းဆောင် သော မြန်မာသတ္တုတွင်းလေ့လာရေးအဖွဲ့တစ်ဖွဲ့ ရောက်ရှိ လာခဲ့လေသည်။ ၎င်းအဖွဲ့ဝင် ဒေါက်တာအိုဘဒမ်၏ မှတ် တမ်းအရ ၎င်းတို့ရောက်လာစဉ်က ဘော်တွင်း၌ အလုပ်လုပ် နေကြသော အလုပ်သမားတစ်သောင်းခန့်ရှိကြောင်း၊ ဘော် တွင်းမှ တစ်နေ့လျှင် ငွေသားပိဿာချိန် (၄၀)ခန့်ထွက်ကြောင်း ထိုသို့ငွေအမြောက်အများထွက်သော ဘော်တွင်းကို ဘယ် သူဘယ်ဝါ ဦးစီးလုပ်ကိုင်နေသည်ကိုတော့ မသိခဲ့ကြရပေ။

အခြားမှတ်တမ်းများအရမူ ထိုအချိန်က ဘော် တွင်းကို ဦးစီးလုပ်ကိုင်နေကြသူများမှာ တရုတ်လူမျိုးများပင် ဖြစ်ကြောင်း ဖော်ပြထားလေသည်။ ဆာအာသာဖဲယားတို့ အဖွဲ့ ရောက်လာခြင်းမှာ အခြားမဟုတ်ပေ။ နောက်ပိုင်း ငွေ အမြောက်အများထွက်သော ဘော်တွင်းများကို သိမ်းပိုက်ရန် အတွက် လာရောက်လေ့လာကြခြင်းပင် ဖြစ်ပေတော့သည်။

နမ္မတူဘော်တွင်းနှင့်ပတ်သက်သည့် သမိုင်းမှတ်





တမ်းများကို (၁၈၆၈)ခုနှစ် သီပေါမင်း ပါတော်မူခဲ့ပြီးနောက် ပိုင်းမှ (၁၉၆၅)အထိ နှစ်ပေါင်းတစ်ရာခန့် အချိန်အတွင်းမှ ဖြစ်ပျက်ခဲ့သည့် သမိုင်းကြောင်းတို့ကို အကျဉ်းချုပ်လျက် ရေး သားဖော်ပြပေးပါမည်။

၎င်းတို့မှာ အောက်ပါအတိုင်းပင် ဖြစ်ပေသည်။

မြန်မာဘော်တွင်း၏ သမိုင်းစဉ်ကို တရုတ်များကြီးစိုး ခြင်း၊ ဗြိတိသျှ မနေရှင် ကုမ္ပဏီတို့ ရွှေမိုးငွေမိုး ရွာခဲ့ခြင်းနှင့် တော်လှန်ရေးအစိုးရလက်ထက် ပြည်သူပိုင်သိမ်းသည်အထိ ဖော်ပြပါမည်။

သီပေါမင်းပါတော်မူပြီး၊ မြန်မာများ နယ်ချဲ့လက် အောက် ကျွန်ဘဝသို့ရောက်ပြီး (၂၃)နှစ် (၁၈၆၈ ခုနှစ် )တွင် ဘော်တွင်းဒေသကို ကြီးစိုးနေသော တရုတ်တို့အား တိုင်းရင်း သားများ ဖြစ်ကြသည့် ရှမ်း၊ ကချင်နှင့် ပန်းသေးလူမျိုးတို့က တော်လှန်ပုန်ကန်လေသည်။

ထိုစဉ်က ဘော်တွင်းတွင် အလုပ်လုပ်နေသော လူ အားစုမှာ တရုတ်အမျိုးသားများဖြစ်ကြပြီး ၎င်းတို့ကို မင်းမိန့် ဖြင့် ခေါ်ဆောင်လာခြင်းဖြစ်ရာ တိုင်းရင်းသားများ ပုန်ကန်မှု တွင် အခွင့်ကောင်းယူပြီး တရုတ်ပြည်သို့ ပြန်ပြေးကြသည်။ ဤသို့ဖြင့် ထိုနှစ်တွင် ဘော်တွင်းလုပ်ငန်းကို ပိတ်ပစ်ရလေ သည်။

တရုပ်တို့သည် မြန်မာပြည်မှ သတ္တုရိုင်းတန်ချိန်ပေါင်း သန်း၊ ဘော်ငွေသား တစ်ကုဋေကို တူးဖော်ရရှိသွားကြကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းကြလေသည်။

နောင်သောအခါ ဗြိတိသျှ မနရှင် ကုမ္ပဏီက ခေတ်မီစက်ယန္တယား တပ်ဆင်တူးဖော်သွားသည်မှာ တန်ချိန်မည်၍ မည်မျှဖြစ်ကြောင်း မရေတွက်နိုင်ခဲ့ပေ။ (၁၈၉၁)ခုနှစ်တွင် ဗြိတိသျှလူမျိုး အေစီမာတင်ဆိုသူသည် ဘော်တွင်းသို့ ရောက်ရှိလာလေသည်။ သူသည် တရုတ်တို့ ကျိုချက်စွန့်ပစ်ထားသော ချော်တုံးချော်ခဲများ တောင်ပုံရာပုံဖြစ်နေသည်ကို တအံ့တသြ တွေ့ရှိပြီးနောက် ထိုချော်ခဲများကို ကျိုချက်လျှင် ပင် အဖိုးတန်သော ငွေနှင့်ခဲများရရှိနိုင်ကြောင်း စမ်းသပ်တွေ့ရှိလေသည်။

အေစီမာတင်သည် အခြေအနေ အရပ်ရပ်ကို လေ့လာပြီးနောက် သတ္တုတူးဖော်ရန် ဆုံးဖြတ်ခဲ့သည်။ သူသည် ဂျေဆာကီဆိုသူနှင့် နှစ်ဦးစပ်ပြီး အစိုးရထံ မြေဂရန်ယူ၍ သတ္တုလုပ်ငန်းစလေသည်။ အကျယ်အဝန်းမှာ လေးမိုင်ဖြစ်သည်။

၎င်းတို့သည် တရုတ်များစွန့်ပစ်ခဲ့သော ချော်တုံးများကို ပြန်လည်ကျိုချက်ကြသည်။ သို့သော်များစွာ အကျိုးမများလှပေ။

ထို့ကြောင့် အမ်. အီး. ကင်ဒါစလေဆိုသူနှင့် ထပ်မံစုပေါင်းကာ မြန်မာပြည်သတ္တုတူးဖော်တိုးချဲ့ရေး အေဂျင်စီအမည်ဖြင့် သတ္တုတူးဖော်ရေးလုပ်ငန်းကို စတင်သည်။ (၁၈၉၇) ခုနှစ်တွင် မြန်မာပြည် သတ္တုတူးဖော် တိုးချဲ့ရေး အေဂျင်စီတို





"ဂရိတ်အီစတင်းမိုင်းနင်း ကုမ္ပဏီ " (The Great Eastern Mining Company) ဟူ၍ ပြန်လည်ဖွဲ့စည်းသည်။ များစွာ အကျိုးမခံစားရသဖြင့် လုပ်ငန်းအားလုံးကို "ဘားမားမိုင်း အင်စမယ်လတင်းလီမီတက်" သို့ ရောင်းချလိုက်ရပေသည်။

(၁၉၀၈)ခုနှစ်တွင် သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်နေရာမှ ဘားမားမိုင်း အင်စမယ်လတင်းလီမီတက်သည် "ဘားမားမိုင်းလီမီတက်" အမည်ကို ခံယူပြန်လေသည်။ မကြာမီပင် ၎င်းကုမ္ပဏီ၌ ငွေရင်းအများဆုံး ပါဝင်ထားသော (၉၉. ၈ ရာနှုန်းပါသည်) "ဘားမားကော်ပိုရေးရှင်း လီမီတက်(လန်ဒန်)"က ၎င်း၏ ကုမ္ပဏီအမည်ကို ခံယူလိုက်လေသည်။

ကုမ္ပဏီသည် ပထမဦးဆုံး တရုတ်တို့စွန့်ပစ်ခဲ့သော ချော်တုံးများကို ထိုစဉ်က မန္တလေးတွင်ရှိသော သတ္တုကျိုစက်ရုံသို့ပို့ရန် မီးရထားလမ်း ဖေါက်လေသည်။ (၁၉၀၉)ခုနှစ်တွင် ဘော်တွင်းမှ ပြည်မီးရထားနှင့် ဆက်မိအောင် နမ့်မော်ထိ မီးရထားလမ်း ဖေါက်လုပ်ပြီးစီးသည်။ လွတ်လပ်ရေးရပြီးသည်အထိ ဤလမ်းကို အသုံးပြုခဲ့သည်။ နမ့်မော်သည် ဘော်တွင်းမှ (၄၄)မိုင် မန္တလေးမြို့ဟောင်းဘူတာမှ (၁၆၅)မိုင် ကွာဝေးလေသည်။

ကုမ္ပဏီသည် တောအထပ်ထပ် တောင်အသွယ်သွယ်ကို ကျော်ကာကွေ့ကာ မီးရထားလမ်းဖောက်လုပ်ရသဖြင့် စရိတ်အကုန်အကျ အလွန်များလေသည်။ ဘော်တွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



သတ္တုကျိုစက်ရုံတည်ရှိရာ မန္တလေးသို့ သတ္တုရိုင်းများကို သယ်ယူရာတွင် စရိတ်စက အကုန်အကျများလွန်းသည်။ ထို့ကြောင့် (၁၉၁၁)ခုနှစ်တွင် မန္တလေးမှ သတ္တုကျိုစက်ရုံကို ဖြုတ်ကာ နမ္မတူသို့ ရွှေ့ပြောင်းတပ်ဆင်လေသည်။ ထိုအခါမှစ၍ ဘားမားကော်ပိုရေးရှင်းကုမ္ပဏီသည် ရတနာပုံဆိုက် ခဲ့လေသည်။

(၁၉၁၃)ခုနှစ်သို့ရောက်သောအခါ ကုမ္ပဏီသည် တူးရင်းဆွရင်းမှ ထုတ်ယူ၍ မကုန်နိုင်သော သတ္တုကျောကြီးကို ဘွားခနဲ တွေ့လေသည်။ ထိုအခါမှစ၍ ခေတ်မီယန္တရား စက်ကြီးများကို တပ်ဆင်ကာ အစွမ်းကုန်တူးဖော်ခဲ့လေ သည်။ သုံးမကုန် ဖြုန်းမကုန် နိုင်လောက်အောင် ရတနာ ရွှေမိုးငွေမိုး ရွာခဲ့လေသည်။

လစဉ် သတ္တုရိုင်းတန်ချိန် (၄၀၀၀၀) တူးဖော်ရရှိပြီး နမ္မတူစက်ရုံမှ ငွေသားနှင့်ခဲ စသည့်အဖိုးတန်သတ္တုများ တန်ချိန် (၃၀၀၀၀)မျှ ထုတ်လုပ်နိုင်ခဲ့ပေသည်။ ဤသည်မှာ သတ္တုရိုင်းတန်ချိန် (၄၀၀၀၀)မှ အဖိုးတန်သတ္တုများ တန်ချိန် (၃၀၀၀၀)ရရှိအောင် ထုတ်လုပ်နိုင်ခြင်း ဖြစ်ပေရာ ထိုခေတ်က မြန်မာပြည်ထွက် သတ္တုရိုင်း၏ အဆင့်အတန်းကို ဖော်ပြနေ သည်။

ထိုအချိန်သည် ပထမကမ္ဘာစစ်အတွင်း (၁၉၁၄-၁၈) ဖြစ်သည်။ မြန်မာ့မြေပေါ်မှ မြန်မာ့ရတနာအနှစ်များကို ဗြိတိသျှ အရင်းရှင်များ ဝါးမျိုနေသော ထိုခေတ်သမယတွင်





မြန်မာတို့သည် "ပြဒါးသေ တစ်ပြည်(မြေ)၀၊ သံသေတစ်ခွေ၀" စကားတိန်းဖြင့် ဖိုထိုးသူထိုး၊ မင်းလောင်းမျှော်သူမျှော်ဖြင့် စိတ် ထူးယဉ်၍ ကောင်းတုံးအချိန် ဖြစ်သည်။

ထိုခေတ် မြန်မာနိုင်ငံရေးသမားတို့သည်လည်း ရေးဟိတထက် အတ္တဟိတက ပိုများနေချိန်ဖြစ်သည်။ (၁၉၂၀) ခုနှစ်တွင်မှ မြန်မာတို့အား အမျိုးသားရေးစိတ်မာတ် နှိုးဆွ ပိုင်လှုပ်ပေးလိုက်သော ပထမကျောင်းသားသပိတ်ကြီး ပေါ် ထွက်လာခြင်းဖြစ်သည်။

ဗြိတိသျှမနရှင်တို့၏ သတ္တုကုမ္ပဏီကား ထိုပထမ ကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ် (၁၉၄၀)အတွင်းတွင် အကြီး အကျယ် ဖွံ့ဖြိုးတိုးတက်ခဲ့လေသည်။ (၁၉၁၉)ခုနှစ်တွင် ဘားမားကော်ပိုရေးရှင်းကုမ္ပဏီ(လန်ဒန်)ကို ဖျက်သိမ်း၍ ဘားမားကော်ပိုရေးရှင်းကုမ္ပဏီ(အိန္ဒိယ)ကို အသစ်ဖွဲ့စည်း လေသည်။

မူလကုမ္ပဏီစတင်စဉ် (၁၈၉၃)ခုနှစ်၊ ဂုရိတ် အိုစတင်း ပြီးနှင်း ကုမ္ပဏီတည်ထောင်စက စတုရန်းမြေ(၄)မိုင်ပတ် လည် ဂရန်ကိုသာ ခံယူထားခဲ့ပြီး သတ္တုတူးဖော်ခွင့် မြေငှားခဲ့ ရာ နောင်အခါ ထိုစာချုပ်ကို လုံးဝဖျက်သိမ်းလိုက်သည်။ အိန္ဒိယအစိုးရ (ထိုစဉ်က မြန်မာပြည်ကို အိန္ဒိယမှ အုပ်ချုပ် သည့်အစိုးရ)နှင့် မြေငှားစာချုပ် ဂရန်အသစ်ကို ထပ်မံချုပ်ဆို သည်။

စာချုပ်သစ်အရ (၁၀)စတုရန်းမိုင်ပတ်လည်တွင်



www.burmeseclassic.com

www.burmeseclassic.com



သတ္တုတူးဖော်ခွင့်လိုင်စင်ကို ရရှိသည်။ နောက်တစ်နှစ်ဖြ
သော (၁၉၂၀)ပြည့်နှစ်တွင် အနှစ်သုံးဆယ်ဂရန်ကို ရရှိပြ
သည်။ (၁၉၄၂)ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်
ဂျပန်တို့ အုပ်စိုးနေစဉ်တွင် နမ္မတူဘော်တွင်းကို တူးဖော်ရ
ဂျပန်တို့ ကြိုးစားခဲ့ကြသည်။ ထိရောက်အောင်မြင်ခြင်း မရှိ
ဆိုသည်။

သို့သော် ဗြိတိသျှ အရင်းရှင်ကုမ္ပဏီက ထားခဲ့သော
ပုံသွန်းပြီးငွေတောင့် တန်ပေါင်းများစွာကို ဂျပန်ပြည်သို့ သ
ယူသွားခဲ့လေသည်။ ထိုစဉ်ကလည်း မြန်မာတိုင်းရင်းသား
သည် မိမိတို့နိုင်ငံထွက် အဖိုးတန်ငွေတောင့်များကို မီးရထ
တွဲပေါ်သို့ မနိုင့်တနိုင် ထမ်းပိုး တင်ပို့ပေးခဲ့ရပြန်လေသည်

နယ်ချဲ့အစိုးရနှင့် အနှစ်(၃၀)စာချုပ်မပြည့်မီ (၁၉၄
ခုနှစ်တွင် မြန်မာပြည် လွတ်လပ်ရေးရရှိရာ မြန်မာအစိုး
သည် ဘားမားကော်ပိုရေးရှင်းကုမ္ပဏီအား နောက်ထပ် သတ္တု
တူးဖော်ခွင့် လိုင်စင် (၂၅)နှစ် ဂရန်ထုတ်ပေးလိုက်လေသည်
သို့သော် (၁၉၅၂)ခုနှစ်သို့ ရောက်သောအခါ ကုမ္ပဏီက အ
တစ်ဝက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရက အစုတစ်ဝ
(၅၀-ရာခိုင်နှုန်းစီ)ပါဝင်ပြီး ကုမ္ပဏီသစ်တစ်ခုကို အသစ်
စည်းတည်ထောင်သည်။ ထိုကုမ္ပဏီကို ဘားမားကော်ပိုရေး
ရှင်းလီမိတက်(၁၉၅၁) ဟုတွင်စေသည်။

အသစ်ဖွဲ့စည်းလိုက်သော ဘားမားကော်ပိုရေးရှ
လီမိတက်(၁၉၅၁)သည် သတ္တုများကို စတင်တူးဖော်ရ





စစ်ကြိုခေတ်၏ စံချိန်ကို မမီပေ။ ဤသို့ဖြင့် တော်လှန်ရေး အစိုးရလက်ထက်သို့ ရောက်ရှိလာလေသည်။ တော်လှန်ရေး အစိုးရလက်ထက်တွင် အလုပ်သမားဆွေးနွေးပွဲများကို စီစဉ်၍ မိမိတို့၏ ခံစားချက်များကို ရင်ဖွင့်တင်ပြစေရာ နမ္မတူ ဘော်တွင်း အခြေအနေမှသည်နာအရပ်ရပ်ကို ဘော်တွင်း လုပ်သားကြီးများက-တင်ပြခဲ့ကြသည်။

အထူးသဖြင့် မြန်မာအစိုးရနှင့် ဖက်စပ်ပြုထားသော သတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဘားမားကော်ပိုရေးရှင်းလီမိ တက်(၁၉၅၁)သည် သတ္တုတူးဖော်ခြင်း လုပ်ငန်းကျဆုံးအောင် တမင်ဖွန်တီးနေခြင်းဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

ဗြိတိသျှ နေရှင်တို့သည် ၎င်းတို့ ကိုယ်တိုင်ထင်တိုင် ချယ်လှယ်ခဲ့သော ခေတ်အခါကကဲ့သို့ သတ္တုများရရှိအောင် ကြိုးစားတူးဖော်ခြင်း အလျဉ်းမပြုတော့ပေ။ ၎င်းတို့သည် လုပ် ငန်းကျဆုံးအောင် ဖန်တီးနေသည်ကို ပေါ်လွင်အောင် တင်ပြ ခဲ့ကြသည်။

ထို့ကြောင့် တော်လှန်ရေးအစိုးရသည် (၁၉၆၅)ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်နေ့မှစ၍ နမ္မတူဘော်တွင်းလုပ်ငန်း အားလုံးကို ပြည်သူပိုင် သိမ်းခဲ့သည်။ ဖက်စပ်ကုမ္ပဏီကို လုံးဝ ဖျက်သိမ်းခဲ့လေသည်။

နှစ်ပေါင်းရာနှင့်ချီ၍ တိုင်းတစ်ပါးသားတို့ ကြိုးပိုချယ် လှယ်ခဲ့သော မြန်မာ့ရတနာ သတ္တုတွင်းကြီးမှာ ဆိုနေ့ ထို အချိန်မှစ၍ မြန်မာတို့ ပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါရေးသားခဲ့သော အကြောင်းအရာတို့မှာ နမ္မတူဘော်တွင်း သို့မဟုတ် ယခင်က "သေချင်ရင် စိန်မစားနဲ့ ငွေတွင်းကိုသွား" ဟု ပြောရလောက်အောင် သေတွင်းနှင့်တူခဲ့သည့် နေရာများအကြောင်းပင် ဖြစ်ပေတော့သည်။







# အခန်း (၂)

# ခင်းရဲတွင်းမှ စကြာဝင်းရှော်သူများ

အချိန်ကာလမှာ (၁၉၁၉)ခုနှစ် နောက်ပိုင်းကာလများပင် ဖြစ်လေသည်။ (၁၉၁၉)ခုနှစ်တွင် ဘားမားကော်ပိုရေးရှင်း(လန်ဒန်)ကုမ္ပဏီကို ဖျက်သိမ်း၍ ဘားမားကော်ပိုရေးရှင်းကုမ္ပဏီ(အိန္ဒိယ)ကို ပြောင်းလဲဖွဲ့စည်းလေသည်။

မူလကုမ္ပဏီတည်ထောင်စ (၁၈၉၃) ဂရိတ်အိုစတင်းမိုင်းနင်းကုမ္ပဏီတည်ထောင်စက သတ္တုတူးဖော်ခွင့် မြေတုရန်းမိုင် (၄)မိုင်ပတ်လည်သာ ရရှိထားခဲ့ပေသည်။ ထိုပိုင်စင်သည်



www.burmeseclassic.com

www.burmeseclassic.com



သတ္တုတူးဖော်ခွင့် လိုင်စင်ပင်ဖြစ်၏။ နောက်ပိုင်းတော့ ထိုစာချုပ်ကိုဖျက်သိမ်းပြီး၊ နောက်ထပ် မြေဒွားစာချုပ် အသစ်ကိုထပ်မံချုပ်ဆိုခဲ့ကြသည်။

ထိုအချိန်မှာ မြန်မာပြည်ကို အိန္ဒိယမှ အုပ်ချုပ်နေခြင်းဖြစ်ရာ အိန္ဒိယအစိုးရနှင့်ထပ်မံ စာချုပ်ခဲ့ကြခြင်း ဖြစ်ပေသည်။ စာချုပ်သစ်အရ (၁၀)စတုရန်းမိုင်ပတ်လည်တွင် သတ္တုတူးဖော်ခွင့်ရကြသည်။ စာချုပ်သက်တမ်းမှာ (၁၉၂၀)ခုနှစ်မှ (၁၉၅၀)ခုနှစ်အထိ နှစ်ပေါင်း(၃၀) ဂရန်ရကြခြင်း ဖြစ်လေသည်။

အိန္ဒိယကုမ္ပဏီများ လာရောက်တူးဖော်ကြစဉ်ကပင် ခေတ်မီနည်းပညာတို့ကို စတင်အသုံးပြုခဲ့ကြလေရာ နောက်ပိုင်း တဖြည်းဖြည်း တိုးတက်လာလေသည်။ သတ္တုတွင်းတူးဖော်ကြရာတွင် အထပ်ပေါင်း (၁၁)ထပ် ရှိလေသည်။ အပေါ်(၅)ထပ်မှာ ပင်လယ်ရေမျက်နှာပြင်အထက်တွင်ရှိပြီး အမှတ်(၆)အထပ်သည် မြေပြင်နှင့်တညီတည်းဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အောက်၌ ရှိကြလေသည်။

သတ္တုတူးဖော်ကြရာတွင် မြေအောက်လိုဏ်ခေါင်းများကို အသုံးပြုကြလေသည်။ သတ္တုတူးဖော်ရာအထပ်များသို့ ဓါတ်လှေခါးများ အသုံးပြု၍ အဆင်းအတက်ပြုလုပ်ကြရလေသည်။ ထိုအချိန်ကပင် သတ္တုတူးဖော်ရာတွင် အလုပ်သမားပေါင်းများစွာ ခေါ်ယူအသုံးပြုခဲ့ကြရသည်။ အများအားဖြင့် ကုလားအလုပ်သမားများနှင့် ဗမာအလုပ်သမားများ ဖြစ်ကြသည်။





ဗမာအလုပ်သမားတို့မှာ ထိုဒေသပတ်ဝန်းကျင်မှာ ရှိကြသောရွာများမှ အလုပ်သမားများ ဖြစ်ကြလေသည်။

မြေအောက်သတ္တုတွင်းများသို့ အလုပ်သမားပေါင်းများစွာဆင်းပြီး အလုပ်လုပ်ကြသောအခါ လေအေးပေးစက်များဖြင့် အသက်ရှူရန် လေသွင်းပေးရသည်။ အလုပ်သမားများ ရှူထုတ်လိုက်သောလေကိုလည်း အပြင်သို့ရောက်အောင် ပြန်ထုတ်ပစ်ကြရသည်။

မြေအောက်အထပ်တို့မှ တူးဖော်ရရှိသော သတ္တုရိုင်းများကို မြေပြင်နှင့်တညီတည်းဖြစ်သော နံပါတ်(၆)အထပ်သို့ အဆင့်ဆင့်တင်ပို့ပေးရလေသည်။

နံပါတ် (၅)အထပ်မှရရှိသော သတ္တုရိုင်းများမှာ ပင်လယ်ရေမျက်နှာပြင်အထက်ပိုင်းမှ ဖြစ်သောကြောင့် ခြောက်သွေ့သော်လည်း (၅)ထပ်အောက်မှာရှိသော ပင်လယ်ရေမျက်နှာပြင်အောက်ပိုင်းမှ သတ္တုရိုင်းများမှာ လွန်စွာစေးထိုင်းမှုရှိလေသည်။ သတ္တုရိုင်းတို့ကို ဓာတ်လှေခါးဖြင့် သယ်ယူရာတွင် ဇလား စသည်တို့ဖြင့် သယ်ယူခြင်းမျိုး မဟုတ်ပေ။

အထူးစီစဉ်ထားသော ဓာတ်ရထားပက်လက်တွဲတို့ဖြင့် သတ္တုတူးဖော်သောနေရာမှ ဓာတ်လှေခါးအတွင်းသို့ ရောက်သည်အထိ သယ်ယူကြခြင်း ဖြစ်ပေသည်။ သတ္တုရိုင်းများ ထည့်ထားသော ဓာတ်ရထားပက်လက်တွဲ တစ်ခုလုံးကို ဓာတ်လှေခါးအတွင်းထည့်ပြီး အမှတ်(၆) ဥမင်သို့ ပို့ကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်(၆)အထပ်သို့ ရောက်သောအခါ ဓာတ်လှေခါးအတွင်းမှ သတ္တုရိုင်းထည့်ထားသော တွဲတစ်တွဲလုံးကို တွန်းထုတ်ယူသွားကြလေသည်။ ထိုကဲ့သို့ အလွယ်တကူ တွန်းထုတ်ယူသွားနိုင်ရန်အတွက် ဓာတ်လှေခါးအတွင်း၌ ဓာတ်ရထားသံလမ်း တပ်ဆင်ထားပြီး၊ ဓာတ်လှေခါးရပ်တဲ့ရာ ဥမင်လိုဏ်ခေါင်းသို့ရောက်အောင် ဓာတ်ရထားလမ်းချင်း ဆက်သွယ်ထားခြင်း ဖြစ်ပေသည်။

လိုဏ်ခေါင်းများအတွင်းမှ တူးဖော်ရရှိသော သတ္တုရိုင်းများကို နံပါတ်(၆)လိုဏ်ခေါင်းမှ ဓာတ်ရထားတွဲငယ်များဖြင့် (၁)မိုင်ခန့်ဝေးသော ဘူတာရုံသို့ ရောက်သည်အထိ ပို့ပေးရလေသည်။

ဘူတာမှာ "ကျားစခန်း"ဘူတာဟု အမည်ပေးထားပြီး ဘော်တွင်းရှိသောနေရာနှင့် နမ္မတူကြား၌ ရှိလေသည်။ ကျားစခန်းဘူတာမှာ လွင်ပြင်ဘူတာဖြစ်သည်။ ကျားစခန်းဘူတာရုံသို့ ရောက်ရှိလာသော သတ္တုရိုင်းများကို မီးရထားဖြင့်တင်ကာ နမ္မတူ၌ရှိသော ဘော်ချက်စက်ရုံသို့ ပို့ပေးကြလေသည်။

ဘော်တွင်းမှ ဓာတ်ရထားဖြင့် သယ်ယူလာသော သတ္တုရိုင်းများကို မီးရထားပေါ်သို့ တစ်ဆင့်ပြောင်းတင်ကြရာတွင် လူအားကို အသုံးမပြုပဲ စက်အားဖြင့်သာ အသုံးပြုလုပ်ကိုင်ကြလေသည်။ လျှပ်စစ်ယန္တရားတပ်ဆင်ထားသော စက်ခုံတွင် သတ္တုရိုင်းများ သယ်ဆောင်လာသည့် ဓာတ်ရထားတို့ကို တွဲလိုက်တင်ပြီး၊ မီးရထားထဲသို့ တွဲလိုက်မှောက်ချနိုင်အောင် စီမံထားခြင်း ဖြစ်လေသည်။

ထိုကိစ္စကို လူအားသုံးပြီးလုပ်မည်ဆိုပါက တစ်နေကုန် လုပ်ကိုင်ရမည်ဖြစ်သော်လည်း စက်ယန္တရားဖြင့် ပြုလုပ်သောအခါ မိနစ်ပိုင်းအတွင်း ပြီးစီးနိုင်ခြင်း ဖြစ်ပေသည်။ ထိုအစီအစဉ်များမှာ သတ္တုတူးဖော်ရေးလုပ်ငန်းများ စတင်ပြီးကြာခင်မှာပင် ဗြိတိသျှနေရှင် ကုမ္ပဏီများက စီရင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပေသည်။

ထိုကဲ့သို့ ငွေကြေးအမြောက်အများ အကုန်အကျခံကာ ခေတ်မီတိုးတက်သော စက်ယန္တရားများ တပ်ဆင်အသုံးပြုနိုင်ခြင်းမှာ သတ္တုတွင်းများမှထွက်သော သတ္တုရိုင်းများမှာ တန်ချိန်ပေါင်းမြောက်များစွာရရှိကြသောကြောင့်ပင် ဖြစ်ပေသည်။

ထိုဘော်တွင်းများမှ ငွေနှင့်ခဲ အမြောက်အများ တူးဖော်ရရှိခဲ့ကြသည်။ မြန်မာနိုင်ငံသည် ရွှေငွေ ကျောက်မျက်ရတနာ၊ ကျွန်းသစ်၊ ရေနံ၊ ဆန်စပါး၊ သတ္တုရိုင်းများ မြောက်များစွာထွက်သော်လည်း အသိပညာ အတတ်ပညာ မဖွံ့ဖြိုးသောကြောင့် ထုတ်ယူသုံးစွဲနိုင်စွမ်း မရှိခဲ့ကြပေ။

မြေအောက်မှာရှိသော ရွှေနှင့်ငွေ အမြောက်အများတို့ နည်းပညာသုံးပြီး မတူးဖော်နိုင်သောအခါ အင်္ဂရိတ်ဖိုထိုးပြီး ဖိုတစ်လုံးဖြင့် ရွှေဖြစ်အောင် ကြိုးစားကြသည်။ ဖိုထိုးသဖြင့် ရွှေအနည်းငယ်ရလျှင်ပင် ဝမ်းမြောက်နေကြသည်။







www.burmeseclassic.com

www.burmeseclassic.com



မြေအောက်မှာရှိသော ရွှေငွေများကို ထုတ်ယူသုံးစွဲရန် ဘယ်တုန်းကမှ စိတ်မကူးခဲ့ကြပေ။

ကိုယ်တိုင်အတတ်ပညာဖြင့် ကြိုးစားဆောင်ဖို့ မကြိုးစားတော့ပဲ စကြာမင်းပေါ်လာဖို့သာ မျှော်နေကြတော့သည်။

တိုင်းပြည်ကို စီမံအုပ်ချုပ်ခွင့်ရသော ရှေးခေတ်ရှင်ဘုရင်များ လက်ထက်မှစပြီး ယခုတိုင်အောင် တိုင်းပြည်အတွင်း မြေပေါ်မြေအောက်မှာရှိသော သယံဇာတပစ္စည်းများကို ကိုယ်တိုင်ထုတ်ယူသုံးစွဲရန် မကြိုးစားတော့ပဲ တိုင်းတစ်ပါးသားတို့ကိုသာ လက်ညှိုးထိုးရောင်းစားခဲ့ကြသည်မှာ ခေတ်အဆက်ဆက်ပင် ဖြစ်ပေတော့သည်။

ရှေးခေတ်ရှင်ဘုရင်များ အုပ်စိုးသည့် ခေတ်မှစပြီး နှစ်ပေါင်းလေးငါးရာတိုင်အောင် ဘော်တွင်းမှထွက်သော တန်ပေါင်းများစွာသော ငွေနှင့်ခဲတို့ကို တိုင်းတစ်ပါးသားတို့ကပင် ထုတ်ယူသုံးစွဲခဲ့ကြလေသည်။ မီးခိုးမှ ငွေဖြစ်သည်ဟုပင် ဆိုရပေမည်။ အကြောင်းရင်းကို ဖော်ပြပါမည်။

ဘော်တွင်းမှ သယ်ယူလာသော သတ္တုရိုင်းများကို နမ္မတူရှိ ဘော်ချက်စက်ရုံတွင် ကျိုချက်ခါတ်ခွဲသည်။ ထိုသို့ ကျိုချက်ရာ၌ စက်ရုံမှထွက်သော အခိုးအငွေ့(မီးခိုး)များကို စက်ရုံနှင့် အလွန်ဝေးသည့် တောင်ထိပ်ပေါ်သို့ အုတ်မြွန်လိုဏ်ခေါင်းဖြင့် သွယ်ယူသွားလေသည်။ တောင်ထိပ်ရောက်သည့် အခါတွင်မှ အခိုးအငွေ့များကို ကောင်းကင်သို့ လွှတ်





တင်လိုက်သည်။

ရှေးအခါက သတ္တုမိုင်းကို နှစ်စဉ် ဒီဇင်ဘာလ (၂၅) ရက်ဖြစ်သော ခရစ္စမတ်နေ့နှင့် ဒီဇင်ဘာလ(၂၆)ရက် ထိုနှစ်ရက်သာ တစ်နှစ်လုံးတွင် လုံးဝအလုပ်ပိတ်၍ နားရက်ပေးသည်။ အဆိုပါ အလုပ်ပိတ်ရက်(၂)ရက်တွင် တောင်ထိပ်မီးခိုးခေါင်းတိုင်မှ တောင်ခြေစက်ရုံသို့ ခေါင်းတိုင်တလျှောက် ရေသွင်း၍ ဆေးချလေသည်။ မီးခိုးထွက်ရာ အုတ်မြွန်လိုဏ်ခေါင်းတလျှောက်တွင် ကပ်ငြိနေသော အညစ်အကြေးအားလုံးကို ရေဆေးချလေသည်။

ထိုရေဆေးချလိုက်သော အညစ်အကြေးရေများကို ရေလွှဲပေါက်အားဖြင့် အသင့်စီစဉ်ထားသော အုတ်ကန်တွင်းသို့ ပို့လွှတ်သိမ်းထားသည်။ ခေါင်းတိုင်ဆေးရေများတွင် ရောနှောပါဝင်လာသော အညစ်အကြေးများ အနယ်ထိုင်သော အခါ အပေါ်မှ ရေကြည်များကို ထုတ်ပယ်ပစ်သည်။

ကန်အောက်ခြေတွင် အနယ်ထိုင်နေသော အနှစ်များကိုယူပြီး သတ္တုချက်ရုံတွင်ပြန်၍ချက်ရာ အဖိုးတန်ငွေနှင့်ခဲများစွာ ရရှိပြန်လေသည်။ သတ္တုတွင်းမှ တူးဖော်ရရှိသော သတ္တုရိုင်းများထက်ပင် ဤခေါင်းတိုင် ဆေးရေအနယ်အနှစ်များကို ကျိုချက်ယူခြင်းက ငွေနှင့်ခဲကို ပို၍ရရှိလေသည်။

ဤသို့ဖြင့် ဖမ်းယူထား၍ မရနိုင်သော မီးခိုးမှပင်လျှင် ငွေပြန်ဖြစ်အောင် မနရှင်ကုမ္ပဏီခေတ်က ဖန်တီးခဲ့လေသည်။ သတ္တုကျိုချက်ရာ မီးခိုးမှငွေပြန်ဖြစ်အောင် စီစဉ်သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အလွန်ဉာဏ်ထက်မြက်သော အစီအစဉ် တစ်ရပ်ဖြစ်သည်။ ဗြိတိသျှတို့၏ အံ့သြချီးကျူးဖွယ်ကောင်းသော သိပ္ပံပညာရပ် တတ်သိကျွမ်းကျင်မှု ဖြစ်ပါပေသည်ဟု ဂုဏ်ပြုစကား ဆိုနိုင်လောက်ပေသည်။

သို့သော် ထိုသို့ချီးကျူးဂုဏ်ပြုစကားဆိုလျှင် မှားပေမည်။ အကြောင်းမှာ ဤသို့ မီးခိုးမှ ငွေပြန်ဖြစ်ရန် အစီအစဉ်မှာ ဗြိတိသျှ မနေရှင် သိပ္ပံဆရာတို့၏ ထိုးထွင်းကြံဆမှုထက် ပို၍အရေးပါခဲ့သည်မှာ သတ္တုတွင်းလုပ်သားကြီးများ ဖြစ်သည်။ သတ္တုတွင်းလုပ်သားကြီးများ၏ အသက်ပေါင်းများစွာဖြင့် စတေးခံပြီးမှ အတွေ့အကြုံများကို အရင်းပြု၍ စီစဉ်ဆောင်ရွက်ကြရမှ ဤသို့ မီးခိုးမှ ငွေဖြစ်လာနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် သတ္တုတွင်းတူးဖော်စက သတ္တုကျိုချက်ရာမှ ထွက်သောအခိုးအငွေ့များကို ယခုကဲ့သို့ တောင်ထိပ်သို့ ဥမင်သွယ်၍ မပို့သေးပေ။ သာမန်စက်ရုံများမှာကဲ့သို့ပင် အတန်အသင့်မြင့်သော မီးခိုးခေါင်းတိုင်များကို အသုံးပြုလေသည်။

ထိုစဉ်က သတ္တုတွင်းမှာ ဝင်ရောက်လုပ်ကိုင်ကြသူတို့မှာ အသိပညာ အတတ်ပညာချို့တဲ့သူတို့သာ များပေသည်။ ထားရာနေ၊ စေရာသွား၊ ကျွေးတာစားပြီး ပေးတာယူရသောဘဝများသာ ဖြစ်ကြသည်။ ထို့ပြင် အလုပ်ရှင်တို့ ခိုင်းစေသမျှကို နေ့ကုန်နေ့ခမ်း လုပ်ကိုင်ပေးကြရပေသည်။ အလုပ်သမား





အများစုမှာ ကုလားလူမျိုးများပြီး၊ ဗမာလူမျိုးအချို့လည်း ထိုနေရာများတွင် ဝင်ရောက်လုပ်ကိုင်ကြလေသည်။

ငွေစက်ရုံ၌ ဝင်ရောက်လုပ်ကိုင်နေကြသော ဗမာများမှာ ထိုနေရာတစ်ဝိုက်တွင် နေထိုင်ကြသူများ ဖြစ်ကြသည်။ သတ္တုတူးဖော်သူတို့ ရောက်မလာခင်ကပင် ထိုနေရာတွင် ဘိုးဘွားအစဉ်အဆက်၊ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြသူတို့မှာ သတ္တုတူးဖော်သော နိုင်ငံခြားသားများ ဝင်ရောက်လာသော် နေရာမှ နှင်ထုတ်ခြင်းခံကြရသည်။

အချို့ရွာများ ဖျက်ပေးကြရသည်။ နေအိမ်များ ဖျက်ဆီးခြင်းခံကြရသည်။ တစ်သက်လုံး လုပ်ကိုင်စားသောက်ခဲ့ကြသော ဥယျာဉ်ခြံများ၊ လယ်မြေများ၊ သီးနှံစိုက်ခင်းများ ဖျက်ဆီးခြင်း ခံခဲ့ကြရသည်။ လျော်ကြေးမပေး၊ ကူညီစားရိတ်လုံးဝမရပဲ နေရာဖယ်ပေးခဲ့ကြသည်။ ထိုနေရာများကို ဝင်ရောက်လုပ်ကိုင်သူတို့မှာ မြန်မာနိုင်ငံသားများ မဟုတ်ကြပေ။ သို့ကြောင့် မြန်မာနိုင်ငံသားများအပေါ် လုံးဝငဲ့ညှာခြင်း မရှိခဲ့ကြပေ။

- အုပ်ချုပ်သူ လူတန်းစားက ငွေရရင်ပြီးရော သဘောဖြင့် လက်ညှိုးထိုးပြီး ရောင်းစားလိုက်ကြသည်။ ခံစရာရှိတော့ သို့အရပ် ထိုဒေသတွင် နေထိုင်ကြသော ပြည်သူပြည်သားတို့ သည်စင်းခံကြရသည်။ နေစရာမရှိ၊ စားစရာမရှိ၊ လုပ်ကိုင်စားစရာနေရာ မြေကွက်မရှိတော့ပဲ ဒုက္ခတွင်း သက်ဆင်းခဲ့ကြရသည်။ မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ခဲ့သော အစဉ်အလာသည် ပျက်ပြယ်သွားခြင်းမရှိခဲ့ပေ။ ခေတ်အဆက်ဆက်ထိ ရှိနေဆဲပင် ဖြစ်၏။

တိုင်းတစ်ပါးသားများက မူလစကာစတွင် တစ်မိုင်ပတ်လည်သာ. တူးမည်ဆိုသောကြောင့် ,သည်းခံပြီး နေရာဖယ်ပေးခဲ့ကြသည်။ နောက်တော့ နှစ်မိုင်ပတ်လည် ဖြစ်လာသည်။ နှစ်မိုင်ကနေလေးမိုင်၊ လေးမိုင်ကနေ ဆယ်မိုင်ပတ်လည် ဖြစ်လာသောအခါမှာတော့ ထိုပတ်ဝန်းကျင်မှာနေကြသောရွာများ ပျက်စီးကြရတော့သည်။

ထိုအခါ ဒေသခံများနှင့် တိုင်းတစ်ပါးသားတို့ ပြဿနာဖြစ်ကြရသည်။ ထိုပြဿနာမျိုးကို တိုင်းပြည်အုပ်ချုပ်ခွင့်ရသောအစိုးရက ကိုင်တွယ်ဖြေရှင်းသောအခါ ဘယ်သောအခါမှ မိမိပြည်သူများဘက်မှ ကာကွယ်စောင့်ရှောက်ပေးခြင်း မရှိပေ။ သူတို့ကို ငွေပေးသော တိုင်းတစ်ပါးသားများဘက်မှပင် အစဉ်သဖြင့် ရပ်တည်ပေးခဲ့သည်။

တိုင်းတစ်ပါးသားများကို ထိပါးလာလျှင်ပင် ပုလိပ်စစ်သား စသော လက်နက်ကိုင်များစေလွှတ်ပြီး ပုန်ကန်သောပြည်သူပြည်သားတို့ကို နှိမ်နင်းပေးခဲ့သည်။ နောက်တော့ ဆင်းရဲသူ ဆင်းရဲသားတို့မှာ သေကြေပျက်စီးမှုများနှင့် ကြုံတွေ့ရသဖြင့် မတတ်သာတော့ပဲ မျက်ရည်စက်လက်နှင့် နေရာဖယ်ပေးခဲ့ကြရတော့သည်။ ဤသို့ဖြင့် သတ္တုတူးဖော်သော နယ်နိမိတ်မှာ တဖြည်းဖြည်းနှင့် ကျယ်ဝန်းလာခဲ့ခြင်း ဖြစ်ပေသည်။





ကျောမွဲလူတန်းစား၊ ဆင်းရဲသားများကတော့ သူတို့တွင် ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့သောအခါ စကြာမင်းရောက်လာပြီး ကယ်တင်ပေးမှသာ ထိုဘဝဆိုးမှလွတ်မြောက်ခွင့်ရနိုင်တော့မည်ဟု ယုံကြည်အားကိုးလျက် စကြာမင်းလောင်းကိုသာ မျှော်လင့်နေကြပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃)

# သတ္တုတွင်းမှ ခြောက်လှန့်မှုများ

နမ္မတူနယ်အတွင်းမှာရှိသော သတ္တုတွင်းများကို တွန်ခဲ့သော နှစ်ပေါင်းငါးရာကျော်လောက်ကပင် တိုင်းတပါး သားတို့က နည်းအမျိုးမျိုးဖြင့် ဝင်ရောက်တူးဖော်ခဲ့ကြရာ (၁၉၁၉)ခုနှစ် ရောက်သောအခါ ဘားမားကော်ပိုရေးရှင်း ဘုမ္မဏီ(အိန္ဒိယ)လက်အောက်သို့ ရောက်ခဲ့လေသည်။

ထိုအချိန်က မြန်မာနိုင်ငံမှာ ဗြိတိသျှနယ်ချဲ့တို့ လက်



www.burmeseclassic.com

www.burmeseclassic.com



အောက်၌ရှိသော်လည်း အုပ်ချုပ်ရေးပိုင်းမှာတော့ အိန္ဒိယမှပင် စီမံအုပ်ချုပ်နေသော အချိန်ဖြစ်သည်။

ဘားမားကော်ပိုရေးရှင်းကုမ္ပဏီသည် အင်္ဂလိပ်အစိုးရနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြစ်ပြီး သတ္တုတူးဖော်သည့် လိုင်စင်ကို ထပ်မံလျှောက်ထားရာ ယခင်က စတုရန်း (၄)မိုင်သာ ခွင့်ပြုပေးခဲ့ရာမှ စာချုပ်သစ်အရ စတုရန်း (၁၀)မိုင်ပတ်လည်အထိ တူးဖော်ခွင့် ရခဲ့လေသည်။

ထို့ပြင် လိုင်စင်သက်တမ်းမှာလည်း အနှစ်(၃၀)အထိ ရရှိခဲ့ပေရာ (၁၉၅၀)ပြည့်နှစ် ရောက်တော့မှသာ စာချုပ်ပြည့်မည် ဖြစ်ပေသည်။

သတ္တုတွင်းကိုတော့ အင်္ဂလိပ်လူမျိုးနှင့် ကုလားလူမျိုးတို့က စီမံအုပ်ချုပ် လုပ်ကိုင်ကြလေသည်။

သတ္တုတွင်းတာဝန်ခံမှာ မစ္စတာပက်ထရစ် ဆိုသူဖြစ်ပြီး ၎င်းလက်အောက် ဒုတိယတာဝန်ခံမှာ 'ရာဂျစ်ကပူး'ဆိုသော ကုလားလူမျိုးတစ်ဦးဖြစ်သည်။

၎င်းတို့ လက်အောက်မှာတော့ လက်ထောက်တာဝန်ခံများ ရှိကြသေးသည်။ ထိုအထဲတွင် မြန်မာလူမျိုးတို့လည်း ပါဝင်လေသည်။

ဗမာလူမျိုး လက်ထောက်တာဝန်ခံနှစ်ဦးမှာ ဦးမင်းဒင်နှင့် ထွန်းအောင်ကျော်တို့ ဖြစ်ကြသည်။ ဦးမင်းဒင်က အသက်(၅၀)ကျော်ခန့်ရှိပြီး ထွန်းအောင်ကျော်ကတော့ အသက်(၃၀)ကျော်လောက်သာ ရှိသေးသည့် လူရွယ်တစ်ဦး





ဖြစ်သည်။

၎င်းတို့ လက်အောက်မှာတော့ အလုပ်သမားများကို စီမံအုပ်ချုပ်ရသော အလုပ်သမားခေါင်းဆောင်များ ရှိကြလေသည်။ ထိုအထဲတွင် သံပချိုင်တို့လည်း အပါအဝင် ဖြစ်သည်။

ရှေးနှစ်ပေါင်း များစွာကတည်းကပင် သတ္တုတွင်းမှာ အလုပ်လုပ်ကြသည့် အလုပ်သမားများမှာ အသေအပျောက် ရှိခဲ့ကြသော်လည်း ယခုကာလလောက်တော့ မများပေ။

(၁၉၁၉)ခုနှစ်နောက်ပိုင်း ဘားမားကော်ပိုရေးရှင်းကုမ္ပဏီ၊ (အိန္ဒိယ)တာဝန်ယူကာ စတင်လုပ်ကိုင်ခဲ့ပြီး နောက်ပိုင်းတွင် ကပ်ရောဂါဘေးများ ကျရောက်သကဲ့သို့ လူအသေအပျောက် များလာခဲ့လေသည်။

ထိုကဲ့သို့ လူအသေအပျောက် များလာခြင်းမှာ အိန္ဒိယမှ ဆေးဝါးများ လုံလောက်အောင် ပို့မပေးနိုင်သည်က အဓိကအကြောင်းအဖြစ် ပါဝင်လေသည်။

သို့ကြောင့် သတ္တုတွင်းလုပ်ငန်းမှ အလုပ်သမားများ မကြာခဏ သေဆုံးကြလေသည်။

တစ်ခါတစ်ရံ တစ်နေ့တည်း နှစ်လောင်းသုံးလောင်း တစ်ပြိုင်နက်တည်း သေကြသည်မျိုးလည်း ရှိကြလေသည်။

ထိုသို့ သေသောအလောင်းများကို ကြာရှည်မထားဘဲ နီးစပ်ရာ သုသာန်များ၌ ဖြစ်သလို သွားရောက်မြှုပ်နှံကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုသာန်ဟု ဆိုရာ၌လည်း သတ်မှတ်ထားသော နေရာမျိုးမဟုတ်ပဲ သစ်တောစပ်များနှင့် တောင်ကြိုတောင်ကြားတို့၌ သွားရောက်မြှုပ်နှံကြခြင်း ဖြစ်ပေသည်။

ထိုအချိန်က ယခု မြို့ဟုသတ်မှတ်ခေါ်ဝေါ်ကြသည့် နမ္မတူမြို့ပင်လျှင် လူနေထိုင်မှု အနည်းငယ်သာရှိပြီး ရွာကြီးတစ်ရွာမျှသာ ရှိလေသည်။

အခြားနေရာများမှာတော့ ရွာငယ်ကလေးများသာ ရှိပြီး သတ္တုတွင်းတစ်ဝိုက်မှာတော့ လူနေထိုင်မှု မရှိကြပေ။

သို့ကြောင့် သတ္တုတွင်းမှ သေဆုံးသော အလောင်းများကို တောစက်ဖောင်စပ်တို့တွင် သင့်တော်သလိုပင် မြှုပ်နှံပေးခဲ့ကြသည်။

ဖြစ်သလို မြှုပ်သောကြောင့် မလုံတလုံ ဖြစ်နေသော အလောင်းများမှာ ညအချိန်ရောက်လာသောအခါ တောခွေးများရောက်လာပြီး တူးဖော်စားသောက်ကြရာ ပွဲတော်ကြီးသဖွယ် ဖြစ်နေပေတော့သည်။

ထိုနေရာတွင် စားစရာရမှန်းသိသဖြင့် အခြားနေရာမှ တောခွေးအပါအဝင် အခြားသော တောတိရိစ္ဆာန်တို့ဝါ ရောက်လာပြီး တူးဖော်ပြီး စားသောက်ကြရာ နောက်တစ်နေ့တွင် အလောင်းများ အရိုးစုများမှာ နေရာအနှံ့ ပြန့်ကျဲနေတတ်ပေသည်။

ထိုနေရာမှာ သာမန်မြေမျိုးမဟုတ်ပဲ ကျောက်သားမြေများဖြစ်သောကြောင့် အပင်ပန်းခံကာ နက်အောင် မတူးနိုင်ကြပေ။

သို့ကြောင့် ဖြစ်သလိုတူး၊ ဖြစ်သလို မြှုပ်ထားခဲ့ခြင်းဖြစ်သောကြောင့် တိရိစ္ဆာန်များအတွက် အကြိုက်တွေ့စရာဖြစ်နေလေတော့သည်။

နောက်ဆက်တွဲ ပြဿနာများက ထိုမျှလောက် မကသေးပေ။ လူအသေအပျောက် များလာသောအခါ ခြောက်လှန့်မှုများလည်း ပိုမိုများပြားလာလေသည်။

သေဆုံးသွားကြသူများမှာ ရပ်ဝေးမှ လာရောက်အလုပ်လုပ်ကြသူများဖြစ်ရာ သေဆုံးသွားသောအခါ နေရပ်၌ကျန်ခဲ့သော မိသားစုများပင် မသိကြရပေ။

သတ္တုတွင်းမှ တာဝန်ရှိသူများစာလည်း တကူးတကအကြောင်းမကြားကြပေ။

သို့ကြောင့် ရက်လည်ဆွမ်း သွပ်ပေးမည့်သူမရှိ အမျှပေးဝေမည့်သူ မရှိကြသဖြင့် ဝိညာဉ်ဘဝမှာပင် တဝဲလည်လည် ဖြစ်နေကြရရှာသည်။

အချို့အလုပ်သမားများမှာ ရုတ်တရက် သေဆုံးသွားခဲ့ကြသဖြင့် ၎င်းတို့ကိုယ်တိုင် သေမှန်း ဝိညာဉ်ဘဝရောက်နေကြမှန်း မသိပဲ အလုပ်လုပ်မြဲ ဆက်လုပ်နေတတ်ကြလေသည်။

ထိုအခါ တွေ့မြင်ရသူများက သရဲခြောက်သည်ဟုဆိုသောကြောင့် များစွာကြောက်လန့်ကြလေသည်။

သေဆုံးသွားသူများကို သတ္တုတွင်းထဲမှာ သွားလာနေ






www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ရသကဲ့သို့ အလုပ်လုပ်နေသူတွေကို တွေ့ကြသည်။ အချို့လည်း သိသည်။ အချို့ကျတော့လည်း လူသစ်များဖြစ်သောကြောင့် မသိကြပေ။

တစ်ခါက နောက်မှဝင်ရောက်လာသော အလုပ်သမားသစ် တစ်ယောက်သည် အလုပ်ချိန်သိမ်းတော့မှ ဥမင်လမ်းထဲတွင် ဂေါ်လီဖြင့် သတ္တုများ တွန်းယူနေသော လူတစ်ယောက်ကို တွေ့ရသဖြင့် ဇဝေဇဝါဖြင့် နောက်မှလိုက်သွားပြီး လှမ်းမေးလိုက်သည်။

"ဟေ့လူ အလုပ်ချိန် သိမ်းနေပြီလေ၊ သံချောင်းခေါက်သံ မကြားဘူးလား"

ထိုသို့ပြောသော်လည်း မကြားဟန်ဖြင့် ရှေ့သို့ဆက်တွန်းသွားသဖြင့် နောက်မှလိုက်သွားကာ ထပ်ပြောလိုက်သည်။

"ဟေ့လူ အလုပ်သိမ်းနေပြီ၊ တော်ကြာ လိုဏ်ခေါင်းထဲမှာ ခင်ဗျားတစ်ယောက်တည်း ကျန်နေခဲ့လိမ့်မယ်"

ဒီတော့မှ ရပ်တန့်သွားသည်။

"ငါ တစ်ယောက်တည်း မဟုတ်ပါဘူးကွာ၊ တခြားလူတွေလည်း ရှိပါသေးတယ်"

ထိုလူက အသံခပ်သြသြဖြင့် ပြန်ပြောသဖြင့် ဇဝေဇဝါဖြစ်သွားကာ လိုဏ်ခေါင်းလမ်းအတွင်းသို့ လှမ်းကြည့်လိုက်တော့လည်း ဘယ်သူမှ မတွေ့ရပေ။

"ဘယ်မှာလည်း ဘယ်သူမှလည်း မတွေ့ပါလား"





"မင်း မမြင်ရလို့ပါကွာ၊ ဟိုမှာ သူတို့ အလုပ်လုပ်နေကြတာ ရှိပါတယ်"

"ဟင်. . "

ထိုသို့ပြောပြီး ဂေါ်လီလှည်း တွန်းလာသူက တဖြည်းဖြည်းနှင့် သူ့ဘက်လှည့်လာလေသည်။

မျက်နှာက ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေသည်။

ပထမတော့ မီးရောင်ကလည်း မကောင်း၊ မြေမှုန့်များ မီးခိုးမှိုင်းများကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်ဟုပင် စိတ်ထဲမှ ထင်လိုက်မိသည်။

"ဟင်. . ခင်ဗျားမျက်နှာကလဲ ဘယ်လိုဖြစ်နေတာလဲ၊ ရုပ်ပျက်ဆင်းပျက် ဖြစ်နေပါလား"

"မျက်နှာတင် ဘယ်ကပါ့မလဲ၊ တစ်ကိုယ်လုံးလည်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေပါပြီကွာ၊ သူတို့က ငါသေတော့ ကောင်းကောင်းမမြှုပ်ပေးကြတော့ တောခွေးတွေ အစားခံရတာပေါ့၊ ဒီမှာကြည့်ပါလား"

ပြောပြောဆိုဆိုနှင့် ဖုံးထားသော အဝတ်ကို ဖယ်ပြလိုက်ရာ ဝမ်းဗိုက်သားများ မရှိတော့သဖြင့် အူများ အခွေလိုက် ထွက်ကျနေသည်ကို တွေ့ရတော့မှ သရဲခြောက်နေမှန်း သိရလေတော့သည်။

"အောင်မယ်လေးဗျ၊ သရဲခြောက်နေတာပဲ"

ပြောဆိုအော်ဟစ်ရင်းနှင့် ဥမင်လမ်းအတွင်းမှ ထွက်ပြေးရတော့သည်။ သရဲကလည်း ဂေါ်လီလှည်းကိုတွန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်မှလိုက်လာရာ ဘီးလိမ့်လာသော အသံများကိုပင် အတိုင်းသား ကြားနေရသည်။

အပြင်ဘက်ရောက်တော့မှ နောက်မှလိုက်လာသော အသံများ ငြိမ်သွားလေသည်။

ထိုကဲ့သို့သော ခြောက်လှန့်မှုများက သတ္တုတွင်း၌ မကြာခဏ တွေ့နေရသည်။ အချို့လည်း အကြောက်လွန်ကာ သေကြသည်မျိုးပင် ရှိလာကြသည်။

ထို့ပြင် ကပ်ရောဂါကျရောက်သကဲ့သို့ဖြစ်ကာ လူအသေအပျောက်များကလည်း တစ်နေ့တခြား ပိုမိုများပြားလာလေသည်။

ထိုအခါ သတ္တုတွင်းမှာ တာဝန်ယူ လုပ်ကိုင်နေကြသူများစုဝေးကာ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ကြရလေတော့သည်။

"အခု ငါတို့သတ္တုတွင်းမှာ လူ အသေအပျောက် အတော်များလာတယ်၊ ဘယ်လိုဖြစ်နေတာလဲ"

မစ္စတာပက်ထရစ်က စတင်မေးသည်။

ထိုအခါ လက်ထောက်များက အခြေအနေတို့ကို ပြောဆိုတင်ပြကြရလေသည်။

"တခြားတော့မဟုတ်ပါဘူး၊ အလုပ်သမားတွေမှာ အဆိပ်သင့်တဲ့ ရောဂါမျိုးတွေ ဖြစ်နေပုံရပါတယ်၊ ဒါကြောင့် သေကြတာပါ"

ရာဂျစ်ကပူးက ပြောပြသည်။





"ဘယ်လိုအဆိပ်သင့်တာလဲ"

"ကူးစက်ရောဂါဖြစ်တာမျိုး ဒါမှမဟုတ် ကပ်ရောဂါတစ်မျိုးမျိုး ဖြစ်နေကြတာမျိုးပါ မစ္စတာ"

"ဆေးဝါးတွေနဲ့ ကုသလို့ မရနိုင်ဘူးလား"

"အခုတလော အိန္ဒိယကနေ လိုအပ်တဲ့ ဆေးဝါးတွေ မရောက်လာပါဘူး၊ ဒါကြောင့် ဒီစခန်းမှာ ဆေးဝါးအခက်အခဲတွေ ရှိနေပါတယ်"

လက်ထောက်တာဝန်ခံ နှစ်ဦးမှာ ဗမာလူမျိုးဖြစ်သည်။ တစ်ယောက်က ဦးမင်းဒင်ဖြစ်ပြီး ကျန်တစ်ယောက်က ထွန်းအောင်ကျော်ဆိုသူဖြစ်သည်။

ဦးမင်းဒင်က အသက်(၅၀)ကျော် အရွယ်ခန့်ရှိနေပြီး ထွန်းအောင်ကျော်ကတော့ အသက်(၃၀)ကျော် အရွယ်ခန့်သာ ရှိသေးသည်။

"ဒီပုံအတိုင်း ဆက်ပြီး အသေအပျောက် များနေရင်တော့ ငါတို့စခန်းမှာ အလုပ်သမားတွေ တဖြည်းဖြည်းနဲ့တော့ လျော့နည်းသွားနိုင်တယ်၊ တစ်နည်းနည်းနဲ့တော့ ကြံစည်မှ ဖြစ်တော့မယ်"

ထိုစကားကြောင့် အားလုံး ငြိမ်သက်ကာ တွေးတောနေကြလေသည်။ အတန်ကြာတော့ ဦးမင်းဒင်က ပြောသည်။

"အခု သတင်းတစ်ခုတော့ ကြားရပါတယ်၊ ကျွန်တော် ကျမ်းမာရေးအဖွဲ့ကနေ ဗမာပြည်မှာရှိတဲ့ ကျမ်းမာရေးအဖွဲ့နဲ့ပေါင်းပြီး ဒီဒေသဘက်ကို ဆရာဝန်တစ်ဖွဲ့ စေလွှတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ကြားရပါတယ်"

ထိုစကား ကြားသောအခါ မစ္စတာပက်ထရစ်မှာ မျက်မှောင်ကျုံ့လျက် စဉ်းစားနေလေသည်။

"သူတို့က ဒီစခန်းကို လာကြမှာလား"

"ရောဂါဇစ်မြစ်က ဒီစခန်းက ဖြစ်နေတာဆိုတော့ ဒီကိုရောက်လာကြမယ် ထင်ပါတယ်"

"ကျုပ်ကတော့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကျုပ်တို့စခန်းထဲကို ဝင်ခွင့်မပေးနိုင်ဘူး၊ နောက်တစ်ချက်က အခု လူတွေဖြစ်နေတဲ့ ရောဂါဇစ်မြစ်ကို သူတို့သိသွားလို့ မဖြစ်ဘူး"

ဟု အရေးကြီးသော လေသံမျိုးဖြင့် ပြောလိုက်လေသည်။

အနားမှာရှိနေသော လက်ထောက်သုံးယောက်တို့ကလည်း တာဝန်ခံပြောသော စကားအဓိပ္ပါယ်ကို ကောင်းစွာနားလည်သဘောပေါက်ကြလေသည်။

ထို့နောက်မှာတော့ လေးယောက်သား တိုင်ပင်စရာစကားများကို လျှို့ဝှက်စွာဖြင့် တိုင်ပင်ဆွေးနွေးကြသည်။

တကယ်လို့ သူတို့အဖွဲ့ရောက်လာရင်လည်း လုပ်ငန်းလုပ်တဲ့ နေရာတွေကို ဘယ်လိုနည်းနဲ့မှ ဝင်ခွင့်မပေးပါနဲ့၊ နောက်တစ်ချက်က ရောဂါဖြစ်နေတဲ့လူတွေကို မြေအောက်လိုဏ်ခေါင်းတစ်ခုတည်းမှာ သီးခြားထားပါ"

"ကောင်းပါပြီ"

"နောက်တစ်ချက်က သူတို့ စစ်ဆေးတဲ့အခါမှ သာ





န်ရောဂါဖြစ်နေတဲ့ လူတွေလောက်ကိုပဲ တွေ့ခွင့်ပေးလိုက်ပါ"

"စိတ်ချပါ"

"အရေးကြီးတာက ကျုပ်တို့ အလုပ်လုပ်နေတဲ့ နယ်မြေအတွင်းမှာ သူတို့အဖွဲ့တွေကို ခြေမရှုပ်ပါစေနဲ့၊ ကျုပ်တို့ ခွင့်ပြုချက်မရပဲ ဟိုနေရာဝင်ကြည့်၊ ဒီနေရာဝင်ပြီး စစ်ဆေးအမျိုး လက်မခံပါနဲ့"

"ကောင်းပါပြီ၊ ကျွန်တော်တို့ အထူးဂရုစိုက်ပြီး စောင့်ကြည့်ပေးပါ့မယ်"

"တကယ်လို့ ဆရာဝန်အဖွဲ့ပဲဖြစ်ဖြစ်၊ တခြားလူတွေပဲဖြစ်ဖြစ် ကျုပ်တို့ ခွင့်ပြုချက်မပေးပဲ ကျူးကျော်ဝင်ရောက်လာရင်တော့ ထုံးစံအတိုင်းသာ လုပ်လိုက်ပါ"

ဟု ပြောဆိုမှာကြားပြီး မစ္စတာပက်ထရစ်က နေရာမှ ထသွားလေတော့သည်။ အခန်းတွင်းမှာတော့ လက်ထောက်သုံးယောက်သာ ကျန်ခဲ့ကြပြီး မည်သို့မည်ပုံ ဆက်လက်ဆောက်ရွက်ရမည်ကို အချင်းချင်း တာဝန်ခွဲဝေကာ တိုင်ပင်ထားကြလေသည်။

တစ်နေ့သ၌ နမ္မတူသို့ သတ္တုများ သွားရောက်ပို့ပေးသော မီးရထားဖြင့် လူတစ်စု ပါလာလေသည်။

မီးရထားမှာ လွင်ပြင်ဘူတာဖြစ်သော ကျားစခန်းမှ သတ္တုရိုင်းများ တင်ဆောင်ပို့ပေးသော မီးရထား ဖြစ်လေသည်။ ထိုရထားသည် ကျားစခန်းရောက်သောအခါ ရပ်



www.burmeseclassic.com

www.burmeseclassic.com



သွားသဖြင့် ခရီးသည်တို့မှာ ထိုနေရာမှာပင် ဆင်းကြရသေး သည်။

ထိုအဖွဲ့မှာ ကမ္ဘာ့ကျမ်းမာရေးအဖွဲ့မှ ဗမာနိုင်ငံ ကျမ်းမာရေးအဖွဲ့နှင့် ပူးပေါင်းပြီး စေလွှတ်လိုက်သည့် နယ် လှည့်ဆေးကုသပေးသော ဆရာဝန်အဖွဲ့ပင် ဖြစ်၏။

ထိုအဖွဲ့ကို ဦးဆောင်လာသူမှာ ဆရာဝန်ကြီး ဦးမင်း ဟန်ပင် ဖြစ်လေသည်။ ၎င်းနှင့်အတူ ပါလာသူတို့မှာ ဒေါက် တာမြနန္ဒာ၊ ဒေါက်တာချန္ဒရာနှင့် သူနာပြု နော်ဆေးဖောတို့ ဖြစ်ကြသည်။ ၎င်းတို့နှင့်အတူ ခရီးလမ်းပြတစ်ယောက်လည်း ပါလာရာ ၎င်းအမည်မှာ စိုင်းကျော်ဖြစ်သည်။

လက်ထောက်ဆရာဝန်အဖြစ် လိုက်ပါလာသူ ဒေါက်တာမြနန္ဒာမှာ အသက်(၂၈)နှစ်အရွယ်ခန့်သာ ရှိသေး ပြီး ချောမောလှပသူတစ်ဦးဖြစ်သည်။

ရှမ်းသွေးပါသော မြနန္ဒာမှာ စွန့်စားလိုစိတ်ရှိသော အမျိုးသမီးတစ်ဦးပင်ဖြစ်ရာ ယခုကဲ့သို့ ပြည်မနှင့် ဝေးလံလှ သောနေရာသို့ စွန့်စွန့်စားစား လိုက်လာခြင်း ဖြစ်ပေသည်။ သူမနှင့် အဖော်လိုက်လာသော နော်ဆေးဖောမှာ ကရင် တိုင်းရင်းသူတစ်ဦးဖြစ်ပြီး ယုံကြည်အားကိုးရသူ တစ်ဦးလည်း ဖြစ်သည်။

ဒေါက်တာချန္ဒရာကတော့ အိန္ဒိယလူမျိုးဖြစ်ပြီး ပြော ဆိုဆက်ဆံမှု ယဉ်ကျေးသိမ်မွေ့သူတစ်ဦးဖြစ်သည်။

သတ္တုတွင်း၌ အလုပ်လုပ်နေကြသူတို့မှာ ကုလား





လူမျိုး များသောကြောင့် ၎င်းတို့ ဘာသာစကားကို နားလည် သူ ဒေါက်တာချန္ဒရာအား ထည့်ပေးလိုက်ခြင်း ဖြစ်ပေသည်။

၎င်းတို့သည် လွင်ပြင်ဘူတာရောက်တော့ ခရီးတစ် ထောက် နားကြရသည်။

လွင်ပြင်ဘူတာ ဆိုသည့်အတိုင်း ကွင်းထဲတွင် တည် ဆောက်ထားခြင်းဖြစ်ကာ ရထားတွဲများမှလွဲပြီး အခြားဘာမှ မရှိသော နေရာတစ်နေရာဖြစ်သည်။

ကျားစခန်းဘူတာရောက်တော့ တာဝန်ခံနှင့်တွေ့ပြီး ဆေးမြန်းစုံစမ်း ကြည့်ရသည်။ တာဝန်ခံမှာ ကုလားလူမျိုးတစ် ဦး ဖြစ်သည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဒီနေရာကို ဘာအ တွက် ရောက်လာကတာလဲ"

"ကျုပ်တို့က နယ်လှည့်ဆရာဝန်အဖွဲ့ ဖြစ်ပါတယ်၊ သတ္တုတူးဖော်နေတဲ့ စခန်းကို သွားဖို့ပါပဲ"

ဦးမင်းဟန်က ပြန်ပြောလိုက်သည်။

"ဘာအတွက် သွားမှာလဲ"

"အဲဒီစခန်းမှာ လူတွေ ကပ်ရောဂါလို ရောဂါမျိုးတွေ ဖြစ်ပြီး သေကြတယ် သတင်းကြားလို့ ဆေးကုပေးဖို့ လာကြ တာပါ"

ဘူတာတာဝန်ခံက ဆေးပြင်းလိပ်ကို ဖွာရင်းနှင့် သူတို့ကို ကြည့်နေလေသည်။ သူ့အမူအယာမှာ ဆေးကုဖို့ လာသော ဆရာဝန်တစ်ယောက်ကို ကြည့်သည်မျိုးနှင့် မတူပဲ



www.burmeseclassic.com

www.burmeseclassic.com



မလိုလားသော ဒေါ်သည်ရောက်လာသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် ကြည့်ရှုသော အကြည့်မျိုး ဖြစ်ပေသည်။

"အဲဒီမှာ ရောဂါတွေ ဖြစ်နေတယ်ဆိုတာ ဟုတ်သလား"

သူက ခေါင်းခါပြသည်။

"မဟုတ်ပါဘူး၊ ခင်ဗျားတို့ သတင်းကြားတာ နေရာမှားလာကြတာ ဖြစ်ပါလိမ့်မယ်၊ သတ္တုတွင်းမှာတော့ ဘာမှဖြစ်တယ်လို့ ပြောသံမကြားမိပါဘူး"

ဆရာဝန်ကြီး ဦးမင်းဟန်ကတော့ ဘူတာရုံတာဝန်ခံမှာ တစ်စုံတစ်ခုကို ဖုံးကွယ်ပြီး ပြောနေသည်ဟု ထင်မိသဖြင့် ဆက်မမေးတော့ပေ။

"ကျုပ်တို့ သတ္တုတွင်းကို သွားချင်တယ်၊ ဘယ်လိုသွားရမလဲ"

"ဒီကနေ့တော့ သွားလို့မရတော့ဘူး၊ မနက်ကျရင် သတ္တုရိုင်းတွေလာပို့တဲ့ ဓာတ်ရထားတွေ လာလိမ့်မယ်၊ အပြန်မှာ ဓါတ်ရထားတွေနဲ့ လိုက်သွားရင် ရတယ်"

ဟု ပြောသည်။

သို့ကြောင့် ထိုညအဖို့တော့ ဘူတာရုံကလေးအတွင်းမှာပင် ဆင်းရဲဒုက္ခခံပြီး တစ်ညနေကြရသည်။





# အခန်း (၄)

# သေမည့်သူထံမှ သဲလွန်စ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ သတ္တုတွင်းမှ သတ္တုရိုင်းများ လာပို့ကြသည့် ဓါတ်ရထားများ အပြန်တွင် လိုက်သွားကြရာ နမ္မတူ သတ္တုတူးဖော်ရေးစခန်းသို့ ရောက်ကြလေသည်။ နမ္မတူဘော်တွင်းဟုသာ တွင်လျက်ခေါ်သော်လည်း နမ္မတူမြို့နှင့်ဘော်တွင်း (သတ္တုတူးဖော်သောနေရာ)မှာ (၁၂)မိုင်ခန့် ကွာဝေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သတ္တုတွင်းသို့ ရောက်သောအခါ မစ္စတာ ပက်ထရစ်တို့နှင့် တွေ့ရလေသည်။ ၎င်းတို့က ဦးမင်းဟန်တို့အဖွဲ့ကို ကောင်းမွန်စွာပင် လက်ခံတွေ့ဆုံလေသည်။

"ကျွန်တော်က ကုမ္ပဏီတာဝန်ခံ မစ္စတာပက်ထရစ် ဖြစ်ပါတယ်၊ ဘာများ အကူအညီပေးရမလဲ"

"ကျွန်တော်တို့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ပူးပေါင်းပြီး ဒီအရပ်ဒေသအတွက် ကျန်းမာရေးစစ်ဆေးဖို့ စေလွှတ်လိုက်တဲ့ ဆရာဝန်အဖွဲ့ ဖြစ်ပါတယ်"

"အခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

"ဒီကိုလာတာ တခြားတော့ မဟုတ်ပါဘူး၊ သတ္တုတွင်းမှာ အလုပ်လုပ်နေတဲ့ အလုပ်သမားတွေ ကပ်ရောဂါတွေဝင်ပြီး အသေအပျောက်များနေတဲ့ သတင်းကြားလို့ လာပြီးစစ်ဆေးတာပါ၊ ရောဂါဖြစ်နေတဲ့ သူတွေရှိရင်လည်း ကုသပေးပါ့မယ်"

"အခုလို တကူးတက လာရောက်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒီစခန်းမှာတော့ ဘယ်လိုကပ်ရောဂါမျိုးမှ မဖြစ်ပါဘူး၊ သတင်းကြားသလို လူတွေ အသေအပျောက်များတယ်ဆိုတာလည်း မဟုတ်ပါဘူး၊ အဲ တစ်ခုတော့ ရှိတာပေ့ါ၊ သာမန်ဌက်ဖျားရောဂါမျိုးဖြစ်ပြီး သေကြတာမျိုးလောက်ပဲ ရှိပါတယ်"

"ဒါဖြင့် လူနာတွေထားတဲ့နေရာကို တစ်ချက်လောက် စစ်ဆေးကြည့်ချင်ပါတယ်"





ဟုပြောတော့ လက်ထောက်တာဝန်ခံ ထွန်းအောင် ...ာ်ကပင် လူနာများထားသော အဆောင်သို့ လိုက်ပို့ပေး ...သည်။

လူနာများထားသောနေရာမှာ သာမန်အလုပ်သ ...များ ထားသည့်တန်းလျားများနှင့် တစ်ဆက်တည်း အဖြင် ...တ်တွင်ဖြစ်လေသည်။

သက်ကယ်များ၊ မိုးကာ ဝါးထရံများ ကာရံထား ...သာ သစ်ဝါးဖြင့် ဆောက်ထားသော တန်းလျားရှည်ကြီးများ ...ဖြစ်၏။

ထိုအဖွဲ့တွင် ပါလာသော ဒေါက်တာမြနန္ဒာမှာ ကပ် ...ဂါဆိုးများ ရှာဖွေကုသပေးသော ဆရာဝန်တစ်ဦးဖြစ် ...ည်။

ရောဂါရှာဖွေစစ်ဆေးရာမှာတော့ ဒေါက်တာမြနန္ဒ ...င် ဦးဆောင်ပြီး လုပ်ကိုင်လေသည်။

တန်းလျားများမှာ ဖြစ်သလို ဆောက်ထားသော ...ကြောင့် လေကွယ်မိုးကွယ် မရှိလှပေ။ ဝါးကြမ်းခင်းများ ခင်း ...းသောနေရာတွင် လူနာများကို ဒီအတိုင်းထားခြင်း ဖြစ် ...ည်။

အတွင်းမှာတော့ လူနာ(၁၅)ယောက်ခန့် ရှိနေကြ ...ည်။ အားလုံး ဆေးဝါးနှင့် အစာအဟာရ ချို့တဲ့မှုကြောင့် ...တ်တွင်းပေါက်ပက်ဖြစ်ကာ အရိုးပေါ်အရေတင်သော ...ခြေအနေမျိုး ရောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမြန္တာတို့မှာ ထိုမြင်ကွင်းကိုမြင်ရသော ခါ အတော်ပင် စိတ်မကောင်း ဖြစ်သွားကြသည်။

လူနှင့်ပင် မတူတော့ပဲ နာနာဘာဝနှင့် တူနေသော လူများက မျက်လုံးဟောက်ပက်နှင့် သနားစဖွယ် ကြည့်နေ သည်။

ဒေါက်တာမြန္တာက အနားမှာပါလာသော ထွန်း အောင်ကျော်ကို မေးလိုက်သည်။

"သူတို့ကို ဘယ်သူဆေးကုပေးသလဲ"

"ဒီစခန်းမှာ ကုလားဆရာဝန်တစ်ယောက်တော့ ရှိ တယ်၊ ဒီမှာ ရောဂါဖြစ်တဲ့သူတွေကို သူပဲဆေးကုပေးပါတယ် ဒါပေမယ့်. ."

ထွန်းအောင်ကျော်က စကားမဆက်ပဲ ရပ်တန့်သွား သဖြင့် မြန္တာက တစ်ချက်ကြည့်လိုက်သည်။

"ဆေးဝါးကတော့ မပြည့်စုံဘူး၊ လိုတဲ့ဆေးဝါး အိန္ဒိယက ပို့ပေးပါတယ်၊ ဒါပေမယ့် ပြည့်စုံအောင် လောက်အောင်တော့ မရပါဘူး"

ဆေးဝါးမရှိသောနေရာတွင် ရောဂါဖြစ်ရခြင်း သေတွင်းသို့ သက်ဆင်းရသကဲ့သို့ ရှိသည်ကိုတော့ သူ မပေါ်ပေ။

"ကောင်းပြီလေ. . ရှင်သွားစရာရှိတာသွားပါ။ လောက်ပြောပြပေးတာ ကျေးဇူးတင်ပါတယ်၊ ဒီလူနာတွေ တော့ ကျွန်မတို့မှာပါလာတဲ့ ဆေးဝါးတွေနဲ့ တတ်နိုင်သ





လောက် ကုပေးခဲ့ပါမယ်"

ဟုပြောသဖြင့် ထွန်းအောင်ကျော်လည်း ခေါင်းညိတ် ပြီးကာ ပြန်ထွက်သွားလေတော့သည်။

တကယ်တော့ လူနာများကို ဆေးကုပေးသော နေ ရာတွင် မေးလိုရာ မေးနိုင်ရန်အတွက် သူ့ကို ပြန်လွှတ်လိုက် ခြင်း ဖြစ်သည်။

ထိုအခြေအနေကို ထွန်းအောင်ကျော်ကလည်း သ ဘောပေါက်သဖြင့် မကျေမနပ်ဖြင့် ပြန်ထွက်သွားရခြင်း ဖြစ် လေသည်။

ဂုင်းထွက်သွားပြီးသည့်နောက်မှ မြန္တာတို့က ရောဂါ ဖြစ်နေသော လူနာများကို စမ်းသပ်စစ်ဆေးကြလေသည်။

လူနာများမှာ အဟာရချို့တဲ့နေပြီး ဆေးဝါးကုသမှု မခံကြရသောကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော်လည်း ကပ်ရောဂါဖြစ်ပွားသည့် လက္ခဏာမျိုးတော့ မတွေ့ရပေ။

သို့ကြောင့် မြန္တာတို့အဖွဲ့က ဂုင်းတို့မှာ ပါလာသော ဆေးဝါးများဖြင့် ကုသပေးကြလေသည်။

သူတို့အဖွဲ့တွင် ဆရာဝန်သုံးယောက်နှင့် သူနာပြု တစ်ယောက် ပါလာရာ အားလုံး ကျွမ်းကျင်စွာပင် ကုသပေး နိုင်ကြလေသည်။

ဆေးဝါးမရှိသဖြင့် ကုသခြင်း မခံကြရသော လူနာ တို့ကို သင့်တော်သည့် ဆေးဝါးတို့ဖြင့် ကုသပေးသောအခါ သက်သာရာ ရကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းရောက်တော့ သူတို့အဖွဲ့ကို မစ္စတာ ပက်ထရစ်က အစိုးရအရာရှိများ လာရောက်သည့်အခါ တည်းခိုရန် ပြုလုပ်ထားသော ဘန်ဂလိုတွင် တည်းခိုခွင့်ပေးသည်။ အစားအသောက်များလည်း စီစဉ်ပေးသည်။

ညအချိန်ရောက်တော့ မြနန္ဒာနှင့် ဦးမင်းဟန်တို့မှာ ဝရံတာသို့ထွက်ကာ အခြေအနေများကို သုံးသပ်ပြောဆိုကြလေသည်။

"ဒီမှာတော့ ကပ်ရောဂါဖြစ်နေတဲ့ လက္ခဏာမျိုး မတွေ့ရဘူး ဆရာကြီး၊ သူတို့ပြောသလို ကျွန်မတို့ သဟင်းကြားတာများ မှားယွင်းနေရော့သလား"

"ဒီလိုတော့ ဖြစ်နိုင်မယ် မထင်ပါဘူး၊ ကျမ်းမာရေးအဖွဲ့က ကျွန်တော်တို့ကို သေသေချာချာ သတင်းပေးလိုက်တာပဲ၊ ဒါကြောင့် ကပ်ရောဂါနဲ့ ပတ်သက်တဲ့ဆေးဝါးတွေ အပြည့်အစုံ ထည့်ပေးလိုက်တာပေါ့"

ဦးမင်းဟန်က ကော်ဖီကြမ်းတစ်ခွက်သောက်ရင်း ပြောသည်။

"ဒါဖြင့် ကျွန်မတို့ တစ်ခုခုတော့ လွဲနေတာ ဖြစ်မယ်ထင်တယ်"

"ကျွန်တော့်အထင် ပြောရရင်တော့ ကျွန်တော်တို့ လွဲတာတော့ ဖြစ်မယ်မထင်ဘူး၊ ကျွန်တော် အကဲခတ်မိသလောက်ပြောရရင် ဒီမှာရှိတဲ့လူတွေက ဒီအကြောင်းတွေကို သိပ်ပြီး ပြောချင်ပုံမရဘူး"





"ဘာကြောင့်ဖြစ်မလဲ"

"သူတို့မှာ တစ်ခုခု လျှို့ဝှက်ဖုံးကွယ်ထားတာမျိုး ရှိကောင်း ရှိနိုင်တယ်"

"ကျွန်မတို့က ဧစတနာ့ဝန်ထမ်းတွေပဲ ဆရာကြီးရယ်၊ သူတို့ကောင်းဖို့အတွက် ဒီနေရာတောင်ရောက်အောင် တကူးတက လာခဲ့ကြတာပဲ၊ ဘာများ ဖုံးကွယ်နေစရာ ရှိလို့လဲ"

"ဒါကတော့ သူတို့အကြောင်းပဲ ဖြစ်မှာပေါ့၊ ဒေါက်တာရယ် ဘာတတ်နိုင်ပါ့မလဲ"

ထိုသို့ပြောဆိုပြီး ညဉ့်နက်ချိန်ရောက်သောအခါ ခရီးပင်ပန်းလာကြသောကြောင့် အိပ်ယာဝင်ကြလေသည်။

ဒေါက်တာမြနန္ဒာကတော့ အတွေးများနေသောကြောင့် တော်တော်နှင့်အိပ်မပျော်နိုင်ပဲ ရှိနေပေသည်။

ညဉ့်နက်ပိုင်းရောက်လာတော့ သူတို့တည်းခိုနေသောနေရာနှင့် မနီးမဝေးနေရာများမှ တောခွေးအူသံများ ကြားရသည်။ တောခွေးများမှာ သုသာန်တွင် မြှုပ်ထားသော အလောင်းများကို တူးဖော်စားသောက်ကြရင်းမှ အူနေကြခြင်း ဖြစ်လေသည်။

အိပ်မပျော်နိုင်သေးသော မြနန္ဒာအဖို့တော့ ထိုအသံများ ကြားနေရသဖြင့် စိတ်ထဲမှာ အနှောက်အယှက် ဖြစ်နေတော့သည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ ထိုအသံများမှလွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



အခြားအသံများ မကြားရသလောက် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

တစ်ခါတစ်ရံတော့ လူနာဆောင်များရှိသောဘက်မှ ညည်းညူသံ အော်ဟစ်သံများ ကြားရသည်။

စိတ်မချမ်းသာစရာ အသံများပင်ဖြစ်သည်။

ညဉ့်နက်ပိုင်း အချိန်ကျော်သွားပြီး အသံဗလံများ ငြိမ်သက်သွားတော့မှ ထူးခြားသော အသံအချို့ကို စတင်ကြားရသည်။ အခြားမဟုတ်ပေ။

တစ်နေရာမှ အော်ဟစ်နေသော အသံများပင် ဖြစ်သည်။ နားစွင့်ကြည့်တော့ အော်ဟစ်ညည်းညူနေသံများပင် ဖြစ်၏။

ထိုအသံများကြားနေရသော နေရာဘက်မှာ လူနာဆောင်များရှိသော နေရာဘက်မှ မဟုတ်ပေ။

အခြားတစ်နေရာမှ ဖြစ်သည်။

ကြည့်လိုက်တော့လည်း အသံကြားရသော နေရာဘက်မှာ မြေပြန့်များသာရှိပြီး မည်သည့်အဆောက်အဦးမှ မတွေ့ရပေ။

မြနန္ဒာက စိတ်ထဲမှ မသက်သာသဖြင့် အိပ်နေရာမှထ ကာ ဝရံတာသို့ထွက်ပြီး နားစွင့်ကြည့်နေသည်။

ထိုနေရာရောက်တော့မှ ကြားနေရသော အသံများက ပိုပြီးသဲကွဲလာသည်။ သူ နားကြားလွဲတာ မဖြစ်နိုင်တော့ပေ။





တစ်နေရာမှ လူတစ်စု အော်ဟစ်ညည်းညူနေကြသော အသံများဖြစ်ကြောင်း အသေအချာ သိရလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းရောက်တော့ ညကကြားရသော အသံများအကြောင်းကို ဆရာဝန်ကြီး ဦးမင်းဟန်အား ပြန်ပြောပြလိုက်သည်။

"ဒါဟာ ကျွန်တော်တို့ မသိသေးတဲ့ ဒီနေရာရဲ့ လျှို့ဝှက်ချက်တစ်ခုပဲ ဖြစ်မှာပေါ့ ဒေါက်တာရယ်"

ဟု မှတ်ချက်ချလေသည်။

နေ့လည်ဘက်ရောက်တော့ လူနာဆောင်မှ ဆေးကုပေးထားသော လူနာများကို ထပ်မံကြည့်ရှုစစ်ဆေးကာ ဆေးကုပေးကြသည်။ ညနေပိုင်းရောက်တော့ ဘန်ဂလိုသို့ပြန်ပြီး နားကြလေသည်။

ထိုအချိန်မှာပင် ဘန်ဂလိုသို့ မစ္စတာပက်ထရစ် ရောက်လာလေသည်။

"ဒေါက်တာတို့ တကူးတက လာရောက်ကုသပေးတဲ့အတွက် လူနာတွေတော့ အတော်ကလေး အခြေအနေကောင်းလာတာ တွေ့ရတယ်၊ ဒီအတွက် ကျေးဇူးတင်ပါတယ်။ ဒါထက် ဒီမှာ ဘယ်လောက်ထပ်နေကြဦးမှာလဲ"

"ကျွန်တော်တို့က တခြားနေရာတွေလည်း လှည့်ပြီး စစ်ဆေးရဦးမှာဆိုတော့ နောက်တစ်နေ့ဆိုရင်တော့ ဒီက ခရီးဆက်ကြမှာပါ"

"ကောင်းပါတယ် . . ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် မစွတာကို မေးရဦးမယ်၊ ညက တစ်နေရာ က အော်သံတွေ ကြားမိသလိုပဲ ဘယ်နေရာက ဖြစ်မလဲ"

"လူနာဆောင်တွေဘက်ကပဲ ဖြစ်မှာပါ၊ ဒီနေရာမှာ တော့ ခင်ဗျားတို့ မြင်တဲ့အတိုင်းပါပဲ၊ လူနာဆောင်တွေအပြင် တခြားဘာမှ မရှိပါဘူး"

"ဒါထက် ဒီကနေ မသွားခင် သတ္တုတွင်းထဲကို ဆင်းကြည့်လို့ရမလား"

ထိုစကားကြောင့် ပက်ထရစ်မှာ မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားလေသည်။

"ကျွန်တော်တို့ရဲ့ သတ္တုတွင်း စည်းမျဉ်းဥပဒေအရ သတ္တုတွင်းထဲကို အလုပ်သမားတွေကလွဲပြီး မသက်ဆိုင်သူ တွေကို ဆင်းခွင့်မပေးပါဘူး၊ ဒီနေရာကလည်း ခင်ဗျားတို့ ကြည့်ရှုလေ့လာရမယ့် နေရာမျိုး မဟုတ်ပါဘူး"

"ကျွန်တော်တို့ကတော့ ကျန်းမာရေးနဲ့ ပတ်သက်ရင် ဘယ်နေရာမဆို ဝင်ရောက်ကြည့်ရှုခွင့် ရနိုင်တယ်လို့ ထင် တာပဲ"

"တခြားနေရာတွေတော့ ဟုတ်ချင်ဟုတ်မှာပါ၊ ဒီနေ ရာမှာတော့ မရပါဘူး၊ ဘာကြောင့်လည်းဆိုတော့ ခင်ဗျားတို့ အတွက် အန္တရာယ်များလို့ ပြောနေတာပါ၊ မြေအောက်ခန်း ထဲရောက်မှ လေအေးပေးစက်တွေရပ်သွားတာမျိုးတို့ ဓါတ် လှေခါး ပျက်သွားလို့ ပြန်မတက်နိုင်လို့ ပြန်မတက်တာတွေ အများကြီး ရှိပါတယ်"





ပက်ထရစ်လေသံမှာ ရှင်းပြနေသည့် လေသံမျိုးနှင့် မတူပဲ ခြိမ်းခြောက်ပြောဆိုနေသော အသံမျိုး ပါနေသည်ဟု ထင်မိလေသည်။

"စက်ကိရိယာတွေ အသုံးပြုပြီး အလုပ်လုပ်နေရတာ ဆိုတော့ လေအေးပေးစက်တွေ ဓါတ်လှေခါးတွေကိုတော့ တာဝန်ယူမပေးနိုင်တာ ဝမ်းနည်းပါတယ်ဗျာ"

"ကောင်းပြီလေ၊ ခင်ဗျားက ဒီမှာ တာဝန်ရှိသူ တစ်ဦး ပဲ ခင်ဗျားက မဆင်းစေချင်ရင်လည်း မဆင်းတော့ပါဘူး၊ ဒီက နေ့ည ဒီမှာအိပ်ကြပြီး နောက်တစ်နေ့ လူနာတွေကို သင့် တော်တဲ့ဆေးဝါးတွေ ပေးထားခဲ့ပြီးရင်တော့ ဒီနေရာကနေ ခရီးဆက်ကြမှာပါ"

ထိုစကားကြားတော့မှ ပက်ထရစ် မျက်နှာပေါ်မှာ အပြုံးရိပ်အချို့ တွေ့ရလေသည်။

"ဒါပဲ ကောင်းပါတယ်ဗျာ၊ ဆရာဝန်ဆိုတာ ဆေးကု တဲ့အလုပ်ပဲ လုပ်တာကောင်းပါတယ်၊ တခြား ကိုယ်နဲ့မသက် ဆိုင်တာတွေကို စိတ်ဝင်စားရင် အန္တရာယ်နဲ့ တွေ့ရတတ် တယ်"

ဟု သွယ်ဝိုက်သောနည်းဖြင့် သတိပေးစကားပြောပြီး ပြန်သွားလေသည်။

"သူ့အမူအယာကြည့်ရတာ သိပ်မကောင်းဘူး၊ တစ် ခုခုကို လျှို့ဝှက်ထားပုံလည်း ရတယ်၊ နောက်ပြီး ကျွန်တော်တို့ အဖွဲ့ကို ဒီနေရာက မြန်မြန်ပြန်ထွက်သွားစေချင်နေတဲ့ပုံမျိုး



www.burmeseclassic.com

www.burmeseclassic.com



# ၆

သူတို့အဖွဲ့တွင်ပါလာသော ဒေါက်တာချန္ဒရာက ဝင်ပြောလေသည်။

"သူ့မှာ အကြောင်းတစ်ခုခု ရှိတာလည်း ဖြစ်ချင်ဖြစ်မှာပါ။ ကျွန်တော်တို့က ဒီနေရာတွေမှာ ဖြစ်နေတဲ့ ကပ်ရောဂါတွေနဲ့ ကပ်ရောဂါဖြစ်ပွားတဲ့ အကြောင်းရင်းတွေကို တွေ့အောင်ရှာဖွေကြဖို့ပါပဲ"

ထိုသို့ပြောပြီး ညအချိန်ရောက်တော့ အိပ်ယာဝင်ကြလေသည်။

ဒေါက်တာမြနန္ဒာကတော့ မနေ့ညက ကြားခဲ့ရသော အသံများကို သတိရနေသောကြောင့် တော်တော်နှင့်အိပ်မပျော်ပဲ ရှိသဖြင့် ဝရံတာဘက် ထွက်ထိုင်နေလေသည်။

ညဦးပိုင်း အချိန်ရောက်တော့ ထုံးစံအတိုင်း တောင်ကုန်းများ သစ်တောများ ရှိသောနေရာဘက်မှ ခွေးအူသံများကြားလာရသည်။

အပြင်ဘက်မှာ လရောင်ရှိနေသော်လည်း မြူနှင်းများ ဝေ့ဆိုင်းနေသောကြောင့် ပတ်ဝန်းကျင်ကို ဝေဝေဝါးဝါးလောက်သာ လှမ်းမြင်နိုင်လေသည်။

ထိုအခိုက်မှာပင် လူနာဆောင်များရှိသော နေရာဘက်မှမဟုတ်ပဲ အခြားနေရာ တစ်နေရာမှ ညည်းညူသံအော်ဟစ်သံများ ကြားလာရသည်။

နေက်မှ သတိထားမိသည်မှာ ထိုအသံများမှာ စက်





...တ်မှ ဆူဆူညံညံအသံများ တဖြည်းဖြည်း တိတ်ဆိတ်ငြိမ်...တ်သွားတော့မှသာ ကြားရခြင်း ဖြစ်လေသည်။

ဒေါက်တာမြနန္ဒာက အသံများကြားနေရသော ...တ်သို့ စိတ်ဝင်စားစွာဖြင့် လှမ်းမျှော်ကြည့်နေစဉ် မြူနှင်း...ကြားမှ လျှောက်လာသော လူတစ်ယောက်ကို လှမ်းမြင်...သည်။

သဲသဲကွဲကွဲ မဟုတ်သော်လည်း ဒေသခံဓာလုပ်သ...းတစ်ယောက် ဖြစ်မှန်းတော့ သိလေသည်။

၎င်းမှာ ပုံမှန်လျှောက်လာခြင်း မဟုတ်ပဲ ဒယိမ်း...ယိုင်ဖြင့် လျှောက်လာနေခြင်း ဖြစ်သည်။ အခြားတစ်နေရာ...မှ ထိုနေရာသို့ ရောက်သည်အထိ အတော်ပင် ကြိုးစားပြီး...လာခဲ့ရဟန်ရှိသည်။

မြနန္ဒာက စိတ်ဝင်စားသဖြင့် ကြည့်နေစဉ်မှာပင် ဘန်ဂ...နှင့် မနီးမဝေးရောက်တော့ ပုံလျက်သား လဲကျသွားသည်...ကို လှမ်းမြင်လိုက်ရသည်။

"ဟင်း . "

ပြန်ထလာလေမလားဟု ကြည့်နေသော်လည်း ပြန်...၍ထမလာတော့ပေ။

သို့ကြောင့် နော်ဖေးမောကိုခေါ်ကာ ဇောက်သို့...င်းလာလေသည်။ ထိုအခြေအနေကို မြင်တော့ ဆရာဝန်...ကြီး ဦးမင်းဟန်ကပါ လက်နှိပ်မီးနှင့် သေနတ်ကိုယူ၍ နောက်...လိုက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းတောထဲမှ လဲကျနေသူမှာ မလှုပ်နိုင်တော့ပေ
ထို့ကြောင့် လက်နှိပ်မီးဖြင့် ထိုးကာ မျက်နှာကို ကြည့်
လိုက်လေသည်။

"ဟင်. . ကပ်ရောဂါ ဖြစ်နေတာပါလား"

မြန်န္တာက အနားသို့သွားကာ လက်နှိပ်မီး အသေ
စားလေးနှင့် မျက်လုံးကို ဖြဲကြည့်လိုက်သည်။

မျက်လုံးတစ်ခုလုံး သွေးများဝိုင်းကာ တိမ်ဖုံးနေသ
သို့ဖြစ်နေပြီး မျက်လုံးတစ်ခုလုံး အဖြူအမည်းတို့ပင် မတွေ့
တော့ပေ။

"ဒါ အဆိပ်ကြောင့်ဖြစ်တဲ့ ကပ်ရောဂါမျိုးပဲ"

ထိုသို့ပြောပြီး အသက်မသေသေးသော ထိုလူ
မြူစုပေးရာ အတန်ကြာတော့ တအင်းအင်း တအဲအဲနှင့် သ
ရလာလေသည်။

"ခင်ဗျား ဘယ်သူလဲ ဘယ်ကလဲ"

"ကျွန်တော်က ဒီသတ္တုတွင်း အလုပ်သမားတ
ယောက်ပါ"

ဟု လေသံတိုးတိုးဖြင့် ပြောပြသည်။

"ဘယ်လိုဖြစ်နေတာလဲ"

"ကပ်ရောဂါ ဖြစ်နေတာ ကြာပါပြီ၊ မျက်စိတွေလည်း
မမြင်ရတော့ပါဘူး၊ ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ဆေးကုပေးတဲ့ ဆရာဝန်တွေပါ၊ ခင်ဗျားရောဂါ
လည်း ဆေးကုပေးပါ့မယ်"





"ကျွန်တော့်ရောဂါက ကျွမ်းနေပါပြီ၊ မျှော်လင့်ချက်
ရှိတော့ပါဘူး၊ ဒီစခန်းမှာ ကျွန်တော့်လို ရောဂါခံနေရတဲ့သူ
တွေ အများကြီးရှိတယ်"

"ဟင်. . . ဘယ်နေရာမှာလဲ"

"မြေအောက်မှာရှိတဲ့ ဥမင်လိုဏ်ခေါင်းတစ်ခုထဲမှာ
ထားတယ်၊ အပြင်လူတွေ သိမှာစိုးလို့ ဝှက်ထားတာပဲ"

"တယ်လည်း ရက်စက်ယုတ်မာတဲ့ လူတွေပါလား၊
လူတွေကို အစုလိုက် အပြုံလိုက် သတ်နေတာပဲ"

"ခင်ဗျားတို့ ဆရာဝန်တွေဆိုရင် ဒီနေရာမှာ ကြာကြာ
နေပါနဲ့ သူတို့ အန္တရာယ် ပေးကြလိမ့်မယ်၊ ဒီနေရာက အ
မြန်ဆုံး သွားကြပါ"

"ဘယ်နေရာကိုသွားရင် ဒီအကြောင်းတွေကို စုံစမ်း
လို့ သိရမလဲ"

"ဒီကနေ မြောက်ဘက်ကိုသွားရင် တောင်လုံးကျော်
ရွာကို ရောက်လိမ့်မယ်၊ အဲဒီရွာမှာ ဒီကနေ ထွက်ပြေးသွား
တဲ့ လူတွေရှိတယ်၊ သူတို့နဲ့တွေ့တဲ့အခါ အကြောင်းစုံ သိရပါ
လိမ့်မယ်၊ ကျွန်တော့်ကိုလည်း ဆေးကုမပေးပါနဲ့တော့၊
နောက်တစ်နေ့ မနက်လင်းတာနဲ့ ဒီကအမြန်ဆုံးထွက်ပြီး
တောင်လုံးကျော်ရွာကိုသာ ရောက်အောင်. . ."

စကားဆုံးအောင်ပင် မပြောနိုင်တော့ပဲ ဇက်လည်ကျ
သွားလေတော့သည်။

မြန်န္တာတို့လည်း အမျိုးမျိုးကြိုးစားကြည့်သေးသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မရတော့ပေ။

"စိတ်မကောင်းစရာပဲ၊ ဒီစခန်းမှာ ဒီလိုအဖြစ်ဆိုးနဲ့ ကြုံနေရတဲ့သူတွေ ဘယ်လောက်တောင် များနေသလဲ မသိ ဘူး"

ဦးမင်းဟန်က စိတ်မကောင်းသော လေသံဖြင့် ရွတ်လိုက်သည်။

"ဒါကြောင့် ဒီစခန်းကလူတွေက ဖုံးဖို့ကွယ်ဖို့ ကြိုးစား နေကြတာကိုး၊ ကျွန်မတို့ ကြားနေရတဲ့ အသံတွေကလည်း မြေအောက်ခန်းထဲမှာထားတဲ့ ရောဂါသည်တွေရဲ့ အသံတွေ ပဲ ဖြစ်ရမယ်"

"ဟုတ်တယ် ဒါတွေကိုတော့ အမြတ်ဆုံးပေါ်လာ အောင် ဖော်ထုတ်ရမယ်၊ ကြာလာရင် မသေသင့်တဲ့လူနာ တွေ ထပ်သေကြရလိမ့်မယ်"

"ဒီအကြောင်းတွေကို သက်ဆိုင်ရာ အစိုးရကို တင် ပြပြီး ဖြေရှင်းရရင် မကောင်းဘူးလား ဆရာကြီး"

"တင်ပြလည်း အကြောင်းထူးမှာတော့ မဟုတ်ပါဘူး ဗျာ၊ ဘာကြောင့်လည်းဆိုတော့ ဒီသတ္တုတွင်း လုပ်ငန်းက လည်း မျက်နှာဖြူတွေ လက်ဝါးကြီးအုပ်ပြီး နေတာပဲ၊ အုပ်ချုပ် တဲ့ လူတန်းစားကလည်း မျက်နှာဖြူတွေဆိုတော့ သူတို့လူမျိုး အချင်းချင်းရဲ့ အကျိုးစီးပွား ထိခိုက်မယ့် ကိစ္စမှန်သမျှ ဘယ် မျက်နှာဖြူ အစိုးရကမှ ဆောင်ရွက်ပေးချင်ကြမှာ မဟုတ်ပါ ဘူး"





ဆရာဝန်ကြီး ဦးမင်းဟန် တင်ပြသော အကြောင်းအ ချက်မှာ များစွာ ခိုင်လုံသောကြောင့် မြနန္ဒာမှာ ဘာမှ ထပ်မ ပြောသာတော့ပဲ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဒါပေမယ့် ကျွန်မတို့ ဒီအကြောင်းတွေကိုတော့ သိ အောင်ကြိုးစားသင့်တယ်"

"ဒေါက်တာရဲ့ စိတ်အားထက်သန်မှု တက်ကြွမှုကို တော့ ချီးကျူးပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ချည်းတော့ ဒီကိစ္စကို ဆောင်ရွက်ဖို့ မဖြစ်နိုင်ပါဘူး"

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ကျွန်တော်တို့အဖွဲ့ကို အကူအညီ ပေးနိုင်တဲ့သူ ဦး ဆောင်းဆောင်ရွက်ပေးနိုင်တဲ့သူမျိုး ထပ်ရှာရမယ်၊ ဒီတော့ သူ ပြောသွားတဲ့အတိုင်း မနက်လင်းတာနဲ့ တောင်လုံးကျော်ရွာ ဘက် ခရီးဆက်ကြရမယ်၊ ဟိုရွာရောက်တော့မှပဲ အခြေအနေ ကြည့်ပြီး ဆက်လုပ်ကြရင် ပိုကောင်းမယ်"


"ဆရာကြီးသဘောပါပဲ"

ထိုသို့ပြောပြီး ဘန်ဂလိုအတွင်းသို့ ပြန်ဝင်လာကြလေ သည်။ မြနန္ဒာတစ်ယောက်ကတော့ ထိုညတစ်ညလုံး ကောင်း စွာအိပ်မပျော်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

# မကျွတ်လွတ်သေးသော ဝိညာဉ်များ

ဒီနေရာမှာတော့ တောင်လုံးကျော်ရွာနှင့် ပတ်သက်သော အကြောင်းအရာအချို့ကို ရေးသားဖော်ပြပေးပါမည်၊

တောင်လုံးကျော်ရွာသည် နမ္မတူမြို့နယ် ပတ်ဝန်းကျင်၌ ရှိကြသည့် ရွာများထဲတွင် တစ်ရွာပါဝင်လေသည်၊

သတ္တုတွင်းနှင့် မဝေးလှသော ရွာများမှာ တောင်လုံးကျော်ရွာ၊ ဆန်ဂေါင်ရွာ၊ ကာသစ်မြိုင်ရွာ၊ ကျွန်းတောရွာနှင့်



www.burmeseclassic.com

www.burmeseclassic.com



လောင်းပန်းရွာတို့ ဖြစ်ကြသည်။

တောင်လုံးကျော်ရွာမှာ အိမ်ခြေမများလှသော် လည်း လူမျိုးပေါင်းစုံ နေထိုင်ကြသည်။ ထိုရွာတွင် နီမောင်တို့ မိသားစု နေထိုင်ကြသည်။

နီမောင်နှင့် နှင်းမေတို့ မောင်နှမနှစ်ယောက်အပြင် မိခင်ဖခင်တို့ ဖြစ်ကြသော ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့လည်း ရှိကြသည်။ ထို့ပြင် နီမောင်နှင့် ဦးလေးတော်သူ ကိုမောင်ရွှေ လည်း သူတို့နှင့်အတူတကွ လာရောက်နေထိုင်လေသည်။

ကိုမောင်ရွှေမှာ အသက်(၄၀)အရွယ်ခန့်ရှိပြီး မိန်း သေဆုံးခဲ့ပြီး သားသမီးလည်း မကျန်တော့သဖြင့် အစ်မဖြ သူ ဒေါ်ကျင်မေက ခေါ်ထားခဲ့ခြင်း ဖြစ်သည်။

၎င်းတို့မိသားစုမှာ တောင်ယာစိုက်ခင်းများ ရှိသည် အပြင် နီမောင်က တောသို့သွားပြီး တန်ဖိုးရသော ပစ္စည်းမျာ ရှာဖွေကာ ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြ လေသည်။

ကိုမောင်ရွှေကတော့ သူ့တို့နှင့်နေသော်လည်း မောင်တို့လုပ်ကိုင်သော အလုပ်များကို မလုပ်လိုပေ။

ရွာမှလူများနှင့်အတူ သတ္တုတူးဖော်သောနေရာ သွားရောက်အလုပ်လုပ်လေသည်။

ကိုမောင်ရွှေသာမကပဲ တောင်လုံးကျော်ရွာမှာ နေ ကြသည့် လူအတော်များများမှာ သတ္တုတွင်းသို့ သွားရောက် လုပ်ကိုင်ကြသည်။ သူတို့ရွာမှ လူများသာမကပဲ အခြားရွာမှ





လူအတော်များများလည်း သွားရောက် အလုပ်လုပ်ကြလေ သည်။

အဘယ်ကြောင့်ဆိုသော် ကျေးရွာများမှာ နေကြသူ တို့မှာ တစ်ဝမ်းတစ်ခါး ရှာဖွေစားသောက်ကြရသော်လည်း တစ်ရက်တစ်ခါ တစ်ပတ်တစ်ခါဆိုသလို ငွေရဖို့လမ်း မမြင် ရပေ။ စားဖို့သာရပြီး အပိုဝင်ငွေရဖို့ လမ်းမရှိပေ။

တစ်ခါတစ်ရံ တောတွင်းမှ ရောင်းချဖို့ ပစ္စည်းရထား ပါသော်လည်း ဝယ်သူမလာသဖြင့်သော်လည်းကောင်း သွား ရောက်ရောင်းချရန် အဆင်မပြေကြသည်ကတစ်ကြောင်း ကြောင့် ငွေမရကြပေ။

တစ်ပတ်တစ်ခါ မဆိုထားနှင့် တစ်လတစ်ခါမျှပင် ငွေမမြင်ရပဲ ရှိကြလေသည်။

ထို့ကြောင့် တစ်ပတ်တစ်ခါ တစ်လတစ်ခါဆိုသလို ငွေသားဖြင့် လုပ်အားခပေးသော သတ္တုတူးဖော်နေရာသို့ သွားရောက်လုပ်ကိုင်ကြခြင်း ဖြစ်ပေသည်။

နီမောင်ကတော့ ထိုအလုပ်ကို စိတ်မဝင်စားသဖြင့် သွားရောက်လုပ်ကိုင်ခြင်းမပြုပဲ လွတ်လွတ်လပ်လပ် ကိုယ့် အလုပ်ကိုသာ ကိုယ်လုပ်ကိုင်လေသည်။

ကိုမောင်ရွှေကတော့ ရွာမှလူများခေါ်သဖြင့် ၎င်းတို့ နှင့် လိုက်ပါသွားခြင်းဖြစ်သည်။

သတ္တုတွင်းသို့ သွားရောက်လုပ်ကိုင်နေသူတို့မှာ ထိုသို့ရောက်သွားပြီးလျှင် ပြန်ချင်တိုင်း ပြန်မရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ အပြင်ပြန်မထွက်ကြရတော့ပေ။

လုပ်အားခ ရထားသောငွေများကို စုဆောင်းပြီး လူကြုံကောင်းကောင်းရှိလျှင် ပို့ပေးကြရသည်။ အချို့ဆိုလျှင် သတ္တုတွင်းမှာ သေသည်ရှင်သည်ကိုပင် မသိကြရပဲ အဆက်အသွယ် ပြတ်တောက်သွားကြလေသည်။

သတ္တုတွင်းမှာ အလုပ်လုပ်ကြရသည်မှာ များစွာပင်ပန်းဆင်းရဲသော အလုပ်မျိုး ဖြစ်သည်။ နက်ရှိုင်းသော မြေအောက်လိုဏ်ခေါင်းများအတွင်း ဆင်းပြီး သတ္တုရိုင်းများ တူးဖော်ယူရသည်မှာ အသက်အန္တရာယ် များလှသည်။

ပင်ပန်းမှုကြောင့် ရောဂါအမျိုးမျိုးလည်း ဖြစ်ကြရသည်။ ငှက်ဖျားရောဂါ ကပ်ရောဂါများလည်း မကြာခဏဖြစ်လေ့ရှိသည်။

ထိုရောဂါဖြင့် သေကြရသူ အများအပြားလည်း ရှိကြသည်။ သို့ကြောင့် ရွာသို့ ပြန်မလာနိုင်ကြတော့ခြင်း ဖြစ်ပေသည်။ ကိုမောင်ရွှေလည်း ထိုအတိုင်းပင်ဖြစ်သည်။

ထွက်သွားပြီး လအနည်းငယ်ကြာတော့ လူကြုံဖြင့် ငွေအချို့ ပို့ပေးလိုက်သေးသည်။ နီမောင်၏မိခင် ဒေါ်ကျင်မေကတော့ မောင်ဖြစ်သူ ပို့ပေးခဲ့သော လုပ်အားခငွေများကို မစားရက် မသောက်ရက်ဖြင့် စုဆောင်းထားလေသည်။

"အမေ ဦးလေးက ထွက်သွားကတည်းက တစ်ခေါက်မှ ပြန်မလာနိုင်တော့ဘူး၊ ဘာဖြစ်လို့လည်း မသိဘူး"





နီမောင်ကမေးတော့ ဒေါ်ကျင်မေက စိတ်မကောင်းသော မျက်နှာမျိုးဖြင့် ခေါင်းခါပြသည်။

"မသိပါဘူး သားရယ်၊ သူ အလုပ်မအားလို့-မပြန်ဖြစ်တော့တာပဲ ဖြစ်မှာပါ"

နီမောင့်စိတ်ထဲမှာတော့ ထိုသို့မထင်ပေ။ အကြောင်းတစ်ခုခုကြောင့် ပြန်မရောက်လာခြင်း ဖြစ်မည်ဟု ယူဆမိသည်။

တစ်နေ့တော့ ရွာလူကြီး ဦးထန်ဖုန်းရှိန် နေအိမ်မှ မောင်းတီးခေါ်သဖြင့် တစ်အိမ်တစ်ယောက် သွားကြရလေသည်။ ထိုသို့လာကြသူများထဲတွင် မြသင်းကြူတို့ သားအမိလည်း အပါအဝင်ဖြစ်သည်။

နှစ်ယောက်စလုံး မျက်စိမျက်နှာတော့ မကောင်းကြပေ။ သူကြီးအိမ်သို့ ရွာသူရွာသားများ ရောက်လာတော့ ဦးထန်ဖုန်းရှိန် ခေါ်ရခြင်း အကြောင်းကို ပြောပြသည်။

"မင်းတို့ကိုခေါ် ရတာ တခြားအကြောင်း မဟုတ်ဘူး၊ ဒါတို့ရွာက သတ္တုတွင်းသွားပြီး အလုပ်လုပ်နေကြတဲ့ လူအတော်များများ ရွာကိုပြန်ရောက်မလာကြနိုင်ဘူး"

ထိုသို့ပြောသောအခါ ၎င်းတို့ မိသားစုများထဲမှ ဘယ်သူဘယ်ဝါ ပြန်မရောက်လာကြကြောင်း အသီးသီး ထပြောကြရာ မြသင်းကြူကလည်း ၎င်းဖခင် ဦးဘသာတစ်ယောက် ယခုထိ သတင်းမကြားရပဲ ပျောက်နေကြောင်း ထပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ မြသင်းကြူတို့သားအမိ မျက်စိမျက်နှာ မကောင်းကြသည့် အကြောင်းရင်းကို သိရလေတော့သည်။

အသံများ ငြိမ်သွားမှ ဦးထန်ဖုန်းရှိန်က ဆက်ပြော သည်။

"အဲဒီလိုဖြစ်နေတာ ဒီရွာမှာတင် ဖြစ်နေတာ မဟုတ် ဘူး၊ ဟိုဘက်ရွာတွေမှာလည်း ဖြစ်နေကြတယ်လို့ သတင်း ကြားရတယ်၊ ဆန်ဂေါင်၊ ကသစ်မြိုင်၊ ကျွန်းတော၊ လောင်းပန် စတဲ့ ရွာတွေကသွားပြီး အလုပ်လုပ်ကြတဲ့လူတွေ အတော် များများလည်း ပြန်မရောက်လာကြဘူး"

"အဲဒါ ဘယ်လိုဖြစ်တာလည်း သူကြီး"

"ငါသတင်းကြားတာတော့ သူတို့က အလုပ်သမား တွေ ရောက်သွားပြီးရင် ပြန်ထွက်ခွင့် မပေးတော့ဘူးလို့ ပြော တယ်"

"ဟင် ဒါဖြင့် အဲဒီမှာ တစ်သက်လုံး နေရတော့မှာ လား၊ ဒီလို မတရားလုပ်ထားတာတော့ မခံနိုင်ဘူး"

ဟု အချို့လည်း စိတ်လိုက်မာန်ပါ ထပြောကြသည်။

"သိပ်လည်း မလောကြနဲ့၊ နောက်တစ်ချက် ရှိသေး တယ်၊ အဲဒီမှာအလုပ်လုပ်ရင်း သေသွားရင် ရွာကိုအကြောင်း မကြားတော့ပဲ သူတို့ဖာသာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြတယ် လို့ ကြားတယ်"

ထိုစကားကြားတော့ 'ဟာ'ခနဲ 'ဟင်'ခနဲ ဖြစ်သွားကြ သည်။





"ဒါဖြင့် ပြန်မရောက်တဲ့ လူတွေက သေတဲ့အထဲများ ပါတုန်ကြသလား မသိပါဘူးဗျာ"

ဟု ရင်ထုမနာသံဖြင့် ရေရွတ်သူက ရေရွတ်ကြ သည်။

ဦးထန်ဖုန်းရှိန်က လက်ဖက်ရည်တစ်ခွက်သောက် ရင်း အသံများငြိမ်သွားအောင် စောင့်ပေးပြီးမှ စကားကို ဆက်ပြောလေသည်။

"ဒီတော့ ငါပြောချင်တာက ငါတို့ရွာတွေက နောက် ထပ် သတ္တုတွင်းသွားပြီး အလုပ်လုပ်ဖို့ စိတ်ကူးထားကြတဲ့ သူတွေရှိရင်တော့ စဉ်းစားကြဖို့ကောင်းတယ်၊ ငွေရတာထက် အန္တရာယ် မကင်းတဲ့အလုပ်မျိုး မလုပ်ကြရင် ပိုကောင်းမယ်"

ထိုစကားကြားတော့ ငြိမ်သွားကြသည်။

"ငါတို့တွေ ဒီအရပ်မှာ နေခဲ့ကြတာ ကြာခဲ့ပြီပဲ၊ ကိုယ့် ဒေသမှာရှိတဲ့အလုပ်တွေ လုပ်ရင်လည်း ထမင်းတစ်လုပ် တော့ ဝအောင်စားခဲ့ကြရတာပါပဲ၊ ဒါကြောင့် နောက်ထပ် သွားချင်တဲ့သူတွေရှိရင်တော့ မသွားဖို့တားရမှာပဲ"

အတော်များများကတော့ သတ္တုတွင်းသွားပြီး အ လုပ်မလုပ်ချင်ကြောင်း ပြောသည်။

အချို့ကလည်း သိချင်တာမေးသည်။

"ဒါထက် ဒီက အလုပ်သွားလုပ်တဲ့လူတွေ ပြန်မ ရောက်လာတာကို ဘယ်လိုစုံစမ်းရမလဲ သူကြီး"

"သတ္တုတွင်းသွားတာဆိုတော့ သတ္တုတွင်းကိုပဲ သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး စုံစမ်းကြည့်ကြပေါ့၊ ဒါထက် အရေးကြီးတာ ပြောစရာ ရှိသေးတယ်၊ အခု ရွာမှာ သရဲသဘက်တွေ ခြောက်လှန့်တာ အတော်များနေတယ်၊ ဘာကြောင့်လည်းတော့ ငါလည်းမသိဘူး"

"ရွာထဲကို မကောင်းဆိုးဝါးတွေ ဝင်နေလို့ ဖြစ်မှာပေါ့။ တောထုတ်ပစ်ရရင် မကောင်းဘူးလား"

"အေး ကောင်းသားပဲ၊ ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်ပြီးတော့မှ တောထုတ်တာ ပိုကောင်းမယ်"

ဟု ပြောဆိုတိုင်ပင်ပြီးနောက် ဦးထန်ဖုန်းရှိန်က ရွာသူရွာသားများကို ပြန်လွှတ်လိုက်လေသည်။

ထိုသို့ပြန်လာတော့ နီမောင်က မြသင်းကြူရှိရာသို့ သွားပြီး အကျိုးအကြောင်းမေးသည်။

"မြသင်းကြူ ကြားရတာ စိတ်မကောင်းပါဘူး၊ ဦးလေး အလုပ်သွားတယ်ဆိုတာတော့ ကြားလိုက်ပါတယ်၊ သတင်း မကြားတာ ဘယ်လောက်ကြာပြီလဲဟင်"

နီမောင်ကမေးတော့ မြသင်းကြူက မျက်ရည်စက လေးများကိုသုတ်ရင်း ပြန်ပြောသည်။

"သွားတာတော့ အတော်ကြာပြီ၊ ပထမတော့ လူကြုံ ရှိရင် ငွေလေးဘာလေး ပို့ပေးနေသေးတယ်၊ အခု ငွေလည်းမရောက်၊ သတင်းလည်း မကြားရတော့တာ အတော်လေး ကြာနေပြီ၊ အမေလည်း အဖေ့အတွက်နဲ့ အတော်ကလေး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရတယ်"





"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ဟာ လူကြုံမရှိလို့ ငွေမပို့တော့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ငါ့ဦးလေး တစ်ယောက်လည်း နင့်အဖေလိုပါပဲ"

"ဦးလေးကိုမောင်ရွှေကို ပြောတာလား"

"ဟုတ်တယ် သူလည်း သတ္တုတွင်းအလုပ်သွားလုပ်တာ အတော်ကြာသွားပြီ၊ ပထမတော့ နင့်အဖေလိုပဲ လူကြုံနဲ့ ငွေပို့ပေးသေးတယ်၊ အခုတော့ ငွေလည်း မရောက်တော့ဘူး၊ သတင်းလည်း မကြားတော့ဘူး"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲဟင်"

"ငါတော့ အလုပ်အားတဲ့တစ်နေ့ စောထီးနဲ့ ငမဲအောင်တို့ကိုခေါ်ပြီး သတ္တုတွင်းကိုသွားပြီး သတင်းစုံစမ်းကြည့်ဖို့ စိတ်ကူးထားတယ်"

"နင်တို့သွားရင် အဖေ့သတင်းပါ စုံစမ်းခဲ့ပေးပါ နီမောင်ရယ်"

ဟု အသံလေးကတုန်ကယင်ဖြင့် မှာကြားလေသည်။

"စိတ်ချပါ၊ ငါ စုံစမ်းခဲ့ပါ့မယ်၊ နောက်ပြီး နင်တို့က သားအမိနှစ်ယောက်တည်း နေကြရတာဆိုတော့ အကူအညီလိုရင် ငါ့ကိုပြောနော်၊ ငါလည်း အလုပ်အားရင် လာခဲ့ပါဦးမယ်"

"ကျေးဇူးတင်ပါတယ်၊ နီမောင်ရယ်"

ထိုသို့ပြောပြီး နှစ်ယောက်သား လမ်းခွဲလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညအချိန်ရောက်တော့ ရွာသူရွာသားများမှာ ထိတ်လန့်ကြောက်ရွံ့နေကြလေသည်။

မိမိတို့ဖာသာနေစဉ်က အမှုမဲ့အမှတ်မဲ့သာ နေကြသော်လည်း ယခု ရွာလူကြီးက ရွာထဲမှာ သရဲသဘက်များဝင်နေသည်ဟု ပြောလိုက်တော့မှ သတိပေးသကဲ့သို့ ဖြစ်ကာ ကြောက်ရွံ့ထိတ်လန့်နေကြခြင်း ဖြစ်ပေသည်။

၎င်းတို့ ကြောက်ရွံ့မည်ဆိုလျှင်လည်း ကြောက်ရွံ့စရာဖြစ်သည်။ ရွာထဲမှာ ယခင်ကနှင့် မတူတော့သည်တတော့ အမှန်ပင် ဖြစ်သည်။

ယခင်က ညဘက် အလုပ်သိမ်းသည်နှင့် တစ်အိမ်နှင့်တစ်အိမ် သွားလာလည်ပတ်ကာ သီချင်းဆိုသံ စကားပြောသံများ မပြတ်ကြားကြရသည်။ ညဉ့်နက်ပိုင်းအချိန် ရောက်သည်အထိ လူသွားလူလာ သိပ်ပြန်လှသည် မရှိပေ။

ယခု မဟုတ်တော့ပေ။

ညအချိန်ရောက်လာသည်နှင့် တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်ကာ အသွားအလာ မရှိသလောက် ဖြစ်သွားသည်။

လူသွားလူလာ မရှိတော့သဖြင့် စကားသံ သီချင်းသံများလည်း တိတ်ဆိတ်ငြိမ်သက် သွားလေသည်။

ယခင်က လသာသောရက်များတွင် အပြင်သို့ ထွက်ကစားလေ့ရှိသော ကလေးများအသံပင် မကြားရတော့ပေ

နေဝင်သည်နှင့် အားလုံး အိမ်ထဲရောက်သွားကြကာ





ရောင်လည်းမှိတ်၊ လူခြေလည်း တိတ်ဆိတ်နေတော့သည်။

နီမောင်တို့နေသော တောင်လုံးကျော်ရွာမှာ ယခင်နှင့် မတူတော့သည်ကတော့ အမှန်ပင်ဖြစ်၏။ သရဲသဘက် ခြောက်လှန့်မှု အတော်ပင် များလာလေသည်။

ညဉ့်နက်ပိုင်း ရောက်လာသည်နှင့် အိမ်ကြို့အိမ်ကြားလမ်းများပေါ်တွင် သွားလာနေသော သရဲတစ္ဆေတို့ကို တွေ့ကြတွေ့ကြရသည်။

လူတွေ့သည်နှင့် နောက်မှလိုက်လာပြီး တစ်စုံတစ်ခုအော်နေသကဲ့သို့ ရှိသည်။ အချို့နေရာများမှာလည်း အိမ်များပေါ်သို့ ခဲကျိုတို့ကို တဗုန်းဗုန်း လာရောက်ရိုက်ပုတ်နေသံများကြားရသည်။

လူကြီးများက မထောင်းတာသော်လည်း ကလေးများက ကြောက်လန့်ပြီး ငိုယိုကြသည်။ အချို့ တက်ကြသည်။ သတိမေ့လျော့နေသူများပင် ရှိကြလေသည်။

ထိုအခါ ဆရာကြီးဦးဖန်ကောင်းထံ ပြေးပြီး အကူအညီ တောင်းကြရလေသည်။

ဦးဖန်ကောင်းမှာ ထိုရွာမှာပင် နေထိုင်သော တိုင်းရင်းဆေးဆရာကြီးတစ်ဦး ဖြစ်လေသည်။

အချို့ကလေးများမှာ ဦးဖန်ကောင်း ကုသပေးသဖြင့် အသက်ချမ်းသာရသော်လည်း အချို့ကလေးများမှာ ဆေးမမီတော့သဖြင့် အသက်သေဆုံးရသည်မျိုးများ ရှိလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်ညတော့ နီမောင်တို့နေသော အိမ်ထရံကို တဗုန်းဗုန်းနှင့် လာရောက်ပုတ်သံကို ကြားရသဖြင့် အားလုံး လန့်နိုးလာကြလေသည်။

အပြင်ဘက်မှာတော့ ခွေးအူသံ၊ ခွေးဟောင်သံများမှ လွဲပြီး တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေပေသည်။

သို့ကြောင့် နံရံကို လာပုတ်နေသော အသံကြီးကို ကျယ်ကျယ်လောင်လောင်ပင် ကြားကြရသည်။

"ဗုန်း . . ဗုန်း . . ဗုန်း"

"ဘာသံကြီးလဲ"

"ဒီအချိန်မှတော့ ဘယ်သူမှ နံရံကို လာပုတ်နေမှာ မဟုတ်ဘူး၊ သရဲခြောက်တာပဲ ဖြစ်မှာပေါ့"

"ဘယ်လိုလုပ်မလဲ"

"ကျွန်တော် ထွက်ကြည့်မယ် အမေ"

"ဟဲ့ . . မသွားနဲ့ အန္တရာယ်နဲ့ တွေ့လိမ့်မယ်"

ဒေါ်ကျင်မေက နောက်မှ တိုးတိုးတိတ်တိတ် ပြော နေသော်လည်း နီမောင်ကတော့ အပြင်ဘက်ထွက်ကြည့် သည်။

အိမ်ခြေရင်းဘက် အမှောင်ရိပ်ထဲမှာ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို တွေ့ရလေသည်။

ပုံပန်းသဏ္ဍာန်မြင်ရုံနှင့် သာမန်လူတစ်ယောက် မဟုတ်မှန်း သိပေသည်။ တစ်ဆက်တည်း သူ့စိတ်ထဲတွင်





လေးဖြစ်သူ ကိုမောင်ရွှေသေပြီး လာရောက်ခြောက်လှန့် သည်ဟု ထင်နေမိသည်။

နီမောင်က သရဲတစ္ဆေကြောက်တတ်သူ မဟုတ်ပေ။ ထို့ကြောင့် မနီးမဝေးမှာ ရပ်တံ့ပြီး မေးလိုက်သည်။

"ဘယ်သူလဲ ဦးလေး ကိုမောင်ရွှေလား"

"ဟုတ်ပါတယ်"

ဟု ဗလုံးဗထွေး အသံမျိုးဖြင့် ပြန်ပြောလေသည်

"ဦးလေးက သေသွားပြီလား"

"ဟုတ်ပါတယ်"

"ကြားရတာ စိတ်မကောင်းပါဘူး၊ ကျွန်တော်တို့ ဘာ လုပ်ပေးရမလဲ"

"ငါ့အတွက် အမျှအတန်းဝေပေးပါ၊ စားစရာလည်း ပါ"

နီမောင်က ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ထဲပြန်ဝင်လာတော့ အိမ်ထဲမှာရှိနေသူ သုံးယောက်က သဖြင့် အခြေအနေကို ပြောပြလိုက်သည်။

အားလုံး စိတ်မကောင်း ဖြစ်ကြရပြီး ဒေါ်ကျင်မေက မောင်ဖြစ်သူအတွက် မျက်ရည်ကျနေလေသည်။

နီမောင်က မီးဖိုဆောင်အတွင်းဝင်ကာ စားကြွင်း န်အားလုံးကို ဇလုံအတွင်းသို့ထည့်ပြီး အပြင်သို့ ယူ ကာ မည်းမည်းသဏ္ဍာန်ကြီးနှင့် မနီးမဝေးမှာ ချပေး က်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . စား . . ဦးလေး၊ မနက်ဖြန်ရောက်တော့
ဘုန်းကြီးပင့်ပြီး ကုသိုလ်ကောင်းမှု လုပ်ပေးမယ်၊ ဦးလေ
အတွက်လည်း အမျှအတန်းဝေပေးမယ်"

ဟုပြောသော်လည်း ဘာမှပြန်မပြောတော့ပဲ နီမော
ချပေးသော ဇလုံထဲမှ အစားအသောက်တို့ကို စားသောက်
လေတော့သည်။ အတန်ကြာတော့ ပျောက်ကွယ်သွားသ
နီမောင်လည်း အိမ်ထဲပြန်ဝင်လာလေသည်။

နောက်တစ်နေ့ရောက်တော့ ရွာဦးကျောင်းမှ ဘုန်း
တော်ကြီးများပင့်ပြီး ဆွမ်းကပ်လှူခြင်း အခြားလှူဖွယ်ဝတ္ထု
လှူဒါန်းပြီး အမျှဝေပေးလေသည်။

ဒေါ်ကျင်မေကတော့ ကိုမောင်ရွှေ ပို့ပေးထားသော
ငွေများကိုပါ လှူဒါန်းလိုက်လေသည်။

ညနေပိုင်းရောက်တော့ ရွာလူကြီး ဦးဆန်ဖုန်းရှိန်
ဦးဆောင်ပြီး တောထုတ်ခြင်း ပြုလုပ်ကြလေသည်။

သူကြီးအိမ်တွင် ဘုန်းကြီးများပင့်၍ ပရိတ်တရ
တော်များ ရွတ်ဆိုပြီးနောက် တစ်ရွာလုံး သံပုံးများ ဝါးက
တက်များ တုံးမောင်းများ ဒန်အိုးဒန်ခွက်များကို တစ်ပြိုင်န
တည်း ထုရိုက်ကာ နေဝင်ရီတရော အချိန်တွင် တောထု
ခြင်း ပြုလုပ်ကြလေတော့သည်။





# အခန်း (၆)

# နီမောင်နှင့် သားရဲတွင်း

နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်တော့
ောင်က ဇင်းနှင့် တွဲဖော်တွဲဖက် နှစ်ဦးဖြစ်သည့် စောထီးနှင့်
အောင်တို့ နှစ်ယောက်ကိုပါ ခေါ်ယူပြီး သတ္တုတူးဖော်နေ
သည့် သတ္တုတွင်းရှိရာသို့ သွားကြလေသည်။

ဇင်းတို့သုံးယောက်တွင် ရေဘူးနှင့် စားနပ်ရိက္ခာ
ည့်ထားသော အထုပ်လည်း ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသုံးယောက်မှာ အသက်အရွယ်ချင်းကလည်း မတိမ်းမယိမ်းရှိကြပြီး စိတ်သဘောချင်းကလည်း အတော်တူကြသည်မို့ သွားအတူလာအတူ အလုပ်လုပ်လျှင်လည်း အတူတူပင် လုပ်ကြလေသည်။

သူတို့နေသော တောင်လုံးကျော်ရွာနှင့် သတ္တုတွင်း သောနေရာမှာ နေ့ဝက်ခရီးလောက်သွားမှ ရောက်ပေသည်

ထိုနယ်နိမိတ်သို့ ရောက်သောအခါ အစောင့်များ တွေ့ရလေသည်။ သေနတ်များလွယ်ကာ စောင့်နေကြ ဖြစ်သည်။ သတ္တုရိုင်းများ အတင်အချပြုလုပ်သော နေ တဝိုက်ကိုတော့ မြင့်မားသော ခြံစည်းရိုးများ ပတ်လည်ထ ထားပြီး အခြားနေရာများမှာတော့ ဒီအတိုင်းပင် ထား သည်။

မြင့်မားသော ခြံစည်းရိုးများ ကာရံထားခြင်း သတ္တုရိုင်းများ အပြင်ဘက်သို့ ခိုးထုတ်မှာထက် အတွင်း ရောက်ပြီးသော အလုပ်သမားများ ပြန်ထွက်ပြေးမည်စိုး ဖြင့် ထိုကဲ့သို့ ကာရံထားခြင်း ဖြစ်သည်။

အဝင်အထွက် ပြုလုပ်သော နေရာများမှာတော့ စောင့်များ ချထားလေသည်။ ခြံစည်းရိုးခတ်ထားသော မှာပင် အတော်ကျယ်ဝန်းလှသည်။

အတွင်းမှာတော့ အဆောက်အဦးများ ဘန်ဂလို နှင့် တန်းလျားများရှိနေကြသည်။ သတ္တုရိုင်း သယ်ယူ ဓာတ်ရထားအချို့ ရပ်ထားသည်ကိုလည်း လှမ်းမြင်ရသည်





အတွင်းဘက်မှာတော့ အပေါ်ပိုင်း အကျႌဗလာဖြင့် အလုပ်လုပ်နေကြသည့် အလုပ်သမားအချို့လည်းရှိနေကြသည်။ သို့သော် မီးခိုးမှိုင်းများ ကပ်နေသကဲ့သို့ မည်းတူးနေသဖြင့် မည်သူမည်ဝါ ဖြစ်သည်ကိုတော့ သိဖို့ရန် မလွယ်လှပေ။

နီမောင်တို့ သုံးယောက်က အစောင့်တစ်ယောက်ရှိနေသော ဂိတ်ပေါက်ဝသို့ ရောက်သွားကြတော့ အစောင့်က မေးသည်။

"ဘာလာလုပ်တာလည်း ဒီမှာအလုပ်လုပ်ဖို့ လာတာလား"

"မဟုတ်ပါဘူး၊ သတင်းစုံစမ်းဖို့ လာတာပါ"

ထိုသို့ပြောလိုက်သဖြင့် အစောင့်၏မျက်နှာက ယခင်ကထက်ပိုပြီး တင်းမာခက်ထန်သွားလေသည်။

"ဘာသတင်း စုံစမ်းမှာလဲ"

"ကျွန်တော့်ဦးလေးတစ်ယောက် ဒီစခန်းမှာ အလုပ်လုပ်နေတာ ကြာပါပြီ၊ သတင်းမကြား အဆက်အသွယ်မရတော့လို့ လာပြီးစုံစမ်းကြတာပါ"

"မင်း ဦးလေးနာမည်က ဘယ်သူလဲ"

"ကိုမောင်ရွှေလို့ ခေါ်ပါတယ်"

"ဒီမှာ အလုပ်လုပ်နေတဲ့ အလုပ်သမားတွေက အများကြီးရှိတယ်၊ မောင်ရွှေတွေလည်း အများကြီးပဲ ငါဘယ်လိုသိမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။

"ကျွန်တော်တို့ အတွင်းဝင်ကြည့်လို့ မရဘူးလား"

"ဒီနေရာက ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်း ထွက်လို့ရတဲ့ နေရာမဟုတ်ဘူး၊ တစ်ခုတော့ရှိတယ်၊ မင်းတို့သုံးယောက် ဒီမှာအလုပ်လုပ်မယ်ဆိုရင်တော့ အတွင်းကို ဝင်ရမယ်၊ ဝင်ပြီးရင်တော့ အပြင်ပြန်ထွက်လို့ မရတော့ဘူး"

ဟုပြောကာ ထိုနေရာမှ ပြန်လှည့်သွားလေသည်။

ထို့ကြောင့် နီမောင်တို့လည်း ဆက်မေး၍ မရတော့ ထိုနေရာမှ ပြန်ထွက်ခဲ့ကြရပေသည်။

သူတို့သုံးယောက်သည် စခန်းနှင့် အတော်ဝေးဝေး မှာရှိသော သစ်တောစက်သို့သွားကာ ထိုင်နားရန် ပြင်ကြသည်။ သို့သော် ထိုနေရာရောက်မှ နှာခေါင်းအတွင်းသို့ အပုပ်နံ့များ ဝင်လာသောကြောင့် ထိုနေရာသို့ လိုက် ကြည့်သောအခါမှာတော့ လူသေများမြှုပ်သော နေရာတစ် ဖြစ်နေသည်ကို တွေ့ရသည်။

တောခွေးများ တူးဖော်စားသောက်ထားသော ကြောင့် မြေပေါ်သို့ တစ်ဝက်တစ်ပျက်ပေါ်နေပြီး ရုပ်ပျက် ဆင်းပျက်ဖြစ်နေသော အလောင်းများက နေရာအနှံ့ ရှိနေကြသည်။ အနံ့အသက်များကလည်း မကောင်းလှပေ။

"ဒါ သတ္တုတွင်းက အလုပ်သမားတွေသေလို့ ဒီ နေရာမှာ လာမြှုပ်ထားတာ ဖြစ်မယ်"

"ရွာက သက်ဆိုင်တဲ့လူတွေကိုလည်း အကြောင်း





ကြားတော့ ဘယ်နှစ်ယောက်သေလို့ ဘယ်သူတွေ သေကြတယ်ဆိုတာ ဘယ်သိတော့မလဲ"

"ဒီအလောင်းတွေထဲမှာ ငါတို့ရွာကလူတွေ ဘယ်နှယောက်ပါတယ်ဆိုတာတောင် မသိနိုင်တော့ပါဘူးကွာ"

ထိုသို့ပြောဆိုပြီး အခြားနေရာသို့ ရွှေ့ကြသည်။

ထိုနေရာရောက်တော့လည်း တောင်ကုန်းများကြားမှာ ဖြစ်သလို မြှုပ်ထားသည့် အလောင်းများကို ထပ်မံတွေ့ကြရပြန်သည်။

"ဒီနေရာမှာလည်း မနည်းပါလား"

သုံးယောက်သား တစ်နေရာပြီးတစ်နေရာ ရွှေ့ရင်း တောင်ကုန်းပေါ် ရောက်တော့မှ လူသေအလောင်းများနှင့် လွတ်ကင်းသွားလေတော့သည်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ နီမောင်"

"အတွင်းဝင်ကြည့်ရရင် မကောင်းဘူးလား"

"ခြံစည်းရိုးတွေအပြင် အစောင့်တွေလည်းရှိတော့ ဝင်လို့ရပါ့မလား"

"ညအချိန်ရောက်တော့မှ သူတို့မရှိတဲ့ နေရာကနေ ရအောင်ဝင်ကြရင် ရမယ်ထင်တယ်"

"ဝင်တာတော့ ဟုတ်ပါပြီ၊ အတွင်းရောက်တော့ ဘာ လုပ်မလဲ"

"ငါတို့ရွာက ပျောက်သွားတဲ့ လူတွေကို လိုက်ရှာမှာ ပေါ့၊ သူတို့ မသေသေးရင်တော့ တစ်နေရာမှာ ရှိကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

နီမောင့်စကားကြောင့် စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က စဉ်းစားနေကြသည်။ အတန်ကြာတော့မှ...

"မင်းသဘောပဲလေ၊ မင်း ဝင်ချင်တယ်ဆိုတော့လည်း ဝင်ကြတာပေါ့၊ အတွင်းရောက်တော့မှ မီးစင်ကြည့်ပြီး ကကြ ရမှာပေါ့"

ဟု ငမဲအောင်က ပြောသည်။

"ဒါပေမယ့် ငါတို့ ဒီပုံအတိုင်းနဲ့တော့ ဝင်လို့မသင့်ဘူး ထင်တယ်"

"ဘယ်လိုဝင်ကြမလဲ"

"အလုပ်သမားတွေနဲ့တူအောင် ရုပ်ဖျက်ပြီးမှ ဝင်ကြရင် ပိုကောင်းမယ်"

စောထီးပြောသောစကားက သင့်လျော်သောကြောင့် ကျန်နှစ်ယောက်က လက်ခံကြသည်။

အချိန်က ညနေပိုင်းသို့ ရောက်လာပြီ ဖြစ်၏။ အချိန်စောသေးသော်လည်း တောင်တန်းများနောက်သို့ နေလုံးတရောက်သွားပြီ ဖြစ်သောကြောင့် အလင်းရောင် ပျောက်သွားလေသည်။ အပူရှိန်လျော့သွားသော အချိန်တွင် မြူနှင်းများကပါ ကျဆင်းလာလေသည်။

နီမောင်တို့သုံးယောက်က အလင်းရောင် မပျောက်သေးခင်မှာပင် အတော်အတန်မြင့်သော တောင်ကုန်းတစ်ခုပေါ်သို့တက်ကာ သစ်ပင်ကွယ် တစ်နေရာမှ သတ္တုတွင်းရှိရာ





သို့ လှမ်းကြည့်ကြသည်။

သတ္တုတူးဖော်ခွင့် ပေးထားသော နယ်နိမိတ်မှာ စတုရန်း (၁၀)မိုင်ပတ်လည် ဖြစ်သော်လည်း အဆောက်အဦးများကတော့ ပြင်ပနေရာ၌သာ ရှိသည်။

ပင်မအဆောက်အအုံအပြင် တန်းလျားများ ရိက္ခာထားသိုနေရာ ဘန်ဂလိုအချို့နှင့် သတ္တုရိုင်းသယ်ရာတွင် အသုံးပြုသော ဓာတ်ရထားအချို့ကိုပါ လှမ်းမြင်ရသည်။

"အတွင်းရောက်ရင် ငါတို့ အရင်ဆုံး သွားရမှာ ဟို တန်းလျားတွေရှိတဲ့နေရာပဲ၊ အဲဒီမှာ အလုပ်သမားတွေရှိတယ်"

ထိုသို့ပြောဆိုပြီး ပါလာသော အစားအသောက်တို့ကို ဝမ်းပြည့်အောင်စားသောက်ကာ အပေါ်မှဝတ်ထားသော အင်္ကျီများကိုချွတ်ပြီး ဆုပ်ဖြဲ၍ ညစ်ပေသွားအောင် မြေမှုန့်များနှင့် လူးလိုက်သည်။ အရောင်အဆင်းမပေါ်တော့မှ ပြန်ဝတ်လိုက်ကြသည်။ ထိုကဲ့သို့ပင် တစ်ကိုယ်လုံး မျက်နှာပါမကျန် မြေနီမှုန့်များဖြင့်လူးကာ ရုပ်ဖျက်လိုက်ကြသည်။

အိတ်ဖြင့် ထည့်ယူလာသော ဓားမြှောင်တို့ကိုတော့ ပေါင်မှာ ကြိုးဖြင့်ချည်ထားလိုက်သည်။

နီမောင်ထံတွင် ဓါတ်ခဲဖြင့် အသုံးပြု၍ရသော လက်နှိပ်မီးတစ်လက် ပါလာလေရာ ထိုပစ္စည်းကိုလည်း ဖုံးခြုံအောင် ထည့်ယူကြကာ အစောင့်များနှင့် ဝေးသော ခြံစည်းရိုးရှိရာသို့ ချဉ်းကပ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညအချိန်ရောက်တော့ ခြံစည်းရိုးအတွင်းမှ ခွေးဟောင်သံများ ကြားရသည်။

"အထဲမှာ ခွေးတွေ လွှတ်ထားပုံရတယ်၊ ဘယ်လိုလုပ်ကြမလဲ"

"လူအရိုးတွေ သုံးလေးချောင်းလောက်သာ ဆွဲယူခဲ့ပါ"

"ဘာလုပ်ဖို့လဲ ရွံစရာကြီးကွာ"

"ရွံပေးမယ့် ယူသာလာခဲ့၊ ဟိုရောက်တော့ အသုံးတည့်ပါလိမ့်မယ်"

နီမောင်ကပြောတော့ စောထီးနှင့် ငမဲအောင်တို့က လမ်းမှာတွေ့ရသော လူအရိုး သုံးလေးချောင်းစီ ကောက်ယူခဲ့ကြလေသည်။

သတ္တုတွင်းရှိသော နေရာတစ်ဝိုက်ကို သံဇကာများဖြင့် ခြံစည်းပတ်လည် ခတ်ထားပြီး လေးဘက်လေးတန်တွင် အစောင့်ဂိတ်များ ချထားသည်။

အခြားနေရာများမှာတော့ ညအချိန်ရောက်လာသည့်အခါ အလုပ်သမားများ ထွက်ပြေးလျှင် သိနိုင်ရန်အတွက် ခွေးကြီးများ လွှတ်ပေးထားသည်။ အင်းခွေးကြီးများက အနံ့ခံကာ နေရာအနှံ့ လျှောက်သွားနေကြလေသည်။

အစောင့်များကတော့ ထိုနေရာတွင် တစ်ခါတစ်ရံ အလုပ်သမားများ ထွက်ပြေးသည်ကလွဲပြီး အခြားအန္တရာယ်မရှိကြသဖြင့် ညအချိန် လူကြီးများ ကွယ်သွားသည်နှင့် ဘိန်း





ငိုက်နေကြလေတော့သည်။

နီမောင်တို့က ထိုအခြေနေများကို အလင်းရောင်ရှိနေစဉ်ကပင် ကြည့်ရှုလေ့လာထားကြလေသည်။

သုံးယောက်သား အစောင့်မရှိသော ခြံစည်းရိုးနားသို့ ကပ်သွားစဉ်အတွင်းမှ ခွေးဟောင်သံ ကြားရသည်။

ခွေးဟောင်သံကြားသည်နှင့် အစောင့်ရှိသော နေရာဘက်မှ အားကောင်းသော ဆလိုက်မီးရောင်တစ်ခုက ထိုနေရာဘက်သို့ ရောက်လာသဖြင့် သုံးယောက်သား တောင်ကုန်းရှိသော နေရာနောက်တွင် ပြားပြားဝပ်နေရသည်။

ခွေးဟောင်သံ ရပ်သွားတော့မှ မီးရောင်လည်း ပြန်ပိတ်သွားလေတော့သည်။ နောက်တစ်ကြိမ် ခြံစည်းရိုးနားကပ်တော့ ခွေးဟောင်သံက ပေါ်လာပြန်သည်။

ထိုအခါ ပါလာသော အရိုးတစ်ချောင်း နှစ်ချောင်းကို အတွင်းသို့ ပစ်ထည့်ပေးလိုက်တော့ ခွေးဟောင်သံ ရပ်တန့်သွားသည်။ မီးရောင်လည်း မလာတော့ပေ။

ထို့ကြောင့် ခြံစည်းရိုးနားသို့ ကပ်ကာ လူတစ်ကိုယ်ဝင်လာအောင် အပေါက်ဖောက်သည်။

ထိုသို့ဖောက်နေစဉ် နောက်တစ်နေရာမှ ခွေးဟောင်သံ ထပ်ကြားရသည်။ ကြားရသောနေရာသို့ အရိုးတစ်ချောင်းနှစ်ချောင်း ပစ်ပေးလိုက်တော့ အသံတိတ်သွားပြန်သည်။

ထို့ကြောင့် တစ်ယောက်တစ်လှည့်စီ ပြီးအောင်ဖောက်ဖောက်ကြရာ အတော်ကြာတော့ လူတစ်ယောက် ဝင်သာ



www.burmeseclassic.com

www.burmeseclassic.com



လောက်သော အပေါက်ရလေသည်။

ထိုအပေါက်မှ အခြေအနေကြည့်ပြီး အတွင်းဝင်ကြလေသည်။ ခွေးများကတော့ မနီးမဝေးမှာ ပစ်ချပေးထားသော အရိုးများကို လုကိုက်နေကြသဖြင့် သူတို့ကိုပင် လှည့်မကြည့်ကြတော့ပေ။

သို့ကြောင့် လက်ထဲမှာ ကျန်နေသေးသော လူအရိုးအချို့ကို အားဒလိုးပစ်ပေးလိုက်ပြီး ခွေးများလုနေကြစဉ် အလုပ်သမားများရှိသော တဲရှိရာသို့ ဖြတ်ပြေးသွားကြလေသည်။ သူတို့ တန်းဘေးရောက်သွားတော့ စောစောက သူတို့ရှိနေသောနေရာသို့ မီးဆလိုက်အရောင်များ ထိုးကျလာသည်။ လက်မတင်မှလေး လွတ်မြောက်သွားခြင်း ဖြစ်ပေတော့သည်။

သုံးယောက်သား တန်းဘေးရောက်တော့ အခြေအနေကို အကဲခတ်ပြီး အထဲသို့ဝင်သွားကြသည်။ တဲအတွင်းမှာ မီးပွင့်အချို့တော့ ထွန်းပေးထား သည်။ သို့သော် အားနည်းလှသောကြောင့် ခပ်မှိန်မှိန်လောက်သာ အလင်းရောင်ရှိသည်။

တန်းလျားအတွင်းမှာတော့ အလယ်တွင် လူသွားလမ်းရှိပြီး ဘေးတစ်ဖက်စီမှာ သုံးပေခန့်မြင့်သော သစ်သားစင်များ ပြုလုပ်ပေးထားသည်။

ထိုနေရာက အလုပ်သမားအတွက် ပြုလုပ်ပေးထားသော အိပ်စင်ပင်ဖြစ်သည်။ မြက်ဖျာများခင်းထားပြီး





-င်ကြမ်းဖြင့် ပြုလုပ်ထားသော ခေါင်းအုံးတစ်လုံးစီနှင့် -ောင်ကြမ်းတစ်ထည်စီ ပေးထားသည်။

အလုပ်သမားများမှာ တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ကြရသောကြောင့် တန်းလျားပြန်ရောက်သည်နှင့် -ောင်ခေါင်းမြီးခြုံကာ အိပ်သူက အိပ်နေကြပေပြီ။

နီမောင်တို့ဝင်သွားတော့ လူသစ်များ ရောက်လာသည်အထင်ဖြင့် ထကြည့်သူက ကြည့်သည်။

နီမောင်တို့ကတော့ ထိုလူများထဲတွင် မိမိတို့ ရွာမှ -ာ်လည်းကောင်း အခြားရွာများမှ အသိမိတ်ဆွေများ -ာ်လည်းကောင်း တွေ့ရလေမလားဟု လိုက်လံရှာဖွေနေ -ခြင်းဖြစ်သည်။ အစွန်ဘက်ရောက်တော့ လူတစ်ယောက် -ာ သူတို့ကို အသေအချာကြည့်ပြီး မေးသည်။

"မင်းတို့ တောင်လုံး[illegible]ကျော်ရွာက မဟုတ်လား"

"ဟုတ်တယ် ခင်ဗျားက ဘယ်သူလဲ"

"ငါက ကသစ်မြိုင်ရွာက 'ထွန်းခ'ပါ၊ မင်းတို့ ဒီမှာ အလုပ်လာလုပ်ကြတာလား"

ဟု မေးသဖြင့် ထိုနေရာသို့ ဝင်ထိုင်ကြသည်။

"ခင်ဗျား ဒီရောက်နေတာ ကြာပြီလား၊ ကျွန်တော်တို့ -း ဘယ်လိုသိတာလဲ"

"သိတာပေါ့ကွာ ရွာနီးချင်းတွေပဲ၊ ငါ ဒီရောက်နေ -ာ အတော်ကြာပြီ၊ ကျန်ခဲ့တဲ့ မိန်းမနဲ့ ကလေးတွေနဲ့ မတွေ့ -ာလည်း အတော်ကြာပြီ၊ ဒါထက် မင်းတို့က ဘာလာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြတာလဲ"

"ကျွန်တော်တို့က ဒီမှာအလုပ်လာလုပ်ကြတာ မဟုတ်ဘူး၊ ရွာကလူတွေ ဒီမှာ အလုပ်လာလုပ်ကြတာ၊ တစ်ကောင်မှ ပြန်မလာကြလို့ လာပြီးစုံစမ်းကြတာပါ"

နီမောင်က သူတို့ဝင်ရောက်လာခဲ့ပုံကို အတိုချုပ်ပြီး ပြောပြလိုက်သည်။ ထိုအခြေအနေကိုသိတော့ စောစောက အလုပ်သမားအချင်းချင်း ထင်သဖြင့် စိတ်မဝင်စားသူတို့ပါ စိတ်ဝင်စားလာပြီး ထလာပြီး နားထောင်ကြသည်။

"မင်းတို့ရွာက လူတွေကို တစ်လောကတောင် ဒီမှာ တစ်ယောက်နှစ်ယောက် တွေ့မိသေးတယ်၊ ဒါပေမယ့် ငါတွေ့တုန်းကတောင် သူတို့အခြေအနေ သိပ်မကောင်းကြဘူး"

ထွန်းခဆိုသူက လေသံတိုးတိုးဖြင့် ပြောပြသည်။

"ဘယ်လိုဖြစ်နေကြလို့လဲ"

ထွန်းခက နံဘေးမှာရှိနေသော သူများကို တစ်ချက်ကြည့်ပြီးမှ စိတ်မကောင်းသော လေသံမျိုးဖြင့် ပြောပြလေသည်။

"ဒီစခန်းမှာ လူအချို့ ကပ်ရောဂါတွေ ဖြစ်နေကြတယ်ကွ၊ သူတို့မှာလည်း ဆေးဝါးက လုံလောက်အောင် မရှိဘူး၊ မင်းတို့ရွာကလူတွေ ကပ်ရောဂါဖြစ်တဲ့အထဲ ပါသွားပြီနဲ့တူတယ်၊ မတွေ့တော့တာ ကြာပြီ"

"သူတို့ သေသွားတာလား"

"သေတော့ မသေဘူး ထင်တာပဲ၊ ကပ်ရောဂါဖြစ်နေ





သူတွေက ချက်ချင်းမသေကြဘူး၊ ရောဂါဖြစ်နေတဲ့ လူတွေကို တစ်နေရာမှာ ထားတယ်"

ဟု ပြောပြသည်။

နီမောင်က ထိုစကားကိုတော့ အတော်ပင် စိတ်ဝင်စားလေသည်။

"သူတို့ကို ဘယ်နေရာမှာ ထားသလဲ"

"မြေအောက်က လိုဏ်ခေါင်းတစ်ခုထဲမှာ ထားတယ်"

"ကျွန်တော်တို့ အဲသည်နေရာကို သွားကြည့်ချင်တယ်"

"ဝင်ဖို့တော့ သိပ်မလွယ်ဘူးကွ"

"နေရာသာ ပြောပြပါ၊ ကျွန်တော်တို့ ဖြစ်တဲ့နည်းနဲ့ ဝင်ပါမယ်၊ သူတို့နဲ့တွေ့မှ အကျိုးအကြောင်း သိရပြီး ဘယ်လိုလုပ်ရမလဲဆိုတာ သိရမှာပေါ့၊ ဒါလေးတော့ အကူအညီပေးပါဗျာ"

နီမောင်စကားကြားတော့ ထွန်းခဆိုသောသူက အတော်ကြာအောင် စဉ်းစားနေပြီးမှ ခေါင်းညိတ်ပြသည်။

ထို့နောက် ပြုလုပ်ရမည့် အစီအစဉ်များကို တိုးတိုးတိတ်တိတ် ပြောပြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

# ဆင်းရဲတွင်းမှ ဒုက္ခသည်များ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ အလုပ်သမားများကို လုပ်ငန်းနေရာများ ခွဲရန်အတွက် အပြင်ဘက်တစ်နေရာတွင် စုရုံးစေသည်။

ထိုအလုပ်သမားများကို ကြီးကြပ်ကွပ်ကဲနေသူက သံပချိုင်ဖြစ်သည်။ သံပချိုင်က မျက်နှာပေါ်မှာ ကြီးမားသော အမာရွတ်တစ်ချက်ရှိပြီး မျက်လုံးတစ်ဖက်လည်း သိပ်မကောင်းပေ။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများကို ခေါ်ယူခြင်းမှာ တစ်နေ့တာ အ လုပ်လုပ်ရန်အတွက် အလုပ်တာဝန်များ ခွဲဝေပေးရန်အတွက် ဖြစ်သည်။

မြေဝန်းထဲမှာ ထည့်ထားသော ကျွဲနွားများကို အလုပ် ခိုင်းရန်အတွက် စုဆောင်းထားခြင်းနှင့်ပင် တူလှပေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်တ တော့ ထွန်းခဆိုသူက ခေါ်သွားသဖြင့် ၎င်းတို့နှင့် လိုက်သွား ပြီး ရောယောင်ရပ်နေလေသည်။

သံပချိုင်က ပါးစပ်မှာ ဆေးပြင်းလိပ်တိုကို ခဲထားပြီး လက်ထဲမှာ စာရွက်တစ်ရွက် ကိုင်ထားလေသည်။

ထိုစာရွက်ပေါ်တွင် အလုပ်နေရာနှင့် တာဝန်ယူ လုပ် ကိုင်မည့် လူနာမည်များကို ရေးထားလေသည်။

"စိန်မှတ်ခေါင်းဆောင်တဲ့ အလုပ်သမားတွေက ပထမ ထပ်ကိုသွား၊ ကုလားကြီး ခေါင်းဆောင်တဲ့ အလုပ်သမားတွေ က ဒုတိယထပ်ကိုသွား"

သတ္တုတူးဖော်သော နေရာမှ အထပ်ပေါင်း'၁၁'ထပ် ရှိလေသည်။ မြေပေါ်(၅)ထပ်၊ မြေအောက်(၅)ထပ်နှင့် မြေညီ ထပ်တို့ ဖြစ်ကြသည်။

အပေါ်ထပ်များထက် မြေအောက်အထပ်များသို့ ဆင်းရသည့် အဖွဲ့များက ပိုပြီးပင်ပန်းသည်။ ဘေးအန္တရာယ် လည်း များပေသည်။

မြေအောက် လိုဏ်ခေါင်းများအတွင်း ဝင်ပြီး သတ္တု





ရိုင်းများ တူးဖော်ယူရသော အလုပ်ဖြစ်သည်။

အပေါ်ထပ်များမှာ နေသူများက ရလာသော သတ္တု ရိုင်းများကို လိုသောနေရာများသို့ သယ်ယူပို့ဆောင်ပေးရ သောကြောင့် မြေအောက်ဆင်းရသူလောက်တော့ မပင်ပန်း လှပေ။

သို့ကြောင့် အချို့လည်လည်ပတ်ပတ်ရှိသော အလုပ် သမားအချို့က သံပချိုင်နှင့် သင့်မြတ်အောင် ပေါင်းသင်း ထားကြသည်။

ငွေတန်ငွေ၊ ဆေးလိပ်တန်ဆေးလိပ်ပေးပြီး ပေါင်း သင်းထားကြရာ ထိုသူတို့မှာ မြေအောက်သို့ မဆင်းရပဲ အ ပေါ်မှာသာ အလုပ်လုပ်ခွင့်ရကြလေသည်။

ထောင်တွင်းမှာသော်လည်းကောင်း အချုပ်ခန်းများ အတွင်း၌သော်လည်းကောင်း၊ လူအများစု အလုပ်လုပ်သော နေရာများမှာသော်လည်းကောင်း ထိုကဲ့သို့ အခွင့်အရေး ယူ တတ်သူများ မြောက်များစွာရှိကြပေ၏။

သံပချိုင်က အလုပ်သမားများ နေရာခွဲနေရင်းမှ နီမောင်တို့ ရှိသောနေရာဘက် ရောက်လာသည်။ နီမောင် တို့ကိုမြင်တော့ အကဲခတ်ကြည့်ပြီး မေးသည်။

"မင်းတို့က လူသစ်တွေလား"

"ဟုတ်ပါတယ်"

"ဘယ်တုန်းက အလုပ်ဝင်တာလဲ"

"သိပ်မကြာသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ပြန်ပြောလိုက်သည်။

"ငါ ခရီးသွားနေတုန်း ဝင်လာကြတာ ဖြစ်မယ်ထင်တယ်၊ မင်းတို့လို လူငယ်လူရွယ်တွေ ဒီကိုရောက်လာကြတာ ကောင်းတာပေါ့ကွာ၊ မင်းတို့ သုံးယောက်က ထွန်းခနောက်ကို လိုက်သွားကြ"

ဟု ပြောသည်။

ထိုစကားကြားတော့ နီမောင်စိတ်ထဲမှ ဝမ်းသာသွားလေသည်။ ရေငတ်တုန်း ရေတွင်းထဲကျ၊ ဒါမှမဟုတ် စူဠလိပ် ရေထဲလွှတ်သကဲ့သို့ပင် ရှိလေသည်။

ထို့နောက်မှာတော့ ထွန်းခခေါ် ရာနောက်သို့ လိုက်သွားကာ ဓါတ်လှေခါးဖြင့် မြေအောက်သို့ ဆင်းရလေသည်။

၎င်းတို့ အလုပ်လုပ်ရသော အထပ်မှာ အောက်ဆုံးထပ် ဖြစ်လေသည်။

အောက်ဆုံးထပ်သို့ ရောက်သောအခါ ဥမင်လိုဏ်ခေါင်း အတော်များများကို တွေ့ရသည်။ သတ္တုရိုင်း တူးဖော်ထားသည့် ဥမင်လိုဏ်ခေါင်းများ ဖြစ်သည်။

ထိုနေရာရောက်တော့ ထွန်းခက ပြောသည်။

လူနာတွေကို ဟိုတယ် ဥမင်လိုဏ်ခေါင်းထဲမှာ ထည့်ထားတယ်၊ အစောင့်တော့ မထားဘူး၊ ဒါပေမယ့် သံတိုင်တွေနဲ့ ကာထားပြီး တံခါးပိတ်ထားတယ်"

"ကျွန်တော် သွားလိုက်မယ်"

"သွားရင် မင်းတစ်ယောက်တည်းပဲသွား၊ ကျန်နှစ်





ယောက်က ဒီမှာဟန်မပျက် အလုပ်လုပ်ရင်း နေခဲ့မှဖြစ်မယ်၊ သုံးယောက်စလုံးသွားရင် သူတို့ ရိပ်မိသွားလိမ့်မယ်"

ဟု ထွန်းခက ပြောသဖြင့် စောထီးနှင့် ငမဲအောင်က အလုပ်လုပ်ရင်း နေခဲ့ကြပြီး နီမောင်တစ်ယောက်တည်းသွားနှင့် ပြင်သည်။

အခြားသူများ သတ္တုရိုင်းများ တူးဖော်နေကြရသော အချိန်တွင် စောထီးနှင့် ငမဲအောင်တို့က ဟန်မပျက် ဝင်ရောက်လုပ်ကိုင်နေကြစဉ် နီမောင်က မယောင်မလည်နှင့် ထွန်းခညွှန်ပြသော ဥမင်လိုဏ်ခေါင်းဘက်သို့ ထွက်ခဲ့လေသည်။

ဥမင်လိုဏ်ခေါင်းက အတော်ကလေး ရှည်သည်။ လိုဏ်ခေါင်းတစ်လျှောက်မှာ မီးပွင့်အချို့တော့ ထွန်းပေးထားသည်။ လေအေးကေးစက်မှ လေများက အတွင်းသို့ ရောက်နေသဖြင့် အသက်ရှူ၍ ကောင်းမွန်စွာရနေသည်။

နီမောင်က လိုဏ်ခေါင်းလမ်းအတိုင်း ခပ်သုတ်သုတ် လျှောက်လာရာ အတွင်းရောက်တော့ အော်ဟစ်သံ ညည်းညူနေသော အသံအချို့ကို စတင်ကြားရသဖြင့် အသံကြားရာဘက်သို့ လျှောက်သွားရာ နောက်ဆုံး သံတိုင်များ ကာရံထားသောနေရာသို့ ရောက်သွားလေသည်။

သူလာတာမြင်တော့ အခန်းထဲမှ လဲနေသူအချို့က ထလာပြီး တောင်းရမ်းကြသည်။

"ငါတို့ကို ပြန်လွှတ်ပေးပါ၊ သေရင်လည်း အပြင်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



သေပါရစေ"

"ငါတို့ကို အစားအစာပေးပါ၊ ရေပေးပါ"

"ငါတို့ကို ဆေးတွေပေးပါ"

ဟု တစ်ယောက်တစ်မျိုး တောင်းဆိုကြသည်။ အချို့လည်း လျှာလေးအာလေးဖြင့် ပြောနေသောကြောင့် ဗလုံးဗထွေး အသံများ ဖြစ်နေသည်။

ထိုအသံများ ကြားရသည်မှာ နားလည်းမချမ်းသာ စိတ်လည်းမချမ်းသာစရာ ကောင်းလှသည်။

နီမောင်က သံတိုင်အနီးသို့ကပ်ပြီး အတွင်းသို့ ကြည့်လိုက်လေသည်။ အထဲမှာတော့ (၂၀)ယောက် ရှိမည်ထင့်သည်။ အချို့သာ ထလာနိုင်ပြီး အချို့ကတော့ တုံးလုံးလဲနေကြသည်။ အားလုံးကတော့ အရိုးပေါ် အရေတင် ဖြစ်နေပြီး မျက်တွင်းဟောက်ပက်နှင့် ဖြစ်နေကြသည်။

ထိုလူများမှာ ကပ်ရောဂါ ဖြစ်နေသောကြောင့် ထိုလိုဏ်ခေါင်းထဲမှာ လာပစ်ထားသော်လည်း ဘယ်လိုကပ်ရောဂါမျိုးမှန်းတော့ သူလည်းမသိပေ။

သံတိုင်နားမှ ရပ်ကြည့်နေစဉ် အရိုးပေါ် အရေတင်ဘဝ ရောက်နေသော လူကြီးတစ်ယောက်က သူ့မျက်နှာအနီးသို့ တိုးကပ်လာပြီး ကြည့်နေသည်။

"မင်း ဘယ်သူလဲ၊ တောင်လုံးကျော်ရွာက နီမောင်များလား"

ဟု ကတုံကရင်အသံဖြင့် မေးလေသည်။





"ဟုတ်ပါတယ်၊ ခင်ဗျား ဘယ်သူလဲ"

နီမောင်က ကြည့်သော်လည်း မမှတ်မိသဖြင့် ပြန်မေးလိုက်သည်။

"ငါ ဦးဘသာပါ မြသင်းကြူအဖေပါ"

"ဟင်. . ဦးလေး၊ ကျွန်တော် ဦးလေးတို့ကို လာရှာတာဗျ၊ ဒါထက် ကျွန်တော့်ဦးလေး ဦးမောင်ရွှေတစ်ယောက်များ တွေ့မိသလား"

"သူ မသေသေးဘူး၊ ဒါပေမယ့် ရောဂါတော့ အတော်သည်းနေတယ်၊ ဒီအတိုင်းထားရင်တော့ သေမှာပဲ"

ဦးမောင်ရွှေတစ်ယောက် အသက်မသေသေးကြောင်း သိရသဖြင့် စိတ်ထဲမှ ဝမ်းသာသွားလေသည်။

"ကျွန်တော်တို့က သူသေပြီမှတ်လို့ အိမ်မှာ ဆွမ်းတွေဘာတွေတောင် သွပ်ပြီးသွားပြီ"

"ငါတို့ဘဝတွေက အသက်မသေသေးပေမယ့် ဒီမှာပဲ သေကြရမှာပါကွာ"

"ဒီလောက်လည်း စိတ်မပူပါနဲ့ ဦးလေး၊ ဦးလေးတို့ ဒီမှာရှိမှန်းသိရင် ကျွန်တော်တို့ ရအောင် ကယ်ပေးပါ့မယ်၊ ဒါထက် ထွက်ပေါက်မရှိဘူးလား"

"သေစတဲ့လူတွေ အပြင်ထုတ်တဲ့ အပေါက်တစ်ပေါက်တော့ ဟိုဘက်မှာရှိတယ်၊ ဒါပေမယ့် အလောင်းထုတ်ပြီးရင် ပြန်ပိတ်ပြီး သော့ခတ်ထားတယ်"

"ဒီလောက်သိရရင် ကျေနပ်ပါပြီ၊ ကျွန်တော်တို့ ရှာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်ရင် ဦးလေးရဲ့ မိသားစုကို သွားပြောပြပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ်ကွာ၊ ဘာပဲဖြစ်ဖြစ် သေတွင်းထဲ ရောက်နေတဲ့ဘဝ ရောက်တော့မှ အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ ဒီမှာ ငါ လုပ်အားခရလို့ စုဆောင်းထားတဲ့ ငွေလေးတွေရှိတယ်၊ မင်းပြန်ရင် သူတို့ကို ပေးလိုက်ပါ”

“စိတ်ချပါ ဦးလေး”

နီမောင်က ဦးဘသာပေးလိုက်သည့် အထုပ်ကလေးကို အကျီအိတ်အတွင်း ထည့်ထားလိုက်သည်။

ဦးဘသာနှင့် တွေ့ရသော်လည်း ဦးလေးဖြစ်သူကို မတွေ့ခဲ့ရသဖြင့် စိတ်မကောင်းဖြစ်မိလေသည်။

ဦးဘသာက မှာနေစဉ်မှာပင် အခြားသူများကလည်း ၎င်းတို့မိသားစုများကို သွားရောက်ပြောပြပေးပါရန် ဝိုင်းဝန်းမှာ ကြားကြသည်။

နီမောင်ကလည်း စိတ်ထဲမှ အသေအချာ မှတ်သားပြီး လက်ခံယူလေသည်။

အားလုံးပြီးတော့မှ မှာစရာရှိသည်များကို မှာကြားပြီး အပြင်သို့ ပြန်ထွက်လာခဲ့လေသည်။

ထိုနေ့က တစ်နေ့လုံး မြေအောက်ခန်းမှာ အလုပ်လုပ်ကြပြီး ညအချိန်ရောက်တော့ ၎င်းတို့ ဝင်လာသောအပေါက်မှပင် အခြေအနေကြည့်ကာ အပြင်သို့ ပြန်ထွက်ခဲ့ကြလေသည်။

ရွာသို့ ပြန်ရောက်ကြပြီး မိခင်ဖြစ်သူအား အကျိုးအ





ကြောင်း ပြောပြလိုက်သောအခါ များစွာဝမ်းသာသွားလေသည်။

“အောင်မယ်လေး ဝမ်းသာလိုက်တာကွယ်၊ ငါတို့က သေပြီထင်လို့ ဆွမ်းတောင်သွပ်ပြီးသွားကြပြီ”

“မသေတော့လည်း ဦးလေးအတွက် ကုသိုလ်ရတာပေါ့ အမေရယ်”

ထိုသို့ ပြောပြီး မြသင်းကြူတို့ အိမ်သို့သွားပြီး အကျိုးအကြောင်း ပြောပြလိုက်ကာ ဦးဘသာ လှူကြုပါးလိုက်သောငွေများကို ပေးလိုက်သည်။

ဒေါ်မေကြူကတော့ ဝမ်းသာသဖြင့် မျက်ရည်မဆည်နိုင်အောင်ဖြစ်နေကာ ထိုနေရာမှ ထသွားတော့ မြသင်းကြူက မျက်ရည်အဝိုင်းသားဖြင့် ပြောလေသည်။

“အဖေ ပြန်ရောက်မလာသေးပေမယ့် ဒီလိုသတင်းကြားရတော့ အမေလည်း အတော်စိတ်ချမ်းသာသွားတယ်၊ ဒီလိုသိရအောင် လုပ်ပေးတဲ့နင့်ကို ကျေးဇူးတင်ပါတယ်၊ နီမောင်ရယ်”

“မလိုပါဘူးဟာ၊ ငါတို့က တစ်ရွာတည်း နေကြတဲ့သူအချင်းချင်းတွေပဲ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က ဒီလိုပဲ အကူအညီ ပေးရမှာပေါ့”

“ဒါပေမယ့် နင်တို့က အန္တရာယ်ကြားက စွန့်စားပြီး လုပ်ပေးခဲ့ကြရတာ မဟုတ်လား”

“ရပါတယ်ဟာ၊ ငါတို့က တောထဲတောင်ထဲ သွားနေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲ၊ ဒီလိုအန္တရာယ်မျိုးလောက်တော့ စွန့်စားဝံ့ပါတယ်၊ နင် ဘာမှစိတ်မပူနဲ့၊ ဦးလေး အပါအဝင် ဒုက္ခရောက်နေတဲ့ သူတွေကို ငါတို့ရအောင်ကယ်ပြီး အိမ်ရောက်အောင် ပြန်ခေါ်လာခဲ့ပေးပါ့မယ်"

မြသင်းကြူက ရစ်ဝဲနေသော မျက်ရည်စများကို သုတ်ရင်းပြောသည်။

"ဒီစကားကြားရတာ တကယ်ပဲ ဝမ်းသာပါတယ်၊ ငါ့အဖေအသက်ကို ကယ်တင်ပေးတဲ့အတွက် နင့်အတွက်ဆိုရင် ဘာမဆို ငါလုပ်ပေးပါ့မယ်"

"ဒီလောက်မလိုပါဘူး မြသင်းကြူရယ်၊ ငါက စေတနာသန့်သန့်နဲ့ အကူအညီ ပေးတာပါ၊ ဒီလိုသာ အခွင့်အရေးယူရင် ငါတို့စေတနာ အလကားဖြစ်သွားမှာပေါ့"

"ငါက ဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး၊ နင့်သဘောကိုလည်း ငါသိပါတယ်"

နီမောင်စိတ်ထဲမှာတော့ သူ အကူအညီပေးလိုက်သောကိစ္စမှာ အခြားမိသားစုများအတွက် သေရေးရှင်ရေးတမျှ အရေးပါနေသောကိစ္စ ဖြစ်နေသောကြောင့် ကျေနပ်နေမိပေသည်။

"နီမောင် နင်တို့ သတ္တုတွင်းထဲဝင်ရတာ တော်တော်အန္တရာယ်များတယ်လို့ ပြောသံကြားတယ်၊ အစောင့်တွေလည်း အများကြီးရှိတယ်ဆို ဟုတ်လားဟင်"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။





"ဟုတ်ပါတယ်"

"သူတို့မှာ သေနတ်တွေလည်း ရှိတယ်ဆိုတော့ အဖေတို့ကို ကယ်ဖို့ဆိုတာ နင်တို့ သုံးယောက်တည်းနဲ့ ဖြစ်ပါ့မလားဟင်"

"ငါတို့ သုံးယောက်တည်းတော့ မဖြစ်သေးဘူး၊ နောက်ထပ် ငါတို့နဲ့ပေါင်းပြီး အကူအညီပေးမယ့်သူတော့ ရှာရဦးမယ်"

"ငါက မိန်းကလေးတစ်ယောက် ဖြစ်နေလို့ပါ၊ မဟုတ်ရင် နင်တို့နဲ့ လိုက်ခဲ့ချင်တာ"

"ဒီလောက်လည်း စိတ်မပူပါနဲ့ မြသင်းကြူရယ်၊ ငါတို့ ဒီရက်ထဲမှာ အစီအစဉ်တွေလုပ်ပြီး ဒုက္ခရောက်နေတဲ့သူတွေကို သွားကယ်လာခဲ့ပါ့မယ်"

ဟု ပြောဆိုနှစ်သိမ့်ပေးခဲ့ပြီးနောက် မြသင်းကြူတို့နေအိမ်မှ ပြန်ခဲ့လေသည်။

မြသင်းကြူကို ကတိပေးခဲ့သော်လည်း ထိုတာဝန်သည် သူတို့အတွက် မလွယ်ကူမှန်းတော့ သိပေသည်။

သတ္တုတူးဖော်ရေး စခန်းတွင် အစောင့်များလည်း များသည်။ ထို့ပြင် ခေတ်မီသေနတ်နှင့် လက်နက်များလည်း ရှိကြလေသည်။

ထို့ပြင် သူတို့ ကယ်တင်ပေးရမည့် သူများမှာ သာမန်လူကောင်းများ မဟုတ်ကြပေ။ ရောဂါစွဲကပ်နေကြသူများ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောဂါကလည်း ဘယ်လိုရောဂါမျိုး စွဲကပ်နေသည် လည်း သူမသိပေ။ သူတို့ဆိုထားသော ကပ်ရောဂါများမှာ ကျောက်ရောဂါ၊ ဝမ်းရောဂါ၊ ပုလိပ်ရောဂါ စသည်တို့လောက် သာသိသည်။ ကျန်တာ မသိပေ။

ဘာပဲဖြစ်ဖြစ် ရောဂါရနေခဲ့ပြီးမှ ဆေးကုခြင်း မခံ ကြရသော ဒုက္ခသည်များကိုတော့ ရအောင် ဖြစ်တဲ့နည်းဖြင့် ကယ်တင်မည်ဟု စိတ်ထဲမှာ ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားလေ သည်။





# အခန်း (၈)

# သစ်ခွဝိုင်းနှင့် သဇင်နီ ဖုံတော်

နမ္မတူနယ်သည် ရှမ်းပြည်နယ်အတွင်း၌ ပါဝင်လေ သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း တောင်ပိုင်နယ်အတွင်း၌ ပါဝင်လေသည်။

ရှမ်းပြည်နယ်သည် တောတောင်ထူထပ်လှသည့် အရပ်လည်း ဖြစ်သည်။ (၁၉၂၀)ဝန်းကျင်လောက်ကဆိုလျှင် သစ်တောကြီးများမှာ လူတိုးမပေါက်လောက်အောင် နေရာ မလပ် မှိုင်းညို့နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောတောင်ရေမြေသဘာဝ ကောင်းလှသော ရှမ်းပြည်နယ်သည် သစ်ခွမျိုးများ ပေါများသည့်အပြင် သစ်ခွမုဆိုးများအတွက် မျက်စိကျစရာ နေရာတစ်နေရာလည်း ဖြစ်ခဲ့ပေသည်။

ရှေးနှစ်ပေါင်းများစွာကပင် သစ်ခွမျိုးများ ပေါလှသည်ဟု နာမည်ကြီးသော မြန်မာနိုင်ငံသည် သစ်ခွကို စီးပွားဖြစ်ရှာဖွေကာ စုဆောင်းကြသူ အတော်ပင် နည်းခဲ့ပေ၏။

(၁၉)ရာစု နှစ်ဦးပိုင်းလောက်တွင် ဥရောပတိုက်တွင် နာမည်ကြီး သစ်ခွရှာဖွေစုဆောင်းသော ကုမ္ပဏီအချို့ ပေါ်ပေါက်လာခဲ့သည်။

"ဗီနှင့်သားများကုမ္ပဏီ၊ လွတ်ကုမ္ပဏီ၊ ဆင်းဒါးကုမ္ပဏီ စသည်တို့ ဖြစ်ကြသည်။

ထိုကုမ္ပဏီတို့မှာ စေလွှတ်ခဲ့သော နာမည်ကြီး သစ်ခွမုဆိုးတို့မှာ အိုဗာဆလိုင်း၊ ဟူးကမ်းမင်း၊ သောမတ်လော့၊ ဂုစတပ်ဝါလစ်၊ ဝီလျှံဘောက်ဆဲ၊ ပေါ်တီ စသည်တို့ ဖြစ်ကြလေသည်။ နာမည်ကြီး သစ်ခွပါရဂူ ဆင်းဒါးပိုင်သည့် ဆင်းဒါးသစ်ခွ ကုမ္ပဏီအတွက် သစ်ခွမုဆိုးတစ်စုကို တောင်အမေရိကတိုက်သို့ စေလွှတ်ခဲ့လေသည်။

တောတွင်း၌ သားရဲတိရစ္ဆာန်များ လူရိုင်းများ သတ်ဖြတ်ခြင်းကြောင့်သော်လည်းကောင်း၊ ဖျားနာခြင်း ဝမ်းရောဂါဖြစ်ခြင်းတို့ကြောင့်သော်လည်းကောင်း၊ သေဆုံးခဲ့ကြရလေသည်။





(၁၈၉၂)ခုနှစ်တွင် ဆင်းဒါး၏ စေခိုင်းမှုကြောင့် အိုဗာဆလိုင်းဆိုသော သစ်ခွမုဆိုးတစ်ဦးသည် ပီရူးနိုင်ငံ သစ်တောကြီးများအတွင်း၌ လူသားစားသော လူရိုင်းများလက်မှ ကံကောင်းထောက်မစွာ လွတ်မြောက်လာခဲ့ပြီးနောက် တောတွင်း၌ ခုနှစ်လကြာအောင် နေထိုင်ခဲ့ရသည်။

သူသည် ဒုက္ခပေါင်းမြောက်မြားစွာတို့ကို ရင်ဆိုင်ကျော်လွှားကာ တောနက်ကြီးအတွင်း၌ ခုနှစ်လကြာအောင် နေထိုင်ရှာဖွေခဲ့ရာ နောက်ဆုံးတွင် ဆင်းဒါးအလိုရှိသော ကတ်တယ်လီယာရက်(Cattleya nex)သစ်ခွမျိုးကို ရခဲ့လေသည်။

မြန်မာနိုင်ငံ၌ ရှားပါးသော သစ်ခွမျိုးစိတ်ရှိကြောင်း (၁၈၂၉)ခုနှစ်ခန့်က မြန်မာ့သစ်တောများအတွင်း ရောက်ခဲ့သော ဒေါက်တာဝေါလစ်(Dr wallis)ဆိုသူ ဖြစ်ပေသည်။

နောက်ပိုင်းမှာတော့ မြန်မာနိုင်ငံအတွင်းသို့ သစ်ခွမုဆိုးတို့ အများအပြားရောက်လာပြီး အမည်မပေးရသေးသော သစ်ခွမျိုးဆက်တို့ကို ရှာဖွေထုတ်ယူသွားကြလေသည်။

ထိုအထဲတွင် (၁၉၂၂)ခုနှစ်တွင် မြန်မာနိုင်ငံသို့ ရောက်လာသော ရုက္ခဗေဒပါရဂူ ကင်းဒမ်းဝပ်(Kingdon ward) ရှာဖွေတွေ့ရှိသွားသော သစ်ခွမှာ ရှားပါးသော သစ်ခွမျိုးစိတ်သစ် ဖြစ်၏။ ပါဖီယို ပဲဒီလစ် သစ်ခွမျိုး ဖြစ်၏။

နောက်တော့ ကင်းဒမ်းဝပ်ကို ဂုဏ်ပြုသောအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'ဝါဖီယို ပဲဒီလစ်ဝါဒီအိုင်'ဟု အမည်သစ် ပေးခဲ့လေသည်။

မြန်မာနိုင်ငံမြောက်ဖျားဒေသ ချင်းပြည်နယ် ဝိတိုရိယ တောင်တန်းတစ်ဝိုက်နှင့် ရှမ်းပြည်နယ်ဒေသတို့မှာ ရှားပါး လှသည့် သစ်ခွမျိုးစိတ်သစ် မြောက်များစွာ တွေ့ရှိသည့် အရပ်ဒေသတို့ ဖြစ်ကြလေသည်။

အာရှတိုက်ရှိ နိုင်ငံများတွင် သစ်ခွပန်းရောင်းချခြင်း ကြောင့် စီးပွားဖြစ်ထွန်းမှု အရှိဆုံးနိုင်ငံမှာ ထိုင်း(ယိုးဒယား) နိုင်ငံပင် ဖြစ်၏။

နှစ်စဉ် ကမ္ဘာအရပ်ရပ်သို့ သစ်ခွပင်ပေါင်း မြောက် များစွာ တင်ပို့ပြီး ကြီးပွားချမ်းသာ လာကြလေသည်။

ထိုင်းနိုင်ငံကို သစ်ခွရောင်းချခြင်းဖြင့် စီးပွားဖြစ်ထွန်း အောင် စတင်လမ်းပြပေးသူမှာ ဗန်ကောက် စိုက်ပျိုးရေး တက္ကသိုလ်မှ လက်ထောက်ပါမောက္ခချုပ်နှင့် ရုက္ခဗေဒ ပါမောက္ခချုပ် ရာပီစာဂရစ် (Rspee Sagrlk)ပင် ဖြစ်၏။

သူ၏ လမ်းပြပေးမှုကြောင့် စီးပွားချမ်းသာသူ အများ အပြား ပေါ်ထွက်ခဲ့ကြလေသည်။

ထိုအထဲတွင် လမ်းပေါ်တွင် အငှားဆိုက်ကားသမား ဘဝမှ သစ်ခွခြံလုပ်ရင်း စီးပွားချမ်းသာလာသူ သူဌေးဘဝ ရောက်ခဲ့သော 'သောင်ဂလာ'(Thanglar)လည်း အပါအဝင် ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် တောတောင်ရေမြေသဘာဝ ကောင်းမွန်သောကြောင့် သစ်ခွအမျိုးအစား များစွာရှိလေ





သည်။

သဇင်၊ လက်တံရှည်၊ ကြွေလိပ်ပြာ၊ ဝါဆိုပန်း၊ သောင်းမြေတို့ ဆင်မမျက်ကွင်း၊ ရွှေဝါကလေး၊ ခရမ်းရောင် ရှင်း၊ တံခွန်လုံးကြီး၊ ရွှေဆစ်ကြိုး၊ ခမောက်ကြိုး၊ တံခွန်လုံး ခင်းကြူကြူ၊ ငွေတူကလေး၊ တခိုင်လုံးငွေ၊ ကြက်ခုနစ်၊ ဘတ်ခန်းဝါ၊ ရွှေတူ၊ ရတနာရွှေခက်၊ ရွှေဝါကလေး၊ ငွေ ခြူ၊ ငွေတူ၊ ကြက်ဥနှစ် ပန်းကလေး၊ မည်းပန်း၊ ဂမုန်းအင်၊ ကြက်တူရွေးပန်း၊ စာကလေး ပန်းရိုးဆက်ကြီး၊ စာကလေး ဘ်ပြား၊ မိုးလုံးမှိုင်းပြာ၊ မိုးကန်တော့ပန်း၊ စာကလေးအနီ၊ စာကလေးအဖြူ၊ ကြောင်မြီး၊ စာကလေးနီနီ၊ ကျပဟုံး . . .

အစရှိသည့် အမျိုးအမည်များလှသော သစ်ခွပန်း တို့သည် မြန်မာနိုင်ငံ အနှံ့အပြား သစ်တောကြီးများရှိသော နေရာများတွင် ပွင့်ကြလေသည်။

သို့သော်လည်း မြန်မာနိုင်ငံတွင် နေထိုင်ကြသူတို့ သည် အလှအပအတွက်သာ အသုံးပြုခဲ့ကြပြီး စီးပွားဖြစ် လုပ်သူ မရှိသလောက် နည်းခဲ့လေသည်။

ရှေးအခါက ဘုရင်တို့သည် သဇင်ပန်းကို နန်းတွင်း း တော်ဝင်ပန်းအဖြစ် သတ်မှတ်ခဲ့ကြသည်။

သန့်စင်သောနေရာ၌သာ တွေ့ရလေ့ရှိသောကြောင့် သန့်စင်ပန်း'ဟု သော်လည်းကောင်း၊ နတ်ပွဲသဘင်များ ကျင်း သော နတ်တော်ပြာသိုလများတွင် ပွင့်သဖြင့် 'တော်ဝင်နတ် န်း'ဟူ၍လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက နန်းတွင်း၌ ရှင်ဘုရင်များသာ သုံးစွဲခွင့် ရသောကြောင့် 'တော်ဝင်ပန်း' ဟူ၍သော်လည်းကောင်း တင်စားခေါ်ဝေါ်ကြသည်။

"ပင်ဆင့်ပန်းပျံ၊ ပန်းပျံဘုရင်"ဟုလည်း တင်စားရှေ သားကြသည်မျိုး ရှိကြသေးသည်။

ရှေးဘုရင်များလက်ထက်က ဆောင်းဦးကာလဝင် ၌ ဦးဦးဖျားဖျား ပွင့်သောသဇင်ပန်းများကို ကျီဝန်မင်းက ယူ ဆောင်ပြီး နန်းတော်သို့ ဆက်သပေးရလေ့ရှိသည်။

ထိုကဲ့သို့ ဦးဦးဖျားဖျားပွင့်သော ခေါင်ပွင့်ပန်းခိုင်တို့ကို ဘုရင်နှင့် မိဖုရား ပန်ဆင်ပြီးမှသာလျှင် သားတော် သမီး တော်များ မင်းညီမင်းသားများ မှူးမတ်များမှစပြီး တိုင်းသူ ပြည်သားအထိ အစဉ်အတိုင်း ပန်ဆင်ခွင့်ရကြလေသည်။ ထိုသို့မပြုမူပါက မင်းပြစ်မင်းဒဏ် သင့်စေသည်။

"သဇင်ပန်းတော်ကို ရွှေနန်းတော်သို့ မဆက်သွင်း သေးသည်ကို မင်းသားများအိမ်သို့ ပန်းရောက်ကြောင်း ကြား သိတော် မူရသည်။ ကျီဝန်ကို တန်းမှာထား၊ ပန်းဆက်လာ သူတို့ကို ရအောင်တောင်း"

ဟူသော အမိန့်တော်ကို (၁၁၆၈)ခုနှစ် ပြာသိုလပြည့် ကျော်(၉)ရက်နေ့၌ ထုတ်ပြန်သော ဘိုးတော်ဘုရား အမိန့်၌ တွေ့ရလေသည်။

တစ်နှစ်လျှင် တစ်ကြိမ်သာ ပွင့်သောပန်း၊ သန့်စင်မွှေး ကြိုင်သော ပင်မြင့်ထက်မှာသာ ပွင့်လေ့ရှိပြီး ပွင့်ခက်ပန်းခိုင်





သည်းလှ၊ ရနံ့လည်းသင်းသော သဇင်ပန်းကို တော်ဝင်ပန်းအ ဖြစ် ရှေးအတိတ်ကပင် တန်ဖိုးထားခဲ့ကြလေသည်။

မြန်မာနိုင်ငံ၌ အခြားသစ်ခွပန်း အမြောက်အမြား ရှိကြသော်လည်း လူသိအများဆုံး သစ်ခွပန်းမှာ သဇင်ပန်းပင် ဖြစ်ပေသည်။

ရှေ့၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ သည် ရေမြေတောတောင်သဘာဝ ကောင်းလှသဖြင့် သဇင် ပန်းအပါအဝင် သစ်ခွပန်းတို့ မျိုးစုံစွာ ပေါများလှပေသည်။

သို့သော် မြန်မာနိုင်ငံသားတို့က သစ်ခွပန်းဖြင့် စီးပွား ဖြစ်လုပ်ရန် စိတ်မကူးခဲ့ကြပေ။

သစ်ခွပန်းကို ဦးဆုံးမှတ်တမ်းပြုခဲ့သူမှာ တရုတ်နိုင်ငံမှ ပညာရှိကြီး ကွန်ဖြူးရှပ်ဖြစ်သည်။

"လူကောင်းသူကောင်းနှင့် တွေ့ရသည်မှာ သိကျွမ်း ရသည်မှာ မွှေးရနံ့ကြွယ်သည့် သစ်ခွဖြင့်ပြီးသော အခန်းတွင်း သို့ ဝင်ရသကဲ့သို့ နှစ်လိုဖွယ်ရှိ၏"

ဟု တင်စားမိန့်ဆိုခဲ့လေသည်။

နောက်ပိုင်း ဥရောပတိုက်သားတို့က မြန်မာနိုင်ငံအ ထိ လာရောက်ကာ ရှားပါးသော သစ်ခွပန်းများ ရှာဖွေယူ သွားသောအခါမှ သစ်ခွတန်ဖိုးကို တဖြည်းဖြည်း သိခဲ့ကြရ သည်။

အာရှနိုင်ငံများထဲတွင် သစ်ခွဖြင့် ကြီးပွားချမ်းသာ အောင် စွမ်းဆောင်နိုင်သောနိုင်ငံမှာ ထိုင်း(ယိုးဒယား)နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ပင် ဖြစ်ပေသည်။

ထိုင်းနိုင်ငံက သစ်ခွဖြင့် ကြီးပွားချမ်းသာမှု ရှိလာသောအခါ အိမ်နီးချင်း နိုင်ငံများတလည်း တဖြည်းဖြည်း စိတ်ဝင်စားလာကြသည်။

တောတောင်များအတွင်းသို့ စွန့်စွန့်စားစား သွားလေ့ ကာ သစ်ခွရှာဖွေသူတို့ ရှိလာသည်။

ယခုလည်း ရှမ်းပြည်နယ်မြောက်ပိုင်း တောင်ပိုင်းနယ် အတွင်း၌ရှိသော သစ်တောကြီးများအတွင်းသို့ သစ်ခွရှာဖွေ ရန် အဖွဲ့တစ်ဖွဲ့ ရောက်လာကြသည်။

ဦးဆောင်လာသူမှာ ဒေါက်တာမင်းထင်ကျော်ဖြစ်ပြီး သူ့နောက်မှာ သုံးယောက်ပါလာသည်။

ကျော်စွာ၊ ဦးမွန်ထော်နှင့် စိုင်းလူတို့ ဖြစ်ကြသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာက ရန်ကုန်မှ အတူတကွ လာခဲ့ကြခြင်းဖြစ်ပြီး ဦးမွန်ထော်နှင့် စိုင်းလူတို့က နယ်မြေခံတို့ကို လမ်းပြခေါ်လာခဲ့ခြင်း ဖြစ်ပေသည်။

၎င်းတို့သည် သားကောင်ပစ်ခတ်ရန်အတွက် လာ ကြခြင်း မဟုတ်စေကာမူ သေနတ်၊ ဓား၊လှံ၊ လေးများလည်း နက်တို့ ပြည့်စုံစွာ ပါလာကြလေသည်။

ဦးမွန်ထော်နှင့် စိုင်းလူတို့က ဒေသခံများဖြစ်သော ကြောင့် ဘယ်တောဘယ်တောင်တွင် ဘယ်လိုသစ်ခွပန်းရှိ သည်ကိုပါ သိကြလေသည်။

"ဆရာက ရှားရှားပါးပါး သစ်ခွလိုချင်တာဆိုတော့





ဒီတာနေ အနောက်ဘက်ကိုသွားရင် ရှားရှားပါးပါး သဇင်နီ တွေ ရနိုင်တဲ့ နေရာရှိတယ်"

ဟု ဦးမွန်ထော်က ပြောသည်။

"သဇင်ပန်းက အဖြူပဲရှိတာ မဟုတ်လား၊ ဦးမွန် ထော်ရဲ့၊ အနီဆိုတာရော ရှိသေးသလား"

"ရှိတယ်ဆရာရဲ့၊ ကျွန်တော်တစ်ခါ အဲဒီတောဘက် ရောက်သွားတော့ နီရဲနေတဲ့ သဇင်ခိုင်တွေ ပွင့်နေတာ တွေ့ခဲ့ ရတယ်၊ ကျွန်တော်က ပန်းတွေဘာတွေ ဝါသနာမပါလို့ မခူး ခဲ့တာ"

"ဘယ်တုန်းက တွေ့ခဲ့တာလဲ"

"မနှစ်က ဒီလိုအချိန် ဆိုပါတော့"

"နေရာကိုရော မှတ်မိသေးရဲ့လား"

"ပန်းပွင့်နေတဲ့ နေရာကိုတော့ မှတ်မိပါတယ်၊ ဒါပေ မယ့် အဲဒီနေရာမှာတော့ တွေ့ချင်မတွေ့မယ်၊ ရှာရင်တော့ တွေ့မှာပါ"

"သဇင်ပန်းက သာမန်ဆိုရင်တော့ နေရာမပြောင်း တတ်ပါဘူး၊ ဂမုန်းဖြူ ဂမုန်းနီလို သိဒ္ဓိရှိတဲ့ သဇင်နီဆိုရင်တော့ နေရာပြောင်းတတ်တယ်၊ ဘာပဲဖြစ်ဖြစ် ရှာရင်းဖွေရင်းနဲ့ အဲဒီ ဘက်ရောက်အောင် သွားကြတာပေါ့"

"အဲဒီဘက်က သွားလာရတာ သိပ်မခက်လှပါဘူး၊ သတ္တုတွင်းတွေနဲ့လည်း နီးပါတယ်"

ဟု ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခရီးဆက်ကြပြန်လေသည်။

နောက်တစ်နေ့ နံနက်ပိုင်း အချိန်ကျော်တော့ ဦးမွန်ထော်ပြောသော နယ်နိမိတ်အတွင်းသို့ ရောက်လာကြလေသည်။ ထိုနေရာတစ်ဝိုက်မှာ တောထူထပ်လှပြီး တောင်မြင့်ကြီးများလည်း ရှိလေသည်။

တောင်ဘက်တွင် သတ္တုတွင်းများရှိသည်ဟု ပြောဖြသော်လည်း အရိပ်အယောင်မှ မတွေ့ရပေ။

ထိုတောတောင်များအတွင်းသို့ ရောက်သောအခါ လူသူအရောက်အပေါက် နည်းသောနေရာများ ဖြစ်သောကြောင့် ရှားပါးသောသစ်ခွမျိုး အတော်များများကို ရှာဖွေတွေ့ရသည်။ အချို့သစ်ခွများမှာ မြေပေါ်တွင် တွေ့ရသည်။

သစ်ခွနက်လို ရှားပါးသော သစ်ခွမျိုးမှာ ကျောက်တုံးကျောက်ချပ်များကြား၌ တွေ့ရသည်။

အချို့ သစ်ခွများကတော့ သစ်ပင်မြင့်ကြီးများ၏ အကိုင်းအခက် ခွကြားနေရာများတွင် ရှိကြသဖြင့် စွန့်စွန့်စားစား ခက်ခက်ခဲခဲ တက်ယူကြရသည်။

သူတို့နှင့်ပါလာသော စိုင်းလူက မျောက်တစ်ကောင်ကဲ့သို့ သစ်ပင်တက် ကျွမ်းကျင်လှသောကြောင့် သစ်ပင်တက်သောကိစ္စကို သူကလုပ်ပေးလေသည်။

အချို့သစ်ပင်ကြီးများမှာ ဖယောင်းတိုင်ကဲ့သို့ အကိုင်းအခက် မရှိပဲ ပြောင်ချောနေတတ်ပြီး ဟိုးအပေါ်ဆုံး၌ သစ်ခွပန်းက ရှိနေတတ်သည်။





ထိုအခါ ပျားဖွပ်ရာတွင် အသုံးပြုသော ကြိုးများသုံး၍ သစ်သားစို့များရိုက်ပြီးမှ အပေါ်တက်ရသည်။

ဦးမွန်ထော်၏ နယ်မြေကျွမ်းကျင်မှု စိုင်းလူ၏ သစ်ပင်တက် ကျွမ်းကျင်မှုတို့ကြောင့် သူတို့အလိုရှိသော သစ်ခွပန်းမျိုး အတော်များများ စုဆောင်းရကြလေသည်။

သစ်ခွပန်းမှာ နေရာတကာ ပေါက်လေ့မရှိပဲ သူ့အရပ်နှင့်သူ သူ့ဒေသနှင့်သူ ရာသီသဘာဝအတိုင်း ပေါက်လေ့ရှိကြသည်။

ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများတွင် တွေ့ရလေ့ရှိသော သစ်ခွများမှာ . . .

လက်တံရှည်၊ ကြွေလိပ်ပြာ ဝါဆိုပန်း၊ ရွှေဆစ်ကြိုး၊ ခမောက်ကြိုး၊ တံခွန်လုံး၊ သင်းကျူကြူ၊ ငွေတူကလေး၊ မောက်ခန်းဝါ၊ ရွှေတူ၊ မိုးလုံးမှိုင်းပြာ၊ ကြောင်မြီးတူ၊ စာကလေးနီနီတို့ ဖြစ်ကြသည်။

သဇင်ပန်းအပါအဝင် ကျန်သစ်ခွများ ပွင့်သောဒေသမှာ မြိတ်၊ ထားဝယ်စသော တနင်္သာရီတိုင်း ဒေသကြီးအတွင်း၌ ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း ဦးမွန်ထော်ပြောသည့် သစ်ခွနီဟုခေါ်သော 'သဇင်နီ'တွေ့သည်ဟု ဆိုသော နေရာတစ်ဝိုက်သို့ ရောက်သောအခါ ဆင်းသောနေရာတွင် စခန်းချပြီး လိုက်လံရှာဖွေကြလေသည်။

သို့သော်လည်း အခြားသစ်ခွပန်းများကိုသာ ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြပြီး သဇင်နီကိုတော့ မတွေ့ကြရပေ။

သဇင်နီမှာ သိဒ္ဓိရှိသော အပင်မျိုး ဖြစ်သောကြောင့် ရုတ်တရက် တွေ့မည်မဟုတ်မှန်းတော့ သဘောပေါက်ကြလေသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် သိဒ္ဓိရှိသော ဆေးပင်များအကြောင်းကို ရေးသားဖော်ပြပေးပါဦးမည်။

(၁) ဆေးဘုရင်နှင့် ဆေးမိဖုရားဆေးပင်

(၂) ဆေးမင်းကေရာဇ်ဆေးပင်

(၃) ဆေးမင်းစက္ကဝတ္တိ

ထိုဆေးပင်သုံးမျိုးမှာ တစ်နှစ်လုံးမှာ တစ်လ၊ တစ်လမှာ တစ်ကြိမ်သာ တွေ့ရလေ့ရှိကြသည့် ဆေးပင်မျိုး ဖြစ်ကြသည်။

ထိုတစ်ရက်မှာပင် နေမွန်းတည့်ချိန်၊ လမွန်းတည့်ချိန်၊ တစ်ချိန်သာ ရှာတွေ့သည့်မျိုးလည်း ရှိသည်။

ကံကောင်းထောက်မသဖြင့် ဆေးပင်သုံးမျိုးမှ ဆေးပင်တစ်မျိုးမျိုးရလျှင်ပင် သိဒ္ဓိပြီးမြောက်ပြီး ဝိဇ္ဇာလမ်း ရောက်နိုင်ကြလေသည်။

အချို့က သိဒ္ဓိဝင် စာရင်းပါသော ဂမုန်းဖြူ ဂမုန်းနီ၊ ဂမုန်းနက် စသည်တို့ကို ဓာတ်ပုံနှင့်တကွ ဖော်ပြကာ ရေးသားကြသည်ကိုလည်း တွေ့ရသည်။

"ဂမုန်းဖြူ ဂမုန်းနီ၊ ဂမုန်းနက်တို့မှာ သိဒ္ဓိရှိသောကြောင့် တစ်နေရာတည်း၌ ကြာမြင့်စွာ ရှိမနေတတ်ကြပေ။





တစ်နေရာ၌ ဂမုန်းပင်ပေါက်လာပြီး အပွင့်အရွက် ပြည့်စုံသည်နှင့် ဂန္ဓာမာဒနတောင်သို့ ပြန်လေ့ရှိကြသည်။

ထိုဂမုန်းပင် ပေါက်လာသည်နှင့် (သိဒ္ဓိရှိသော ဂမုန်းပင်တိုင်း ထိုသို့ဖြစ်သည်။) နံဘေးမှာရံပြီး ပေါက်သောဂမုန်းပင်က (၉)မျိုးခန့်ရှိတတ်သည်။

အချို့လည်း ထို့ထက်မက များပြားလေသည်။ သိဒ္ဓိရှိသည့် စာရင်းဝင် ဂမုန်းရှင်သူငယ်ဆိုလျှင် တစ်ပင်ပေါက်သည်နှင့် အပင်ပေါင်းများစွာ ခြံရံပြီး ပေါက်ကြလေသည်။ အပင်အစစ်ကို ရှာဖွေတွေ့ဖို့ မလွယ်တော့ပေ။

အချို့ဂမုန်းပင်များလည်း ထိုအတိုင်းပင်ဖြစ်သည်။ နံဘေး၌ ခြံရံပြီးပေါက်သော ဂမုန်းပင်တို့မှာ အပင်တူ၊ အရွက်တူ၊ အရောင်တူ၊ အပွင့်အခက်တို့ပါ တူကြလေသည်။

အနက်ဆိုလျှင်အနက်၊ အနီဆိုလျှင်အနီ၊ အဖြူဆိုလျှင်အဖြူရောင်ဖြင့် တသွေမတိမ်း ရှိကြလေသည်။

"ဂမုန်းပင်အစစ်က ထိုနေရာမှ ကွယ်ပျောက်သွားသော်လည်း အပင်အစစ်နှင့်မခြား တူသော အရံဂမုန်းပင်တို့က ထိုနေရာတစ်ဝိုက်တွင် ဆက်လက်ရှင်သန်နေခဲ့ကြသည်။

ဂမုန်းရှာဖွေသူတို့က ထိုအပင်များကို တွေ့သောအခါ ဥအရောင် အပင်အရောင်ကိုကြည့်ပြီး ဂမုန်းဖြူ ဂမုန်းနီ ဂမုန်းနက်ဟု အမည်တပ်ကာ စိုက်ပျိုးထားကြသည်။

ထိုဂမုန်းပင်တို့မှာ သိဒ္ဓိပေါက်သော အဆင့်ရောက်စေကာမူ အထိုင်အသျှောက်တော့ သူ့နေရာနှင့်သူ ဆေးဖက်



www.burmeseclassic.com

www.burmeseclassic.com



ဝင် အသုံးဝင်ကြလေသည်။

သိဒ္ဓိရှိသော ဆေးပင်နှင့် အမြစ်ချင်းဆက်ကာ ပေါက်ခွင့်ရခဲ့သောကြောင့် အနည်းနှင့်အများတော့ အစွမ်းသတ္တိရှိကြသည်ကတော့ အမှန်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ တောတောင်များအတွင်းလှည့်လည်ကာ အလိုရှိသော သစ်ခွပန်းများ ရှာဖွေကြရာ ရသင့်သလောက်တော့ ရကြလေသည်။ ၎င်းတို့ တောဝင်သော အချိန်မှာ မိုးအကုန် ဆောင်းဝင်စရာသီ ဖြစ်သောကြောင့် ဆောင်းရာသီကို နှစ်သက်သော သစ်ခွပန်းအပါအဝင် ပန်းမျိုးစုံတော့ ပွင့်လန်းကြသော ရာသီလည်း ဖြစ်ပေသည်။

တစ်နေ့မှာ တောတွင်းမှ စခန်းချသော နေရာသို့ ပြန်လာကြစဉ် တစ်နေရာရောက်တော့ လူညည်းညူသံမျိုး ကြားရသဖြင့် နားစွင့်လိုက်ကြသည်။

"တဟင်းဟင်း"ဖြင့် ကြားနေရသောအသံမှာ သူတို့ရောက်နေသည့်နေရာနှင့် မဝေးလှပေ။

"လူညည်းသံ မဟုတ်လား"

"ဟုတ်တယ်ထင်တယ်၊ သွားကြည့်ကြရအောင်"

အချိန်က ညနေပိုင်းအချိန် ရောက်လာပြီ ဖြစ်သောကြောင့် တောတွင်းမှာ အလင်းရောင် သိပ်မရှိတော့ပေ။

နှင်းစက်ကျသံများက နေရာအနှံ့တွင် ကြားနေရသည်။





လေးယောက်သား ပါလာသော လက်နက်များကို အဆင်သင့်ပြင်ပြီး အသံကြားရာဘက်သို့ သွားကြလေသည်။

လျှိုတစ်ခုအတွင်းရောက်တော့ အောက်တွင်လဲကျနေသော လူတစ်ယောက်ကို လှမ်းမြင်ကြရသည်။

လျှိုက သိပ်မနက်လှပေ။

သို့ကြောင့် အောက်သို့ ဆင်းသွားပြီး အခြေအနေကြည့်ကြသည်။

ထိုလူမှာ အသက်(၅၀)ကျော်ခန့်သာ ရှိသေးသော်လည်း ကျန်းမာရေး ချို့တဲ့လွန်းဟန်ဖြင့် ပိန်ကပ်နေလေသည်။ ဝတ်ဆင်ထားသော အဝတ်အစားတို့ကလည်း အရောင်အဆင်းပင် မပေါ်တော့ပေ။

ဦးမွန်ထော်က ပွေ့ထူပြီး အခြေအနေကြည့်သည်။

"ရေ. . ရေပေးပါ"

အသံတိုးတိုးဖြင့် ပြောသဖြင့် ပါလာသော ရေဗူးထဲမှ ရေကို တိုက်ပေးလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ၊ ဘယ်လိုဖြစ်လာတာလဲ"

မေးသော်လည်း စကားမှပြန်မပြောနိုင်သေးဘဲ အသက်ကိုပင် ကြိုးစားပြီး ရှူနေရဟန်ရှိသည်။ တောတွင်းမှာ ဒီအတိုင်းထားခဲ့၍ မဖြစ်မှန်းတော့ အားလုံး သဘောပေါက်ကြပေသည်။

"သူ့ကြည့်ရတာ အတော်ဒုက္ခရောက်လာခဲ့ပုံရတယ်၊ အဖျားလည်းဝင်နေတယ်၊ ကျုပ်တို့စခန်းကိုခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



ဦး ဆေးကုပေးမှ သင့်မယ်"

ဟု ဦးမွန်ထော်က ပြောသည်။

အချိန်ကလည်း သိပ်မရှိတော့သဖြင့် ထွေထွေထူး ထူး စဉ်းစားမနေကြတော့ပဲ ဝါးများဖြင့် ကပ်စင်တစ်ခု အရေး ပေါ်ပြုလုပ်ကာ ထိုလူကို စခန်းသို့ သယ်ယူခဲ့ကြလေတော့ သည်။







# အခန်း (၉)

# ငွေတွင်းတွေ့သော်လည်း သေမင်းလက်မှ မလွတ်သူ

စခန်းချနေသော ဂူအတွင်းသို့ ရောက်သောအခါ ခေါ်လာသောလူနာကို သင့်တော်သောနေရာစွင်ထားပြီး အစားအသောက်များကို စီစဉ်ကာ စားသောက်ကြသည်။

ရေနွေးပူပူ ရသောအခါမှ ဦးမွန်ထော်က ရင်းရှာ ခဲ့လာသော ဆေးဝါးများဖြင့် လူနာကို ဆေးတိုက်ပေးလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သတိပြန်ရလာသော်လည်း ရောဂါကျွမ်းနေပြီ ဖြစ်သောကြောင့် မျှော်လင့်ချက်တော့ သိပ်မရှိလှပေ။

ညဦးပိုင်း အချိန်ရောက်တော့ သတိပြန်ရလာပြီး စကားပြောနိုင်သော အခြေအနေသို့ ရောက်လာလေသည်။

"အခုလို ကူညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါထက် ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ကျွန်တော်တို့က သစ်ခွပန်း လိုက်ရှာနေတဲ့ သူတွေပါ"

"ခင်ဗျားတို့နဲ့တွေ့လို့သာ အသက်ရှင်ခွင့် ဆက်ရနေသေးတာ ဖြစ်ပါတယ်၊ ဒါပေမယ့် ကျုပ်ရောဂါအခြေအနေက ရတော့မယ် မထင်ပါဘူး"

"ဒီလောက်လည်း အားမလျော့ပါနဲ့ဗျာ၊ ကျွန်တော်တို့မှာ ပါလာတဲ့ဆေးတွေနဲ့ တတ်နိုင်သလောက်တော့ ခင်ဗျားကို ကုပေးပါ့မယ်"

ထိုသူက ခေါင်းညိတ်ပြရုံသာ ပြုသည်။ ထိုမျှလောက် စကားပြောရသည်နှင့်ပင် သူ့အခြေအနေက အတော်ကလေး မောနေဟန်ရှိသည်။

"ဒါထက် ခင်ဗျားက ဘယ်သူလဲ၊ ဘယ်လိုဖြစ်လာတာလဲ"

"ကျုပ်နာမည်က ရွှေလူလို့ ခေါ်ပါတယ်၊ ကျုပ်က သတ္တုတွင်းတွေနဲ့နီးတဲ့ ဇရပ်လှရွာမှာ နေပါတယ်၊ အဖြစ်





အပျက်ကတော့ ဒီလိုပါဗျာ"

ဟု အားတင်းပြီး အဖြစ်အပျက်အချို့ကို ပြောပြလေသည်။

ရွှေလူနှင့် ပေတလူတို့မှာ ညီအစ်ကို တော်စပ်ကာ ဇရပ်လှရွာ၌ နေထိုင်ကြသူများ ဖြစ်ကြလေသည်။

၎င်းတို့ ညီအစ်ကိုနှစ်ယောက်မှာ လက်လုပ်လက် စား ဆင်းရဲသားများ ဖြစ်ကြလေသည်။

၎င်းတို့ ညီအစ်ကိုနှစ်ယောက်မှာ လက်လုပ်လက်စား ဆင်းရဲသားများ ဖြစ်ကြလေသည်။ အလုပ်မျိုးစုံလုပ်ပြီး အသက်မွေးဝမ်းကျောင်း ပြုနေကြရသည်။

"ငါတို့ဘဝကလည်း ဆင်းရဲလိုက်တာ ပေတလူရာ၊ အတိုင်းနေလို့တော့ ဘာမှဖြစ်လာမယ် မထင်ဘူး၊ စွန့်စွန့်စားစား အလုပ်သွားလုပ်ရရင် မကောင်းဘူးလား"

"မင်းက ဘယ်လိုအလုပ်လုပ်ဖို့ စိတ်ကူးထားလို့လဲ"

"သတ္တုတွင်းသွားပြီး လုပ်ကြရင် မကောင်းပေဘူးလား"

"အဲဒီမှာလုပ်ရတာ အတော်ပင်ပန်းတယ်လို့ သတင်းကြားရတယ်၊ နောက်ပြီး ဝင်သွားပြီးရင် ပြန်မလွတ်တော့ဘူးလို့လည်း ပြောသံကြားတယ်"

"ငါတို့ ညီအစ်ကိုက နောက်ဆံတင်းစရာ ရှိကြတာမှတ်လို့၊ ပြန်မလွတ်တော့လည်း နေရုံပေါ့၊ နေဖို့စားဖို့ရရင် ပြီးတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူ ရွှေလူက တဖြည်းဖြည်း နားချသဖြင့် ပေတလူပါ စိတ်ပါလာပြီး သတ္တုတွင်းသွားကာ အလုပ်လုပ်ကြလေသည်။

လအနည်းငယ်ကြာတော့ သတ္တုတူးဖော်ရင်းနှင့် ငွေကြောရှိသည့် နေရာတစ်ခုကို တွေ့သွားကြသည်။

ထိုအကြောင်းကို ဘယ်သူ့မှ မပြောပဲ ညီအစ်ကိုနှစ်ယောက်တည်း ကြိတ်၍တိုင်ပင်ကြသည်။

"ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ငွေကြောက အတော်ကြီးတယ်၊ အရှေ့ဘက်ကိုထိုးထွက်သွားတာဆိုတော့ ငါတို့ ညီအစ်ကိုနှစ်ယောက် အပြင်ပြန်ထွက်ပြီး ပြန်တူးယူရရင် မကောင်းဘူးလား"

"သူတို့ လိုင်စင်ယူထားတဲ့ နယ်နိမိတ်ထဲမှာဆိုတော့ ကိုယ့်သဘောနဲ့ကိုယ် တူးလို့ဖြစ်မယ်မထင်ဘူး"

"မင်းကလည်း အကြံတုံးလိုက်တာ မသိအောင် တူးယူမှာပေါ့ကွ"

ဟု ပြောဆိုတိုင်ပင်ပြီး ညီအစ်ကိုနှစ်ယောက် အပြင်သို့ ပြန်ရောက်အောင် ကြိုးစားပြီး ထွက်ပြေးကြသည်။

ရွှေလူက အကြံကြီးသူတစ်ယောက် ဖြစ်သောကြောင့် အရှေ့အနောက်တောင်မြောက် မှတ်သားကာ ငွေကြောထိုးထွက်သွားသော နေရာတစ်ဝိုက်ကို မြေပုံကြမ်းတစ်ခု ရေးမှတ်ထားလေသည်။

ရင်းတို့သည် အပြင်ဘက်သို့ ပြန်ရောက်သောအခါ ငွေကြောကြီးရှိသော နေရာသို့ မှန်းပြီး လိုက်လံကြည့်ကြလေသည်။

ကံအားလျော်စွာ ထိုနေရာမှာ တောင်ကြားတစ်ခုအတွင်းမှာ ရောက်နေလေသည်။

"တောင်ကြားထဲမှာဆိုတော့ ငါတို့လုပ်နေတာ ဘယ်သူမှ မသိတော့ဘူးပေါ့ကွာ၊ တကယ်လို့သာ ငွေကြောကြီးကို တူးဖော်လို့ တွေ့ရပြီ ဆိုရင်တော့ ငါတို့ ညီအစ်ကိုနှစ်ယောက် ချမ်းသာနိုင်တယ်"

"ဒါထက် ရှာလို့တွေ့ရင်ကော ငါတို့နှစ်ယောက်တည်းနဲ့ လုပ်လို့ရပါ့မလား"

"ဘာဖြစ်လို့ မရရမှာလဲ၊ ဒီလိုပဲ တဖြည်းဖြည်း တူးဖော်ယူမှာပေါ့"

"လက်နက်ကိရိယာတွေကရော ဘယ်ကရမှာလဲ"

"မင်းကလည်း ဘာမှမလုပ်ခင်ကတည်းက မဖြစ်မှာကို တွေးပူနေတာကိုး၊ ဘာမှမစိုးရိမ်နဲ့၊ မင်း ငါ့နောက်ကလိုက်ပြီးတော့သာ ငါခိုင်းတာ လုပ်ပေတော့"

ထိုသို့ ပြောသဖြင့် ပေတလူလည်း ဘာမှ ထပ်မပြောတော့ပေ။

နောက်ပိုင်းရက်များမှာတော့ ညီအစ်ကိုနှစ်ယောက် စခဲ့စရာများကို စတင်စီစဉ်ကြလေတော့သည်။

တူးဖော်ရန် ပေါက်ချွန်း၊ တူရွင်း၊ ဂေါ်ပြား၊ ပေါက်တူး၊ သည်တို့ ရှာဖွေစုဆောင်းခြင်း အလုပ်လုပ်နေစဉ် စားသောက်

www.burmeseclassic.com



ရန် ရိက္ခာများ ရသမျှစုဆောင်းပြီးနောက် တောင်ကြားသို့ ဆင်းကြည့်ကြသည်။

တောင်ကြားမှာ သိပ်မနက်လှပေ။

အောက်ရောက်တော့ ရှည်လျားသော ဂူပေါက်ရှည် တစ်ခုကို တွေ့ရသဖြင့် ဝမ်းသာသွားကြလေသည်။

"ငါတို့ ညီအစ်ကိုတော့ ကောင်းတွေက မကြ ထင်တယ်၊ ဒီဂူပေါက်အခြေအနေကြည့်ရတာ ငါ ရေးယူလာ တဲ့ မြေပုံအတိုင်းဆိုရင် ငွေကြောကြီး ရှိတဲ့ဘက်ကို ရောက် မယ့်ပုံပဲကွ"

ဟု ဝမ်းသာအားရပြောဆိုကာ ညီအစ်ကိုနှစ်ယောက် လိုအပ်သော ပစ္စည်းများကို တစ်ပါတည်း သယ်ဆောင်ကာ ဂူအတွင်းသို့ ဝင်ရောက်ကြသည်။

ဂူမှာ လူသူမရောက်သော ဂူမျိုးဖြစ်သည်။

သိပ်မကျဉ်းသလို သိပ်လည်း မကျယ်လှပေ။

ဂူတွင်းမှာ တသွင်သွင်စီးနေသော စမ်းချောင်း လေးများ ရှိနေသောကြောင့် စိုစွတ်ကာ အေးစိမ့်နေသည်။

အတွင်းပိုင်းရောက်တော့ မှောင်လာသောကြောင့် အသင့်ပါလာသော မီးတုတ်များကို မီးထွန်း၍ အသုံးပြုရ သည်။

ဂူပေါက်ဖြစ်နေပုံမှာ အရှေ့မှ အနောက်သို့ ဦးတည် နေသောကြောင့် သူတို့အတွက် မျှော်လင့်ချက်ထား၍ရသော အနေအထားမျိုးဟု ဆိုရပေမည်။





နောက်တစ်ချက်က ဂူပေါက်မှာ သိပ်မရှည်လှပေ။

မိုင်ဝက်ခန့်လောက်သာရှည်ပြီး အတွင်းရောက် တော့ လိုဏ်ခေါင်းကျယ်တစ်ခုသို့ ရောက်သွားသည်။

ထိုနေရာရောက်တော့ နှစ်ယောက်သား သင့်တော် သာနေရာ၌ နားကြလေသည်။

အစားအသောက်များ စားသောက်ရင်းနှင့် ရွှေလူက ရေးဆွဲလာသော မြေပုံကို ကြည့်နေလေသည်။ ပေတလူ တော့ အစ်ကိုဖြစ်သူ ခေါ်လာသောကြောင့်သာ လိုက်လာ သော်လည်း ယခုအခြေအနေအထိ ထိုအလုပ်ကို စိတ်ဝင် စားခြင်း မရှိသေးသောကြောင့် အစားအသောက်များကို သုပ်ပလောင်း စားသောက်နေလေသည်။

"အတွင်းမှာ ငါတို့တွေ့ခဲ့တဲ့ ငွေကြောကြီးက အရှေ့ ဘက်ကို ဦးတည်နေတာဆိုတော့ ဒီနေရာ တစ်ဝိုက်လောက် မှာပဲ ရှိမယ်ထင်တယ်"

ပေတလူကတော့ ဘာမှပြန်မပြောပေ။

"စားသောက်ပြီးရင်တော့ စတူးကြတာပေါ့"

"မတွေ့ရင် ဘယ့်နှယ်လုပ်မလဲ"

"မင်း ဒါကြောင့်မကြီးပွားတာ၊ မတွေ့တော့လည်း တွေ့အောင်ကြိုးစားပြီး ရှာရမှာပေါ့ကွာ"

ဟု ဓလေ့သံမာမာဖြင့် ပြောလိုက်တော့မှ ငြိမ်ကျသွား သည်။ အစ်ကိုဖြစ်သူကို ငယ်စဉ်ကတည်းက ကြောက်ရ ဖြင့် ထွေထွေထူးထူးတော့ ပြန်မပြောတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးတော့ မနီးမဝေးမှာ ရှိနေသော စမ်းချောင်းကလေးသို့ ရေသောက်ဖို့ ထသွားစဉ် မီးရောင်ဖြင့် အရောင်လက်နေသည့် အတုံးကလေးများကို တွေ့ရသဖြင့် ပေတလူက ကောက်ယူလိုက်သည်။

အတုံးကလေးများမှာ ကျောက်ခဲတုံးအရွယ်လော ရှိသော်လည်း ကျောက်ခဲတုံးလောက်တော့ မလေးပေ။

အချို့ ရေညှိများ တက်နေသဖြင့် အရောင်အဆင် မ ပေါ်သော်လည်း အချို့မှာ ရေစီးဖြင့် ပွတ်တိုက်ထားသော ကြောင့် ငွေရောင်တောက်ပနေလေသည်။

"အစ်ကို ဒီမှာ ငွေတုံးတွေ"

ဟု လှမ်းပြောသဖြင့် ရွှေလူက စိုက်ထားသော တိုင်ကိုကိုင်ပြီး ထိုနေရာသို့ ကပျာကယာ သွားလေသည်။

အနားရောက်တော့ ပေတလူပေးသော အတုံး လေးများကို ယူကြည့်လိုက်ရာ အမှန်ပင် ငွေတုံးများ ဖြစ် သည်ကို တွေ့ရလေသည်။

"ဟာ ငွေတုံးတွေက မင်း ဘယ်နေရာက တွေ့ လဲ"

"စမ်းချောင်းထဲမှာ အများကြီးပဲ"

"ဟင်. ."

နှစ်ယောက်သား ဝမ်းသာအားရနှင့် စမ်းချောင်းရှိ သို့ သွားကြည့်သောအခါ နေရာအနှံ့အပြားတွင် ငွေ အမြောက်အများတို့ကို တွေ့ရလေသည်။





"အာ ငွေတုံးငွေခဲတွေ အများကြီးပဲကွ၊ ငါတို့ နှစ်ယောက်တော့ ချမ်းသာပြီ"

"ဘယ်လိုလုပ်ကြမလဲ အစ်ကို"

"ဒါ ငါတို့တွေ့ခဲ့တဲ့ ငွေကြောကြီးက ထွက်လာတဲ့ ငွေတုံးတွေပဲ ဖြစ်ရမယ်၊ ဒီအတိုင်း ဆိုရင်တော့ စမ်းချောင်း စိမ့်ထွက် နေရာတစ်ဝိုက်မှာ ငွေကြောကြီးရှိတဲ့ပုံ ပေါ်တယ်၊ အဲဒီနေရာမှာပဲ စတူးကြည့်ကြတာပေါ့"

ထို့နောက် နှစ်ယောက်သား စမ်းချောင်းတစ်ဝိုက်တွင် တွေ့သမျှ ငွေတုံးငွေခဲတွေကို ရသမျှကောက်ယူ၍ အိတ်တစ်လုံးဖြင့် ထည့်ထားကြလေသည်။

စမ်းချောင်းထဲမှ ကောက်ယူရရှိသော ငွေများကပင် အိတ်တစ်လုံးစာခန့် ရကြလေသည်။ ထိုသို့ ငွေတုံးများကို တွေ့ရတော့မှ စောစောက စိတ်မပါသော ပေတလူပင် စိတ်ပါလာပြီး တက်တက်ကြွကြွ ဖြစ်လာလေသည်။

စမ်းချောင်းတစ်ဝိုက်မှာ ပြန့်ကျဲနေသော ငွေတုံးများကို ကောက်ယူစုဆောင်းကြပြီး ရေစိမ့်ထွက်နေသော နေရာတစ်ဝိုက်အား တူရွင်း ပေါက်ပြား စသည်တို့နှင့် စတင်တူးဖော်ကြလေသည်။

သူတို့အတွက် ကံကောင်းသည်ဟု ဆိုရလေမည်လား မပြောတတ်ပေ။ ရေဖြင့် နူးနေသော စမ်းချောင်းတစ်ဝိုက်မှ မြေများကိုတူး၍ သိပ်မကြာခင်မှာပင် ငွေကြောကို စတင်တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တသွင်သွင်စီးနေသော စမ်းချောင်းမှာ ငွေကြော ဖြတ်ပြီး စီးနေခြင်း ဖြစ်၏။

ရက်အတန်ကြာတော့ နှစ်ယောက်သား တက်ညီ လက်ညီ တူးကြသဖြင့် ငွေတုံးငွေခဲ အမြောက်အများတို့ကို စုဆောင်းရခဲ့ကြပေသည်။

ထိုနေရာရောက်တော့ ရွှေလူဆိုသူမှာ စကား ဆက်နိုင်တော့ပဲ မောနေသောကြောင့် ဒေါက်တာမင်းထင် ကျော်က ဆေးရည်တစ်ခွက် ပေးလိုက်သဖြင့် သောက်သည်။

ဆေးရည်သောက်ပြီး အနည်းငယ်ကြာတော့မှ အ နည်းငယ် သက်သာခွင့်ရလာသဖြင့် ဒေါက်တာမင်းထင် ကျော်က မေးလိုက်သည်။

"ငွေတွေတွေ့တော့ ဘာလုပ်ကြသလဲ"

ထိုအခါ ရွှေလူက အားယူပြီး ဆက်ပြောပြန်လေ သည်။

ငွေကြောကြီး တွေ့ပြီးနောက် ရွှေလူနှင့် ပေတလူတို့ နှစ်ယောက်တို့သည် ရသမျှတူးဖော်ယူကြသည်။ ထို့နောက် ရွာမှ မိုးပြဲဒယ်အိုးတစ်လုံးကို လူသူမသိအောင် သယ်ယူလာ ပြီးနောက် ငွေများကို ချက်သည်။

ထိုသို့ ချက်ပြီးနောက် ငွေဒင်္ဂါးအရွယ်အစား ဒင်္ဂါးပြား များ ပြုလုပ်ထားကြလေသည်။

"ဒါတွေကို တစ်ခါတည်း သယ်ယူသွားလို့တော့ ဖြစ်ဘူး၊ တစ်နေရာမှာ ဝှက်ထားခဲ့ပြီး လိုမှ လာယူသုံးတာ





ကောင်းမယ်ထင်တယ်"

ဟု ပြောဆိုတိုင်ပင်ပြီး ပြုလုပ်ထားပြီးသော ငွေဒင်္ဂါး ပြားများကို ဂူအတွင်း တစ်နေရာ၌ သို့ဝှက်ထားကြလေ သည်။

အတော်များများ ရသောအခါမှာတော့ ၎င်းတို့ သုံးစွဲ ရန် ငွေဒင်္ဂါးအချို့ယူပြီး ရွာသို့ ပြန်သွားကြလေသည်။

ရွာသို့ ပြန်ရောက်သောအခါ ပေတလူထံမှ ငွေဒင်္ဂါး များတွေ့သောအခါ အချို့က မေးကြသော်လည်း မပြောပေ။ အရက်မူးအောင်တိုက်ပြီး မေးတော့မှ ပြောပြလေသည်။

တစ်ဆင့်စကား တစ်ဆင့်ပြန့်ကားသွားခဲ့သဖြင့် ထို သတင်းကို သတ္တုတွင်းမှလူများ ကြားသွားသဖြင့် လာရောက် ဖမ်းဆီးလေတော့သည်။

ထိုအခါမှ နှစ်ယောက်သား ဘေးလွတ်ရာသို့ ထွက် ပြေးကြရာ တစ်ယောက်တစ်ကွဲစီ ဖြစ်သွားကြလေတော့ သည်။

ပေတလူနှင့် ကွဲသွားကြပြီးနောက် ရွှေလူမှာ တော ထဲတွင် ရက်အတော်ကြာအောင် တိမ်းရှောင်နေရလေ သည်။

သတ္တုတွင်းမှ လက်နက်ကိုင်များကလည်း ၎င်းတို့ နောက်သို့ သဲကြီးမဲကြီး လိုက်လံရှာဖွေကြလေသည်။

"ကျုပ်လည်း တစ်နေရာပြီး တစ်နေရာ ရှောင်ပုန်း ရင်းနဲ့ စားစရာလည်းမရှိ၊ ပင်ပန်းတဲ့ဒဏ်ကိုလည်း ခံရတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အခုလို ဥက်ဖျားရောဂါ စွဲခဲ့ရတာပါပဲဗျာ"

ဟု ပြောပြလေသည်။

"ဒါထက် ခင်ဗျားတို့ လုပ်ထားတဲ့ ငွေဒင်္ဂါးတွေက တစ်နေရာမှာ ရှိသေးတာပေါ့"

"ဟုတ်တယ်"

"အဲဒီနေရာကို ခင်ဗျားညီ ပေတလူလည်း သိတယ် မဟုတ်လား"

"သိပေမယ့် မြေပုံမရှိရင် သူ ရှာတွေ့မယ် မထင်ဘူး"

"မြေပုံက ဘယ်သူ့ဆီမှာလဲ"

"ကျုပ်ဆီမှာ ပါလာပါတယ်"

ဟုပြောကာ ၎င်းဝတ်ထားသော အင်္ကျီဟောင်းကြီး အတွင်းအိတ်ထဲမှ ပိတ်ကြမ်းပေါ်တွင် ဖြစ်သလိုရေးထားသော မြေပုံကြမ်းတစ်ခုနှင့် သူတို့ပြုလုပ်ထားသော ငွေဒင်္ဂါးပြားအချို့ကို ထုတ်ပြလေသည်။

ငွေဒင်္ဂါးများမှာ မည်သည့်တံဆိပ် အမှတ်အသားမှမပါပဲ ပြောင်ချောအတိုင်းပင် ဖြစ်သည်။

"ဒီဒင်္ဂါးတွေက ကျုပ်တို့ ညီအစ်ကိုနှစ်ယောက် အသက်နဲ့ရင်းပြီး လုပ်ထားတာဆိုတော့ သူတို့လက်ထဲ ပါသွားလို့တော့ မဖြစ်ဘူး"

"ဒါဖြင့် ခင်ဗျားက ဘယ်လိုလုပ်ချင်တာလဲ"

"ခင်ဗျားတို့ ရှာဖွေယူပြီး ကျုပ်ညီတွေ့ရင်လည်း တစ်ဝက်ပေးလိုက်ပါ၊ ကျန်တစ်ဝက်ထဲက ခင်ဗျားတို့လည်း သင့်သလောက် ယူကြပါ၊ ပိုတာတွေကိုတော့ ဒုက္ခရောက်နေတဲ့ လူတွေကို ဝေငှပေးလိုက်ပါဗျာ"

"ကောင်းပါပြီ၊ ခင်ဗျားဖြစ်စေချင်တဲ့အတိုင်း ကြိုးစားပြီး လုပ်ပေးပါ့မယ်"

"ကျေး . . ကျေးဇူးတင်ပါတယ်ဗျာ"

ထို့နောက်မှာတော့ ကြိုးစားပြီး ဆေးကုပေးသော်လည်း ရောဂါကျွမ်းနေပြီဖြစ်သော ရွှေလူတစ်ယောက် သေဆုံးသွားလေတော့သည်။ သို့ကြောင့် တစ်နေရာမှာပင် မြေမြှုပ်ပြီး ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်ကြလေသည်။

"ကျုပ်တို့တော့ မမျှော်လင့်ပဲ အလုပ်တာဝန်တစ်ခု တော့ တိုးလာပြန်ပြီ ထင်တယ်"

ဟု ဦးမွန်ထော်က ပြောသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ကတိပေးလိုက်ပြီဆိုတော့ သူ့အတွက်တော့ လုပ်ပေးရမှာပဲ"

"အခုချက်ချင်း သွားကြမှာလား"

"ဒီလိုသွားလို့တော့ မသင့်သေးဘူးထင်တယ်၊ သတ္တုတွင်းကလူတွေက အဲဒီပတ်ဝန်းကျင်တစ်ဝိုက်မှာ စောင့်ချင်စောင့်နေကြမှာ"

"ပေတလူကို တွေ့ရင်တော့ အဆင်ပြေမယ်ထင်တယ်"

"တစ်ခါမှလည်း မမြင်ဘူးတော့ တွေ့ရင်တောင် သိဖို့





www.burmeseclassic.com

www.burmeseclassic.com



မလွယ်လှဘူး”

“ဒီလိုပဲ မေးမြန်းကြည့်ရမှာပေါ့၊ သစ်ခွပန်းရှာရင်းနဲ့ နောက်တစ်ရက်လောက်မှ အဲဒီဘက်သွားပြီး အခြေအနေ ကြည့်ကြရင် မကောင်းဘူးလား”

“ဆရာ့သဘောပါပဲ၊ ကျွန်တော်တို့ကတော့ ဘာပဲဖြစ်ဖြစ် စိတ်ဝင်စားကြပါတယ်”

ဟု အတူပါလာသော ကျော်စွာက ပြောလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ မမျှော်လင့်ဘဲ လက်ထဲရောက်လာသော မြေပုံကြမ်းတစ်ခုနှင့် ငွေဒင်္ဂါးပြားများကိုကြည့်ရင်း တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ရပုံများအကြောင်းကို တွေးတောနေမိလေသည်။







# အခန်း (၁၀)

# တောတွင်းမှ အသက်လုပွဲများ

ဆရာဝန်ကြီး ဦးမင်းဟန်ခေါင်းဆောင်သော ဆရာဝန်အဖွဲ့တစ်ဖွဲ့မှာ သတ္တုတွင်းသို့ ရောက်နေကြလေသည်။

၎င်းတို့မှာ ထိုဒေသတွင် ကပ်ရောဂါအချို့ ဖြစ်ပွားနေသည်ဟု သတင်းကြားရသဖြင့် ဆေးကုသပေးရန်အတွက် ကျန်းမာရေးအဖွဲ့မှ စေလွှတ်လိုက်ခြင်း ဖြစ်သည်။

ထိုအဖွဲ့ကို ခေါင်းဆောင်လာသူမှာ ဆရာဝန်ကြီး ဦးမင်းဟန်ပင်ဖြစ်ပြီး ၎င်းနှင့်အတူ ဒေါက်တာမြနန္ဒာ၊ ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



တာချွန္တရာနှင့် သူနာပြု နော်ဆေးဖောတို့ ပါလာကြသည်။

ထိုဒေသရောက်မှ ခရီးလမ်းကျွမ်းကျင်သူကို ခေါ်ဆောင်ပြန်ရာ ဒေသခံဖြစ်သူ စိုင်းကျော် ပါလာသဖြင့် စုစုပေါင်း ငါးယောက်ဖြစ်သည်။

၎င်းတို့သည် ခရီးအတန်တန် လာခဲ့ကြရာ သတ္တုတွင်းသို့ ရောက်လာခဲ့ကြခြင်း ဖြစ်၏။

ထိုနေရာသို့ ရောက်သောအခါ သာမန်ရောဂါဖြစ်နေသူ အချို့မှလွဲပြီး ကပ်ရောဂါ ဖြစ်နေသူဆို၍ တစ်ဦးတစ်ယောက်မှ မတွေ့ရသဖြင့် အံ့ဩနေကြလေသည်။

ထိုစခန်းတွင် တည်းခိုနေစဉ်မှာတော့ မသင်္ကာစရာ တချို့တော့ တွေ့ခဲ့ကြရသည်။

တစ်ညမှာတော့ ကပ်ရောဂါဖြစ်နေသော လူနာတစ်ယောက်ကို အမှတ်မထင် တွေ့ခဲ့ရသည်။ ထိုလူနာက မသေခင် ပြောပြသွားသောကြောင့် ထိုစခန်းတွင် ကပ်ရောဂါများဖြစ်နေသည့် လူနာများ ရှိနေသည်ကို သိခဲ့ကြရသည်။

ထိုလူနာက မသေခင် 'တောင်လုံးကျော်ရွာ'သို့ သွားရောက်စုံစမ်းရန် မှာကြားသွားခဲ့လေသည်။

သို့ကြောင့် နောက်တစ်နေ့တွင် သတ္တုတွင်းမှ မြောက်ဘက်၌ရှိသော တောင်လုံးကျော်ရွာသို့ သွားရောက်စုံစမ်းရန် အချင်းချင်း တိုင်ပင်ထားကြလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါ ခရီးထွက်ရန် ပြင်နေကြစဉ်မှာ စခန်းကို လှည့်လည်စစ်ဆေး





သော အစောင့်များက ညက သေဆုံးသွားသော အလောင်းကို တွေ့သွားကြလေသည်။

ထိုအကြောင်းကို သိသဖြင့် လက်ထောက်တာဝန်ခံတစ်ဦးဖြစ်သော ဦးမင်းဒင်ဆိုသူ ရောက်လာလေသည်။

"ဒီလူမသေခင်က ခင်ဗျားတို့နဲ့ တွေ့တာလား"

ဦးမင်းဟန်က ခေါင်းညိတ်ပြလိုက်သည်။

"သူ ဘာတွေပြောသွားသေးလဲ"

"တခြားတော့ မပြောပါဘူး၊ သူက ဒီစခန်းက အလုပ်သမားတစ်ယောက် ဆိုတာလောက်ပဲ ပြောသွားတာပါ၊ စစ်ဆေးကြည့်တော့ ကပ်ရောဂါ ဖြစ်နေတာကို တွေ့ရတယ်"

ဦးမင်းဒင်က မျက်စိမျက်နှာတစ်ချက်ပျက်သွားလေသည်။

"ခင်ဗျားတို့ ဒီလို စပ်စပ်စုစု လုပ်တာကိုတော့ ပက်ထရစ်က ကြိုက်မှာမဟုတ်ဘူး၊ သူက သူ့လုပ်ငန်းနဲ့ ပတ်သက်ပြီး အပြင်လူတွေလာပြီး ပတ်သက်တာမျိုး သဘောမကျဘူး"

"ဒီလူက ညက ဒီနေရာရောက်လာတယ်၊ စစ်ဆေးကြည့်တော့ ကပ်ရောဂါ ဖြစ်နေတာ တွေ့ရတယ်၊ ကျုပ်တို့က ဆရာဝန်တွေလေ၊ ဆရာဝန်က ဆေးကုပေးဖို့ တာဝန်ရှိတယ်၊ ဒါ ခင်ဗျားတို့အလုပ်ကို စပ်စုတာတော့ ဟုတ်မယ်မထင်ပါဘူး"

ဦးမင်းဟန်က လေသံမာမာဖြင့် ပြောလိုက်တော့မှ ဦးမင်းဒင်လည်း ဘာမှပြန်မပြောတော့ပဲ မျက်နှာမကောင်းမယာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။

ထို့နောက်တော့ ဦးမင်းဟန်တို့ အဖွဲ့လည်း ထိုစခန်းမှ ပြန်လည်ထွက်လာခဲ့ကြလေသည်။

ရင်းတို့ ထွက်လာတော့ လာရောက်နှုတ်ဆက်မည့်သူပင် မတွေ့ရပေ။

စခန်းနှင့် အတော်ဝေးဝေးရောက်ကြတော့မှ လမ်းပြသော စိုင်းကျော်က မေးသည်။

"ဆရာတို့ ဘယ်နေရာ သွားကြမလဲ"

"တောင်လုံးကျော်ရွာကိုသွားမယ်၊ အတော်ခရီးဝေးသလား"

"သိပ်တော့ မဝေးလှပါဘူး၊ နေ့ဝက်ခရီးလောက်ပဲ သွားကြရမယ်၊ ဒါပေမယ့် တောတောင်တွေထဲက ဖြတ်သွားကြရမယ်၊ တခြားနေရာက သွားစရာလမ်းမရှိဘူး"

"ဒီလိုပဲ နားလိုက်သွားလိုက်နဲ့ ခရီးဆက်ရမှာပဲ"

ဟု ပြောဆိုကာ တောင်လုံးကျော်ရွာရှိသော နေရာဘက်သို့ ဦးတည်ကာ ခရီးဆက်ကြလေသည်။

နေမြင့်သော အချိန်ရောက်တော့ သစ်ပင်များ အုံ့ဆိုင်းနေသည့် တောအုပ်တစ်ခုအတွင်းသို့ ရောက်သွားကြလေသည်။

တောအုပ်အတွင်းရောက်တော့ လူသွားလမ်းကလေးများသာ တွေ့ရပြီး သီးခြားဖောက်ထားသော လမ်းမျိုးတော့ မတွေ့ကြရပေ။





တောင်ကြားလမ်းတစ်ခု ရောက်သောအခါမှာတော့ အန္တရာယ်နှင့် တွေ့ကြရလေသည်။ အခြားတော့ မဟုတ်ပေ။

သူတို့သွားမည့် လမ်းပေါ်မှာ သေနတ်များ အသီးသီး ကိုင်ထားသော လူသုံးယောက် ရပ်နေသည်ကို လှမ်းမြင်လိုက်ရသည်။

နောက်သို့ ပြန်လှည့်မည် ကြံတော့လည်း ဘယ်အချိန်က ရောက်နေမှန်းမသိသော လူသုံးယောက်က သေနတ်ပြောင်းများကိုင်ကာ စောင့်နေသည်ကို တွေ့ရသည်။

တောင်ကြားလမ်းထဲမှာ ဝင်ပေါက်ထွက်ပေါက် နှစ်နေရာစလုံး ရန်သူများ ရောက်နေပြီ ဖြစ်သောကြောင့် ပြေးမလွတ်တော့ပေ။

"အားလုံး လက်မြှောက်ထားကြ"

ဟု လှမ်းပြောသည်။

"ကျုပ်တို့ ဆေးကုဖို့လာတဲ့ ဆရာဝန်တွေပါ"

"ဆရာဝန်တွေသောဘာသော နားမလည်ဘူး၊ တစ်ယောက်မှ မလှုပ်ကြနဲ့"

ပြောဆိုပြီး တဖြည်းဖြည်း ရွေ့တိုးလာကာ သေနတ်ပြောင်းချိန်သူက ချိန်ထားပြီး သူတို့တစ်ဖွဲ့လုံးကို ကြိုးဖြင့် တုပ်နှောင်ထားလိုက်ကြသည်။

ကြည့်လိုက်တော့ မျက်နှာပေါ်မှာ အဝတ်နက်ခေါင်းစွပ်များ စွပ်ထားကြသဖြင့် ဘယ်သူဘယ်ဝါမှန်း မသိရပေ။

"ငါတို့က ဆေးကုပေးဖို့ လာကြတဲ့သူတွေပါ" ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



မပေးကြပါနဲ့၊ ငါတို့မှာပါတဲ့ ပစ္စည်းတွေကို မင်းတို့ ကြိုက်တာ ယူသွားကြပါ"

"ကျုပ်တို့က ပစ္စည်းလိုချင်လို့ လာတာမဟုတ်ဘူး ခင်ဗျားတို့ကို သတ်မလို့ လာစောင့်နေတာ"

"ရန်သူတွေမှမဟုတ်တာ၊ ဘာကြောင့် သတ်ချင်ကြတာလဲ"

"ခင်ဗျားတို့ကို ရှင်းပြနေဖို့ အချိန်မရဘူး၊ ဟေ့မင်းတို့ ငါးယောက်က သူတို့ကို စောင့်ကြည့်ထားကြ၊ ငါ သူ့ကိုခေါ်သွားမယ်"

ဟု ပြောပြောဆိုဆိုနှင့် ခေါင်းဆောင်လာသူက ကြိုးတုပ်ထားသော မြနန္ဒာကို ဆွဲခေါ်သွားလေသည်။ မြနန္ဒာမှာ ဘယ်လိုမှ မတတ်နိုင်ပဲ ရှုန်းရင်းကန်ရင်းနှင့် ပါသွားလေသည်။

ကျောက်တုံးများ ကွယ်နေသော နေရာရောက်တော့ တွန်းလှဲလိုက်ရာ မြေပြင်ပေါ်သို့ လဲကျသွားလေ့သည်။

"စာလည်းတတ်၊ ရုပ်လည်းချောတဲ့ နင့်ကို သတ်ပစ်ရမှာတော့ နမြောစရာပဲ၊ ဒါပေမယ့် မတတ်နိုင်တော့ဘူး၊ ဒါပေမယ့်. ."

ထိုလူက ပြောပြောဆိုဆိုနှင့် ပက်လက်အနေအထားဖြစ်နေသော မြနန္ဒာကိုယ်ပေါ်သို့ ရောက်လာလေတော့သည်။

မြနန္ဒာမှာ သူမအနေနှင့် ဘယ်လိုအခြေနေမျိုးနှင့်





ကြုံတွေ့ရတော့မည်ကိုသိသဖြင့် ကြိုးစားပြီး ရုန်းကန်သော်လည်း မရတော့ပေ။

နောက်ဆုံး လက်လျှော့ပေးရမည့် အခြေအနေမျိုး ရောက်တော့မှ အခြေအနေက ပြောင်းသွားတော့သည်။

ကျောက်တုံးတစ်နေရာမှ ဖြုတ်ထွက်လာသော မြားတစ်စင်းက ထိုလူ၏ကျောကို ဝင်ရောက်စိုက်ဝင်သွားလေသည်။

"ဗုတ်. ."

"အင့်. ."

ပါးစပ်မှ တစ်ချက်သာ အသံထွက်နိုင်ပြီး မျက်လုံးပြူးထွက်လာကာ တအိအိနှင့် လဲကျသွားလေတော့သည်။

ဒီတော့မှ မြနန္ဒာလည်း နေရာမှ လူးလဲထရလေသည်။ ထိုအမိုက်မှာပင် ကျောက်တုံးနောက်မှ လူရွယ်တစ်ယောက် ထွက်လာလေသည်။

လေးနှင့် မြားဗူးကို ကျောမှာလွယ်ထားသည်။

အနားရောက်လာတော့ မြနန္ဒာကို ကြိုးဖြေပေးရင်း အသံမထွက်စေရန် အချက်ပြလိုက်သေးသည်။

မြနန္ဒာက ကျေးဇူးတင်သော အမူအယာဖြင့် ကြည့်ရင်း ခေါင်းညိတ်ပြသည်။

"ကျွန်တော့်နာမည် နီမောင်လို့ ခေါ်ပါတယ်၊ ကျန်တဲ့လူတွေကိုလည်း ကယ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာ လေးမြှားလက်နက်များ ကိုင်ထား သော လူရှယ်နှစ်ယောက် ထပ်ရောက်လာကြပြန်၏။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ပင် ဖြစ်သည်။

သူတို့သုံးယောက် ဆုံသောအခါ မြနန္ဒာကိုပါ တစ်ခါ တည်းခေါ်ပြီး ဖမ်းထားသော သူများရှိရာသို့ သွားကြလေ သည်။

သူတို့သည် တောင်ကြားလမ်းများမှ ရန်သူများနှင့် အနီးဆုံးနေရာရောက်အောင်သွားကာ သေနတ်ကိုင်ထားသူ သုံးယောက်ကို တစ်ယောက်စီ တာဝန်ယူကာ မြှားပစ်လေ သည်။

ထိုသေအဆိပ်လူးထားသော မြှားတံများက ရန်သူ သုံးယောက်ကို ထိသည်နှင့် သုံးယောက်စလုံး နေရာ ပုံလျက်သား လဲကျသွားလေသည်။

ရန်သူမှာ တစ်ယောက်တည်း ကျန်တော့သဖြင့် သေ နတ်ဖြင့် ပစ်မိပစ်ရာပစ်ပြီးနောက် ထွက်ပြေးလေတော့သည်။

သေနတ်သံများက တောင်ကြားလမ်းတစ်ဝိုက်မှာ ပဲ့တင်ထပ်ကာ ဆူညံသွားလေတော့သည်။

ထွက်ပြေးသွားသော ရန်သူနောက်ကိုတော့ မလိုက် တော့ပဲ ကြိုးတုပ်ခံထားရသော ဆရာဝန်များကို ကြိုးဖြေပေး ကြရလေသည်။

ထိုအခိုက်မှာပင် တောင်ကြားလမ်းတစ်နေရာ နောက်ထပ်သေနတ်သံတစ်ချက် ထပ်ကြားလိုက်ရပြီးနောက်





ထွက်ပြေးနေသော ကျန်တစ်ယောက်မှာ ဒလိမ့်ခေါက်ကွေး ထဲကျသွား လေတော့သည်။

နီမောင်တို့က နောက်ထပ် ရန်သူများ ထပ်ရောက် လာသည် အထင်ဖြင့် အကာအကွယ်ရှိရာသို့ ပြေးဝင်ပြီး လေး မြှားလက်နက်တို့ကို ဖြင်လိုက်ကြသည်။

သို့သော် တောင်ကြားလမ်းအတွင်း ဝင်လာသူ လေး ယောက်မှာ သူတို့ထင်သလို ရန်သူများ မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာ၊ ဦးမွန်ထော်နှင့် မိုင်းလူတို့ လေးယောက်ပင် ဖြစ်ကြသည်။

၎င်းတို့ လေးယောက်က သေသွားသော ရန်သူထံမှ သေနတ်ကို ကောက်ယူလာပြီး နီမောင်တို့ ပုန်းကွယ်နေရာ ဘက်သို့ ဝင်လာကြသည်။

ထိုနေရာရောက်တော့ ရပ်ပြီး အခြေအနေ ကြည့် လိုက်ကြသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

နီမောင်က ကျောက်တုံးနောက်ကွယ်မှ လှမ်းမေး လိုက်သည်။

"ငါတို့က သစ်ခွပန်း ရှာဖွေတဲ့ အဖွဲ့ပါ၊ မင်းတို့နဲ့ ရန်သူတွေ မဟုတ်ကြပါဘူး"

ထိုသို့ပြန်ပြောတော့မှ နီမောင်တို့နှင့် ဦးမင်းဟန်တို့ အဖွဲ့မှာ အပြင်သို့ ထွက်လာကြသည်။

၎င်းတို့ ရောက်လာတော့ ဒေါက်တာမင်းထင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



က ခေါင်းပေါ်မှာဆောင်းထားသော ဦးထုပ်ကိုချွတ်ပြီး နှု
ဆက်လိုက်သည်။

"ဟား . . တခြားသူမှတ်နေတာ၊ ဒေါက်တာမင်းထ
ကျော်ပါလား၊ ဒီလောက်ခေါင်တဲ့တောထဲမှာ တွေ့ကြ
တယ်၊ ချိန်းထားရင်တောင် လွဲနေဦးမယ်"

ဟု ဦးမင်းဟန် ဝမ်းသာအားရဖြင့် ဒေါက်တာ
ထင်ကျော်ကို သွားရောက်နှုတ်ဆက်လေသည်။

"ဆရာကြီးတို့ပါလား၊ တွေ့ရတာ ဝမ်းသာလိုက်တ
ဘယ်လိုဖြစ်နေကြတာလဲ"

"နောက်မှပဲ ပြောတော့မယ် ဒေါက်တာရေ၊ ဒါထ
ခင်ဗျားတို့ကရော ဘာအတွက် ရောက်နေကြတာလဲ"

"မူလကတော့ သစ်ခွပန်းရှာဖွေဖို့ လာကြတာ
အခုတော့ နောက်ထပ် လုပ်ရမယ့်အလုပ်တွေ ထပ်ပေါ်
ပြန်တယ်၊ ကျွန်တော်တို့ ဘာများအကူအညီ ပေးရမလဲ"

ဦးမင်းဟန်မှာ ဒေါက်တာမင်းထင်ကျော်နှင့် သိကျွ
ခင်မင်နေသူ ဖြစ်သောကြောင့် ဝတ္တရားအရ မေးလိုက်
ဖြစ်လေသည်။

"ဒီလိုဆိုရင်တော့ ဒေါက်တာနဲ့ အေးအေးဆေး
တိုင်ပင်ပြီး အကူအညီ တောင်းချင်တာလေးတွေ ရှိတ

"ရပါတယ်ဆရာကြီး ကျွန်တော်တို့ တတ်နိုင်
လောက် ကူညီပေးပါ့မယ်၊ ဒါထက် အခု ဘယ်ကိုသွားကြ
လဲ"

"တောင်လုံးကျော်ရွာကို သွားဖို့ ထွက်လာကြတာပါ"

ထိုအခါ အနားမှာရပ်နေသော နီမောင်က ဝင်မေး
လိုက်သည်။

"တောင်လုံးကျော်ရွာက ဘယ်သူ့ဆီများ သွားကြမှာ
ပါလဲ၊ ကျွန်တော်က တောင်လုံးကျော်ရွာမှာ နေပါတယ်၊ ကျွန်
တော့်နာမည်က နီမောင်လို့ ခေါ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ် နီမောင်၊ ငါတို့အသက်
ကို ကယ်တင်ပေးခဲ့တဲ့အတွက်လည်း မင်းတို့ကို ကျေးဇူးတင်
ပါတယ်"

"ရပါတယ် ဆရာကြီး"

"ဒါတို့က ဆေးကုဖို့ လာကြတဲ့အဖွဲ့ပါ၊ တောင်လုံး
ကျော်ရွာမှာတော့ အသိမိတ်ဆွေ မရှိပါဘူး၊ စုံစမ်းစရာလေး
တွေရှိလို့ သွားမှာပါ"

"ဒီလိုဆိုရင်တော့ ကျွန်တော်နဲ့သာ လိုက်ခဲ့ပါ၊ ဆရာ
ကြီးတို့ တည်းခိုနေထိုင်ဖို့ ကျွန်တော် စီစဉ်ပေးပါ့မယ်"

ထိုသို့ပြောပြီး နီမောင်က အားလုံးကို သူတို့ရွာသို့
ခေါ်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့ အဖွဲ့လည်း ၎င်းတို့နှင့်
အတူ လိုက်လာကြရာ လူစုံတက်စုံ ဖြစ်သွားတော့သည်။

တောင်လုံးကျော်ရွာရောက်တော့ ညနေပိုင်းအချိန်
ဖြစ်နေပေပြီ။

တစ်ရွာလုံးကတော့ နီမောင်တို့ သုံးယောက်နှင့်အတူ







www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်များ ပါလာသောကြောင့် အထူးအဆန်းဖြစ်ထ[...] ထွက် ကြည့်ကြလေသည်။

နီမောင်က ရွာလူကြီး ဦးထန်းဖုန်းရှိန်ထံခေါ်သွား[...] အကျိုးအကြောင်း ပြောပြလိုက်တော့ ဦးထန်းဖုန်းရှိန်လည်း အတော်ပင် ဝမ်းသာသွားလေသည်။

"ကျုပ်တို့ ရွာကိုတော့ နတ်ကောင်းနတ်မြတ်တွေ[...] ဆရာကြီးတို့ကို လွှတ်ပေးလိုက်တယ် ထင်ပါရဲ့ဗျာ၊ ဒီ[...] ရောဂါကုပေးမယ့် ဆရာကြီးတွေ ဒီနေရာမျိုး ရောက်လာ[...] မယ်ဆိုတာ အိပ်မက်တောင် မမက်မိကြပါဘူး၊ ဘာပဲဖြစ်[...] ဝမ်းသာစရာပါပဲ"

ဟု တိုင်းရင်းသားလေသံဝဲဝဲဖြင့် ဝမ်းသာအားရ ပြော[...] ဆိုလေသည်။

ထို့နောက်မှာတော့ ၎င်းပိုင် ခြံဝန်းအတွင်းမှာရှိသော[...] စပါးကျီနှင့်တူသော အဆောက်အဦးကြီးအတွင်းမှာ တည်း[...] နေထိုင်ရန် စီမံပေးသည်။

ထို့နောက် ရွာသူရွာသားများကို မောင်းထုခေါ်[...] နောက် ဧည့်သည်များအတွက် ချက်ပြုတ်ကျွေးမွေးရန်နှ[...] ဝေယျာဝစ္စ ဆောင်ရွက်ပေးရန် တာဝန်များ ခွဲဝေပေးသည်[...]

ရွာသားများကလည်း ဆေးကုပေးမည့်သူများ[...] ရောက်လာမှန်း သိကြသဖြင့် ဝမ်းသာစွာဖြင့် အစအဆုံး လု[...] ပေးကြလေသည်။

ဧည့်သည်များအတွက် လာရောက်လုပ်ကိုင်ပေး[...]





များထဲတွင် မြသင်းကြူလည်းပါလာရာ အလုပ်နားတော့ နီမောင်နှင့်တွေ့ပြီး မေးသည်။

"နီမောင် သူတို့ ဘယ်သူတွေလည်းဟင်"

"ဆေးကုပေးတဲ့ ဆရာဝန်အဖွဲ့တွေလေ"

"နင်နဲ့ ဘယ်မှာတွေ့ပြီး ဒီရွာရောက်လာကြတာလဲ ဟင်"

နီမောင်က တောထဲမှာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို အတိုချုပ်ကာ ပြောပြလိုက်လေသည်။

"ဝမ်းသာစရာပဲ၊ ဒါဖြင့် အဖေတို့ ပြန်လွှတ်လာရင်လည်း ဆေးကုပေးလို့ ရမှာပေါ့နော်"

"ရတာပေါ့ မြသင်းကြူရယ်၊ သူတို့မှာ ရောဂါကုတဲ့ ဆေးဝါးကိရိယာတွေ ပါလာကြတယ်"

"ဘာပဲဖြစ်ဖြစ် အဖေတို့အတွက်တော့ ဝမ်းသာစရာပါပဲ၊ ဒါထက် အဖေတို့ကိုလည်း သွားကယ်ပေးကြမှာလား ဟင်"

"ကယ်ပေးမှာပေါ့၊ ဒါနဲ့ အခုပါလာတဲ့ ဆရာဝန်တွေ အပြင် သေနတ်တွေပါတဲ့အဖွဲ့လည်း ပါလာတယ်၊ ငါတို့သွားရင် သူတို့ပါလိုက်ပြီး အကူအညီပေးကြမယ်လို့ ပြောတယ်"

"သူတို့က ဘယ်သူတွေလဲဟင်"

"ငါလည်း သေသေချာချာတော့ မသိသေးဘူး၊ ဒါပေမယ့် ဆရာဝန်အဖွဲ့တွေနဲ့တော့ သိကြတယ်၊ ငါတို့အလုပ်တာ သူတို့ပါမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြရာ မြသင်းကြူက ကျေးဇူးတင်သော အကြည့်မျိုးဖြင့်ကြည့်ကာ ဝမ်းသာနေလေသည်။

တကယ်တော့ မမျှော်လင့်ပဲ ဖြစ်လာသော ထိုအခြေအနေသည် သူတို့အတွက် ဝမ်းသာစရာပင်ဖြစ်၏။

ထို့ပြင် မျှော်လင့်ချက်များလည်း ရှိလာခဲ့ပြီ ဖြစ်ပေတော့သည်။





## အခန်း (၁၁)

## စွန့်စားမှုများ စတင်ရန် ပြင်ဆင်ခြင်း

ညဦးပိုင်း အချိန်ရောက်တော့ အလုယ်တွင် မီးဖိုဖိုထားပြီး တိုင်ပင်ဆွေးနွေးကြလေသည်။

ထိုအခါ ဒေါက်တာမြနန္ဒာက စတင်ပြောပြလေသည်။

"ကျွန်မတို့အဖွဲ့က ကျမ်းမာရေးအဖွဲ့ချုပ်က တာဝန်ပေးပြီး စေလွှတ်လိုက်တဲ့ အဖွဲ့ပါ။ သတ္တုတွင်းတွေရှိတဲ့ဒေသတွေမှာ ကပ်ရောဂါတွေ ဖြစ်နေတယ် သတင်းကြားလို့ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကုပေးဖို့ လာကြတာပါ”

မြနန္ဒာ ပြောပြသည်ကို မျက်နှာချင်းဆိုင်မှာ ထိုင်နေသော ဒေါက်တာမင်းထင်ကျော် အပါအဝင် အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြသည်။

“ဒီရောက်တော့ ဘယ်လိုအခြေအနေမျိုးတွေ တွေ့ရသလဲ”

“သတ္တုတွင်းရောက်တော့ သာမန်ရောဂါဖြစ်နေတဲ့ လူတွေပဲ တွေ့ရတယ်၊ ကပ်ရောဂါဖြစ်နေတဲ့လူတွေ တစ်ယောက်မှ မတွေ့ရပါဘူး၊ ဒါပေမယ့်. . ”

ဒေါက်တာမြနန္ဒာက ကပ်ရောဂါဖြစ်နေသော လူတစ်ယောက်နှင့် မမျှော်လင့်ပဲ တွေ့ခဲ့ရပြီး သတ္တုတွင်းတစ်နေရာမှာ ကပ်ရောဂါဖြစ်နေတဲ့သူတွေ ရှိနေတယ်ဆိုတာ သိခဲ့ရကြောင်းကို ပြန်ပြောပြလေသည်။

“ဒါပေမယ့် ကျွန်မ သိရသလောက်တော့ သတ္တုတွင်းမှာ တာဝန်ယူလုပ်ကိုင်နေတဲ့သူတွေက ဒီအကြောင်းတွေကို လူသိမခံပဲ လျှို့ဝှက်ထားချင်ကြပုံရတယ်”

“ဘာကြောင့်ဖြစ်မလဲ”

တစ်ယောက်က မေးသောအခါ ဒေါက်တာမင်းထင်ကျော်က ဝင်ပြီးပြောပြလိုက်သည်။

“ပထမတစ်ချက်က သူတို့ အလုပ်လုပ်နေတဲ့ နေရာကို တခြားလူတွေ မလာစေချင်တာ ဖြစ်ပါလိမ့်မယ်၊ ဒါလည်း သူတို့မှာ လျှို့ဝှက်ထားစရာ အကြောင်းတစ်ခုခု ရှိလို့





ဖြစ်မှာပါ”

ဒေါက်တာမင်းထင်ကျော် စကားကို ဦးမင်းဟန်နှင့် ဒေါက်တာချန္ဒရာတို့ကပါ လက်ခံသည့်သဘောဖြင့် ခေါင်းညိတ်ပြကြလေသည်။

“ခင်ဗျား ပြောတာ အများကြီး ဖြစ်နိုင်ပါတယ်၊ ကျွန်တော်တို့ ကပ်ရောဂါဖြစ်နေတဲ့ လူနာတစ်ယောက်ကို တွေ့ကြရပြီးနောက်ပိုင်း ဒီရွာကိုလာတော့ အသက်အန္တရာယ် ပေးတဲ့သူတွေနဲ့ တွေ့ရတာပါပဲ၊ ဒါ သူတို့လက်ချက်ကလွဲပြီး တခြားမဖြစ်နိုင်ပါဘူး”

ချန္ဒရာက ကုလားဆရာဝန် ဖြစ်သောကြောင့် လေသံဝဲဝဲဖြင့် ဝင်ရောက်ပြောပြလေသည်။

“ဖြစ်နိုင်စရာရှိပါတယ်၊ ဒီလိုဆိုရင်တော့ သူတို့ စခန်းတစ်နေရာမှာ ကပ်ရောဂါ ဖြစ်နေတဲ့လူတွေ ရှိကြလိမ့်မယ်”

ဒေါက်တာမင်းထင်ကျော်၏ စကားကိုကြားတော့ နီမောင်က အကျိုးအကြောင်း ဝင်ပြောပြလေသည်။

“ရှိပါတယ်ဆရာ၊ လူနာတွေထားတဲ့ နေရာကိုတောင် ကျွန်တော်တို့သုံးယောက် ဝင်ကြည့်ခဲ့ကြပါတယ်”

“ဟင် ဘယ်လိုကြည့်တာလဲ၊ ဘယ်နေရာမှာ ထားတာလဲ”

“မြေအောက်လိုဏ်ခေါင်း တစ်ခုထဲမှာ စုပြီး ထည့်ထားတာပါ။ သူတို့မှာ ဆေးမရှိတော့ ဆေးကုမပေးပဲ ဒီအတိုင်းထားတာပါ၊ သေသွားရင် ဘယ်သူ့ကိုမှ အသိမပေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သလို စွန့်ပစ်လိုက်ကြတာပါ"

နီမောင်စကားကြားတော့ အားလုံး စိတ်မကောင်း ဖြစ်သွားကြလေသည်။

"တကယ့် လူယုတ်မာတွေပဲ"

ဟု ဦးမင်းဟန်က မှတ်ချက်ချသည်။

"မင်းက ဘယ်လိုရောက်သွားတာလဲ"

"သေကာနီးဘဝ ရောက်နေတဲ့ လူတွေကိုတွေ့ဖို့ ကျွန်တော်တို့ စွန့်စားပြီး ဝင်ရောက်ခဲ့ကြတာပါ"

နီမောင်က ၎င်းတို့သုံးယောက် မြေအောက်တွင်းများသို့ ဝင်ရောက်ခဲ့ကြပုံများကို ပြန်ပြောပြလိုက်သည်။

"တကယ်တော့ ကျွန်တော်တို့ စွန့်စွန့်စားစား ဝင်ကြတယ်ဆိုတာလည်း ကျွန်တော်တို့ရွာကလူတွေ သတ္တုတွင်းသွားပြီး အလုပ်လုပ်ကြတာအတော်များများ ပြန်မရောက်လာကြလို့ သွားပြီးစုံစမ်းတာပါ"

ဟု ပြောပြလိုက်သည်။

"မင်းတို့ရောက်သွားတော့ တွေ့ခဲ့ရတဲ့ အခြေအနေကိုလည်း ပြောပြပါဦး"

"သူတို့က ကပ်ရောဂါဖြစ်နေတဲ့လူတွေကို မြေအောက်လိုဏ်ခေါင်းထဲမှာ သပ်သပ်ထားပါတယ်၊ အခြေအနေကတော့ အချိန်မီဆေးမကုရင် သေကြမယ့် အနေအထား ဖြစ်ပါတယ်"

"ဒီလိုဆိုရင်တော့ အမြန်ကယ်ပေးနိုင်မှ ဖြစ်မှာပေါ့"





မြနန္ဒာက စိုးရိမ်သောအသံဖြင့် ဝင်ပြောလိုက်သည်။

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ကျွန်တော်တို့အဖွဲ့မှာ သက်နက်တွေလည်း အပြည့်အစုံ ပါလာတယ်ဆိုတော့ နီမောင်တို့နဲ့ပေါင်းပြီး ကျွန်တော်တို့ ဖြစ်တဲ့နည်းနဲ့ဝင်ပြီး ကယ်ပေးပါ့မယ်"

ဒေါက်တာမင်းထင်ကျော်တို့ အဖွဲ့ပါ၊ အကူအညီပေးညီဖြစ်သောကြောင့် အားလုံး စိတ်အားတက်လာကြသည်။

"ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့မှာလည်း သတ္တုတွင်းနဲ့ပတ်သက်ပြီး တာဝန်ယူ လုပ်ပေးစရာလေးတွေ ရှိနေလို့ပါ"

"ဘာများလဲ ဒေါက်တာရဲ့"

"တခြားတော့ မဟုတ်ပါဘူး၊ လူတစ်ယောက် ဖွက်ထားခဲ့တဲ့ ငွေတွေကို ရှာပြီး ဒီနယ်မှာရှိတဲ့ ဆင်းရဲသားတွေကို ဝေပေးရမယ့် တာဝန်ပါ"

ဒေါက်တာမင်းထင်ကျော်က ရွှေလူမသေခင်က ပြောပြသွားခဲ့သော အကြောင်းများကို ပြန်ပြောပြလိုက်ရာ အားလုံးစိတ်ဝင်စားသွားကြလေသည်။

"အင်း ဒါလည်း စိတ်ဝင်စားစရာပဲ၊ ဒီအတိုင်းဆိုရင်တော့ ကျွန်တော်တို့က သတ္တုတွင်းနဲ့ပတ်သက်ပြီး ဒုက္ခရောက်နေကြသူတွေကို ကူညီဆောင်ရွက်ပေးဖို့ ဒီနေရာမှာလာပြီး ရောက်ဆုံကြရသလိုမျိုး ဖြစ်နေကြတာပေါ့"

ဆရာဝန်ကြီး ဦးမင်းဟန်စကားကြားတော့ အားလုံးသီး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြလိုက်လေသည်။

"ဒါဖြင့် ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

မြန္မာက မေးလိုက်သည်။

"အသက်ဘေးအန္တရာယ်နဲ့ တွေ့နေတဲ့ ရွာသားတွေကို အရင်ဆုံး ရအောင်ကယ်ကြရမယ်"

"သူတို့ စခန်းထဲဝင်ဖို့ လွယ်ပါ့မလား"

ထိုအခါ နီမောင်က ဝင်ပြောပြသည်။

"ကျွန်တော်တို့ မြေအောက်စခန်းထဲကို အလုပ်သမားတွေနဲ့ရောပြီး ဝင်ကြည့်တာပါ၊ အဲဒီနေရာက ဝင်ဖို့တော့ မလွယ်လှဘူး"

"ဒါဖြင့် ဘယ်နေရာက ဝင်မလဲ"

"မြေအောက်စခန်းနဲ့ တဆက်တည်း လှူဏ်ေတွေထုတ်တဲ့ အပေါက်ရှိတာ သိခဲ့ရတယ်၊ အဲဒီနေရာကဝင်ရင် ရနိုင်ပါတယ်"

"ဒီလိုဖြင့် အစီအစဉ်လုပ်ပြီး မနက်ဖြန်ည ရောက်အောင်သွားကြတာပေါ့"

ထိုသို့တိုင်ပင်ပြီး သွားမည့်သူများ ရွေးချယ်ကြရာ နီမောင်တို့ သုံးယောက်နှင့် ဒေါက်တာမင်းထင်ကျော်တို့ လေးယောက်၊ စုစုပေါင်း ခုနစ်ယောက်သွားရန် စီစဉ်သည်။

"ဆရာကြီးတို့ကတော့ အန္တရာယ်များလို့ မလိုက်ကြပါနဲ့၊ ကျွန်တော်တို့ ကယ်တင်လို့ရလာတဲ့ လူနာတွေကိုသာ ဆေးကုပေးကြပါ"





ဒေါက်တာမင်းထင်ကျော်စကားကို ဦးမင်းဟန်တို့က လက်ခံကြသော်လည်း ဒေါက်တာမြန္မာကတော့ လက်မခံပေ။

"ဘာပဲဖြစ်ဖြစ် ဆရာကြီးတို့တော့ ထားခဲ့ပါ၊ ဒါပေမယ့် ကျွန်မတစ်ယောက်ကတော့ လိုက်ခဲ့ပါရစေ၊ ဘာကြောင့်လည်းဆိုတော့ အရေးပေါ် အသက်ကယ်ပေးရမယ့် လူနာတွေ့ရင် အချိန်မီ ဆေးကုပေးဖို့ လိုပါတယ်"

ဒေါက်တာမင်းထင်ကျော်ကတော့ မြန္မာစိတ်ဓါတ်ကို စိတ်ထဲမှ ချီးကျူးမိလေသည်။

"အန္တရာယ်များမယ် ထင်လို့ပါ"

"ဆရာတို့တောင် အသက်အန္တရာယ်ကို ဂရုမထားပဲ သူတွေကို ကယ်ကြတာပဲ၊ ကျွန်မအနေနဲ့ ဒီလောက်တော့ အကူအညီပေးသင့်တယ် ထင်လို့ပါ"

"ကောင်းပြီလေ ဒေါက်တာဆန္ဒရှိရင်တော့ လိုက်ခဲ့ပါ၊ အန္တရာယ်မဖြစ်အောင်တော့ ကာကွယ်စောင့်ရှောက်ပေးပါ့မယ်"

ဟု ပြောဆိုကာ ညဥ့်နက်ပိုင်းရောက်တော့ အိပ်ယာဝင်ကြလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန် ကျော်သောအခါ မြင်းစီးထားသော ပုလိပ်သုံးယောက်နှင့် ပုလိပ်အချို့ ထိုရွာသို့ ရောက်လာလေသည်။

ရွာလူကြီးက ခရီးဦး ကြိုပြုပြီးလာရင်းကိစ္စကို မေးရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဘာကိစ္စများ ရှိလို့ပါလဲ"

"မနေ့က တောင်ကြားထဲမှာ လူငါးယောက် အသတ်ခံရတယ်၊ ဒီရွာမှာ မသင်္ကာတဲ့လူတွေရှိရင် ဖမ်းခေါ်သွားပြီး စစ်ဆေးရမယ်"

ဟုပြောပြီး ထိုနေရာမှာ တည်းခိုနေသော ဆရာဝန်အဖွဲ့နှင့် ဒေါက်တာမင်းထင်ကျော်တို့ကို စစ်ဆေးမေးမြန်းလေသည်။

"ကျုပ်တို့က လူတွေရဲ့အသက်ကို ကယ်နေတဲ့ ဆရာဝန်တွေပဲ၊ လူတွေရဲ့ အသက်ကို မသတ်ဘူး"

ဟု ဦးမင်းဟန်က ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကို စစ်ဆေးသောအခါ အေးအေးဆေးဆေးပင် ပြန်ပြောပြသည်။

"ငါတို့က သစ်ခွပန်းရှာဖွေတဲ့ သုတေသနအဖွဲ့ပါ၊ သစ်ခွပန်းရှာတာ လူသတ်စရာ အကြောင်းမှ မရှိတာ၊ တစ်ခုတော့ရှိတယ်၊ ကိုယ့်ကို အန္တရာယ်ပေးလာရင်တော့ သတ်သင့်သတ်ရမှာပဲ"

ထိုစကားကြားတော့ ခေါင်းဆောင်လာသော ပုလိပ်မှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

ခေါင်းဆောင်လာသော ပုလိပ်မှာ ကုလားလူမျိုးတစ်ဦးဖြစ်ပြီး နောက်မှပါလာသောလေးယောက်က ဂေါ်ရခါးများဖြစ်ကြသည်။





"ခင်ဗျားတို့မှာ ခရီးသွားလက်မှတ်ပါသလား"

ထိုသို့မေးသောအခါ ဦးမင်းဟန်က ကျမ်းမာရေးအ မှပေးလိုက်သော လက်မှတ်ကို ထုတ်ပြလိုက်သည်။

"ခင်ဗျားတို့ကရော"

ဒေါက်တာမင်းထင်ကျော်က ပုလိပ်မင်းကြီးကိုယ်တိုင် လက်မှတ်ထိုးပြီး ရုံးတံဆိပ် ထုပေးထားသော လက်မှတ်ကို ပြလိုက်သည်။

မည်သည့်နေရာမဆို အစစ်ဆေး အမေးအမြန်းမရှိ သွားလာခွင့်ပြုထားသော အထူးလက်မှတ်ဖြစ်သည်။

ပုလိပ်မင်းကြီး လက်မှတ်ကို မြင်သောအခါ ပုလိပ်တို့မှာ မျက်လုံးပြူးသွားကြသည်။

"တောင်းပန်ပါတယ် ဆရာ"

"ငါက မင်းတို့ကို ပြန်မေးရဦးမယ်၊ မင်းတို့ကို ဘယ်သူက လွှတ်လိုက်တာလဲ"

"သတ္တုတွင်းတာဝန်ခံက နမ္မတူဂါတ်တဲ့ကို အကြောင်းကြားလို့ ဌာနအုပ်က ကျွန်တော်တို့ကို လွှတ်လိုက်တာပါ"

"တောင်ကြားမှာ သေနေတဲ့ မျက်နှာဖုံးစွပ်တွေက သတ္တုတွင်းက လူတွေလား"

"မစစ်ဆေးခဲ့ရသေးပါဘူး"

"မစစ်ဆေးရသေးပဲနဲ့ ဒီရွာရောက်နေတဲ့ ဧည့်သည်တွေကိုဖမ်းဖို့ ဘာကြောင့်လာတာလဲ"

"သူတို့ ခိုင်းတဲ့အတိုင်း လုပ်ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဆိုတာ ဘယ်သူတွေလဲ၊ သတ္တုတွင်း တာဝန်း နဲ့ ဌာနအုပ်မဟုတ်လား"

ထိုအခါ ခေါင်းညိတ်ပြသည်။

"အေး. . မင်းတို့ ပြန်သွားရင် သူတို့ကို ပြောပြလိုက် ငါ့နာမည် ဒေါက်တာမင်းထင်ကျော်လို့ခေါ်တယ်၊ ပုလိပ်မင်း ကြီးရဲ့ အထူးအခွင့်အရေးနဲ့ ဗမာတစ်ပြည်လုံး သွားလာနေ တာပဲ၊ ငါ့ရှေ့မှာ မဟုတ်တာလုပ်တာတွေ့ရင် ဘယ်သူ့ကို သက်ညှာမပေးဘူး"

ထိုသို့ ပြောသည်နှင့် ပုလိပ်ငါးယောက်လည်း မျက်နှ မျက်နှာပျက်စွာဖြင့် ပြန်သွားကြလေတော့သည်။

ထိုအခြေအနေကို မြင်တော့ ဦးထန်ဖုန်းရှိန်က ဝမ်း သာအားရ ပြောလေသည်။

"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ဒီပုလိပ်တွေလာ တိုင်း ကျုပ်တို့ကို နှိပ်စက်နေကြတာဗျ၊ မရှိရှိတာ စားသောက် ပြီး တွေ့သမျှအားလုံး ယူသွားကြတာပဲ၊ အခု ဆရာနဲ့ တွေ့ တော့မှပဲ ကြောင်နဲ့တွေ့တဲ့ ကြွက်တွေလို အမြီးကုတ်ပြီး ပြန် ပြေးသွားကြတာဗျ"

ဦးထန်ဖုန်းရှိန် စကားကြားတော့ နံဘေးမှာ ရှိနေသူ များက သဘောကျစွာ ပြုံးလိုက်ကြလေသည်။

"ဒါထက်နီမောင် မင်းကို မေးရဦးမယ်၊ ဟိုတစ်နေ့က တောင်ကြားမှာ ရန်သူတွေကို မြားနဲ့ပစ်တော့ အဲဒီမြားတံတွေ ကို ပြန်နှုတ်ယူခဲ့ကြသလား"





"ယူခဲ့တာပေါ့ ဆရာရဲ့၊ မြားတံက ကျွန်တော်တို့ ဆက်နက်ပဲ၊ ဆရာတို့သေနတ်က ပစ်ပြီးရင် ကျည်ဆံက ပြန် သုံးမရတော့ဘူး၊ ကျွန်တော်တို့ မြားတံတွေက မကျိုးမချင်း ပြန်သုံးလို့ရတယ်၊ မြားတံနှုတ်ယူလာတော့ သတ်တဲ့တရားခံ ကိုလည်း မရှာနိုင်တော့ဘူးပေါ့"

"တော်ပါပေတယ်၊ ဒါထက် ရန်သူတွေရဲ့ သေနတ် တွေလည်း ယူခဲ့သေးသလား"

"သူတို့ သေနတ်တွေကို ယူလာရင် ပြဿနာဖြစ် အစိုးလို့ တောထဲမှာပဲ ဝှက်ထားခဲ့ပါတယ်"

"မင်းကတော့ အတော့်ကို ဖျတ်လတ်သွက်လက်တဲ့ သူရွယ်တစ်ယောက်ပါပဲ"

နီမောင်က တစ်ချက်ပြုံးလိုက်ပြီးမှ မေးလိုက်သည်။

"ကျွန်တော်တို့ ဒီည သွားကြမှာလား ဆရာ"

"ဟုတ်တယ် ဒီညသွားဖို့ စီစဉ်ထားတယ်"

"ကျွန်တော်တို့နဲ့အတူ နောက်ထပ်တစ်ယောက်တော့ ခေါ်ခဲ့ဖို့လိုမယ်ဆရာ"

"ဘယ်သူလဲ"

"ကျွန်တော်တို့ ရွာမှာရှိတဲ့ ဆရာကြီး ဦးဗန်ကောင်း ကိုပါ ခေါ်ခဲ့ချင်တယ်၊ ကျွန်တော်တို့ သွားမယ့်နေရာမှာ ဘာရွေသရဲတွေနဲ့ တွေ့ရနိုင်တယ်၊ ဆရာကြီးမှာ မကောင်းဆိုး ဝါးတွေကိုနိုင်တဲ့ ဆေးဝါးတွေ အစီအရင်တွေလည်း ရှိတယ်"

"ကောင်းတာပေါ့ကွာ၊ ငါတို့သွားကြတဲ့ လူများ

www.burmeseclassic.com



တော့ ပိုကောင်းတာပေါ့”

ဟုပြောသဖြင့် နီမောင်လည်း ရွာထဲသို့ ပြန်သွားေ
သည်။

ဦးဗန်ကောင်းမှာ သူတို့ရွာတွင် နေထိုင်ကာ ရွာသူရွာ
သားတို့ကို ဆေးဝါးကုသပေးနေသူ ဖြစ်၏။

ဆေးပညာ ဓါတ်ပညာ၊ ဗေဒင်ပညာတို့ပါ. တ
ကျွမ်းပြီး အစီအရင်ပညာများပါ ကျွမ်းကျင်သူ ဖြစ်ပေသည်
အောက်လမ်းဆရာတစ်ဦး မဟုတ်စေကာမူ သ
တစ္ဆေတို့ကို နှင်ထုတ်ရာမှာ များစွာကျွမ်းကျင်လှသူဖြစ်သည်

နီမောင်က အကျိုးအကြောင်း ပြောပြီး ခေါ်သေ
အခါ ဦးဗန်ကောင်းကလည်း မဆိုင်းမတွပင် ဆေးလွယ်အိတ
ကိုယူကာ တစ်ပါတည်း လိုက်လာလေတော့သည်။





# အခန်း (၁၂)

# ရှည်မြားတတ်သည့် ဝရလောကသားများ

အချိန်က ညဦးပိုင်းရောက်လာပေပြီ။ သတ္တုတွင်းနှင့်
မနီးမဝေးနေရာမှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် နီ
မောင်တို့ ဦးဆောင်လာသော အဖွဲ့တစ်ဖွဲ့ ရောက်နေကြလေ
သည်။ ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာ၊ ဦးမွန်ထော်၊
စိုင်းလူတို့က လေးယောက်၊ နီမောင်၊ စောထီး၊ ငမဲအောင်
တို့ကသုံးယောက်အပြင် မြနန္ဒာ၊ စိုင်းကျော်နှင့် ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းပါ ပါလာသဖြင့် (၁၀)ယောက်ဖြစ်သည်။

ငင်းတို့တွင် သေနတ်၊ လေးမြားလက်နက်တို့အပြင် အခြားကိရိယာများလည်း ပါလာသည်။ လမ်းပြလိုက်လာသောကြောင့် နီမောင်ဝှက်ထားသော သေနတ်များကိုပါ တပါတည်း ဝင်ယူလာကြလေသည်။

နေ့လည်ပိုင်းအချိန်လောက်ကတည်းက ရွာမှ ထွက်ခဲ့ကြသော်လည်း နေ့ဝက်ခရီးလောက် သွားကြရသဖြင့် ညနေပိုင်းလောက်မှ သတ္တုတွင်းနယ်နိမိတ်သို့ ရောက်ခဲ့ကြသည်။ ထိုနေရာရောက်တော့ သင့်တော်သောနေရာတွင် ခဏနားကာ တိုင်ပင်ဆွေးနွေးကြသည်။

"ဘယ်လိုလုပ်မလဲ နီမောင်"

နီမောင်က ထိုနေရာသို့ ရောက်ဖူးသူဖြစ်သဖြင့် ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"အခု ကျွန်တော်တို့ ရောက်နေတဲ့နေရာက သတ္တုတွင်းမှာသေတဲ့လူတွေကို လာရောက်မြှုပ်ကြတဲ့နေရာပဲ ဆရာ"

နီမောင်စကားကြောင့် အားလုံးက ပတ်ဝန်းကျင်ကို ကြည့်လိုက်ကြလေသည်။ အမှောင်ရိပ်သမ်းနေပြီဖြစ်သောကြောင့် သဲသဲကွဲကွဲမမြင်ရသော်လည်း တောင်ကုန်း၊ တောင်ကြားများနှင့် သစ်တောများကိုတော့ ဝိုးတဝါးမြင်ရသေးသည်။ အခြားတော့ ထူးထူးခြားခြား ဘာမှမတွေ့ကြရပေ။ ဟိုးအဝေးနေရာမှ ခွေးအူသံများတော့ ကြားရသည်။





"ကျွန်တော်တို့မြေအောက်ခန်းရောက်တော့ သေတဲ့လူတွေကိုထုတ်တဲ့ မြေအောက်ခန်းအပေါက်ရှိတယ်လို့ သိခဲ့ရတယ်"

"မင်းတို့ရောက်တာ မြေအောက်ခန်းဆိုတော့ မြေပြင်ပေါ်မှာတော့ အပေါက်မရှိနိုင်ဘူး၊ အခြေအနေသွားကြည့်ရင် ကောင်းမယ်"

ထိုသို့ပြောပြီး ကျန်အဖွဲ့သားများကို သတိဝီရိယနှင့် နေကြရန်မှာကြားပြီး နှစ်ယောက်တည်းသွားကြရန် ပြင်သော်လည်း မြနန္ဒာပါလိုက်သဖြင့် သုံးယောက်သွားကြလေသည်။ ထိုနေရာတစ်ဝိုက်ကို လိုက်လံကြည့်သောအခါ တောင်ကြားလမ်းသဖွယ် ဖြစ်နေသော နေရာကိုတွေ့ရသဖြင့် ထိုလမ်းအတိုင်း ဆင်းသွားကြသည်။

လမ်းမှာ အတော်အတင့်ကျယ်ဝန်းသဖြင့် သတိထားပြီး ဆင်းသွားကြသည်။ ထိုသို့ဆင်းသွားရာ နောက်ဆုံးတော့ သံတိုင်များစိုက်ထားပြီး သံတံခါးကို သော့ခတ်ထားသော နေရာတစ်နေရာသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ရှေ့ဆက်သွား၍မရတော့ပေ။ အထဲမှာ မှောင်နေသဖြင့် ဆိုးဝါးသော အနံ့အသက်များက အပြင်သို့ထွက်နေရာမခံနိုင်လောက် အောင် ရှိလှသဖြင့် အဝတ်စများဖြင့် နှာခေါင်းကို စည်းထားရလေသည်။

ထိုအတွင်းဘက်မှ ညည်းညူနေသော အသံများကိုလည်း ကြားကြရသည်။ ကြားရသောအသံများမှာ စိတ်မ



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာစရာပင် ဖြစ်လေသည်။ ထိုအခိုက်မှာပင် သူတို့ဆင်းလာသော နောက်ဘက်မှ လူသံလိုလိုကြားရသဖြင့် နံဘေးမှာရှိသော ကျောက်တုံးများရှိသောနေရာသို့ ဝင်ရောက်ပုန်းကွယ်နေကြရလေသည်။

အတန်ကြာတော့ သူတို့ဆင်းလာသော လမ်းအတိုင်း လူလေးယောက်ဆင်းလာသည်ကို ဝိုးတဝါး မြင်ရသည်။ ရှေ့ဆုံးမှဆင်းလာသူက လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ ဆင်းလာခြင်းဖြစ်လေသည်။ ၎င်းတို့မျက်နှာများကို နှာခေါင်းစည်းအဝတ်များဖြင့် စည်းထားသောကြောင့် ဘယ်သူဘယ်ဝါမှန်းတော့ မသိရပေ။

ဒေါက်တာမင်းထင်ကျော်တို့ ပုန်းနေသောနေရာအနီးမှ ဖြတ်ဆင်းကာ ပိတ်ထားသော သံတံခါးရှိရာသို့ သွားကြသည်။ ထိုနေရာရောက်တော့ ရှေ့ဆုံးမှလူက သော့ဖြင့် တံခါးဖွင့်ကာ အတွင်းသို့ ဝင်သွားကြသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း အပြင်မထွက်ကြပဲ ထိုနေရာမှာပင်နေကြသည်။ အတန်ကြာတော့ သေဆုံးနေသော အလောင်းတစ်လောင်းကို ကပ်ဖြင့် သယ်ထုတ်လာကြသည်။ ၎င်းတို့အပြင်ရောက်သည်နှင့် သံတံခါးကို ပြန်ပိတ်ထားလိုက်သည်။

ထို့နောက် အလောင်းကို အပေါ်သို့ သယ်တင်ထုတ်သွားကြသည်။ ထိုအခါမှ သုံးယောက်သားအပြင်သို့ ပြန်ထွက်ကြလေသည်။





"ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"သူတို့ပြန်သွားတော့မှ ကျန်တဲ့လူတွေကို သွားခေါ်ပြီး အတွင်းကလူတွေကို ကယ်ထုတ်ကြရင်ကောင်းမယ်"

ထိုသို့ပြောပြီးအပေါ်သို့ ပြန်တက်သွားကြလေသည်။ အလောင်းသယ်သွားသူများကတော့ သူသာန်နေရာတွင် ၎င်းတို့သယ်ယူလာသော အလောင်းကို ဖြစ်သလိုမြှုပ်နှံထားခဲ့ပြီးနောက် ထိုနေရာမှ ပြန်ထွက်သွားကြလေသည်။

ထိုအခါမှ မိမိတို့လူများရှိသောနေရာသို့ သွားကာ အကျိုးအကြောင်း ပြောပြလိုက်သည်။

"လူနာတွေထားတဲ့နေရာတော့ တွေ့ခဲ့ပြီး အပေါက်ဝမှာ သံတံခါးကို သော့ခတ်ထားတယ်"

"သော့ဖွင့်တာလောက်တော့ မခဲယဉ်းပါဘူး၊ ဓါလစ်တစ်ချောင်းလောက်ရှိရုံနဲ့ ရပါတယ်"

ကျော်စွာက ဝင်ပြောသည်။

"ဒါပေမယ့် ဒီညတော့ ချက်ချင်းဝင်ဖို့ မသင့်သေးဘူးထင်တယ်"

"ဘာကြောင့်လဲ"

"လူနာတွေအပြင်ရောက်လာရင် လမ်းလျှောက်နိုင်ဖို့ မလွယ်ဘူး၊ သူတို့ကိုသယ်သွားဖို့ လှည်းလိုမယ်"

ဒေါက်တာမြနန္ဒာပြောသည်မှာ မှန်သဖြင့် စဉ်းစားရပြန်သည်။

"ဒါဖြင့် ကျွန်တော်တို့ ရွာကိုပြန်ပြီး လှည်းသုံးစီး



www.burmeseclassic.com

www.burmeseclassic.com



လောက် ယူလာခဲ့မယ်၊ အထဲမှာ လူ(၂၀) လောက်ပဲရှိတာဆိုတော့ လှည်းသုံးစီးလောက်ဆိုရင် ရမယ်ထင်တယ်"

"ဒါလည်း ကောင်းတာပဲ၊ ဘယ်အချိန်သွားမှာလဲ"

"ကျွန်တော်တို့သုံးယောက်အခု ညတွင်းချင်းပြန်သွားကြမယ်၊ ဆရာတို့က သင့်တော်တဲ့ ဂူပေါက်တစ်ပေါက်မှာ ဝင်ပြီး ဒီညနေကြပေါ့"

ဟုပြောဆိုကာ နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်က ရွာသို့ပြန်သွားကြလေတော့သည်။ ဒေါက်တာမင်းထင်ကျော်တို့ကတော့ သုသာန်ရှိသောနေရာနှင့် မဝေးလှသော ဂူပေါက်တစ်ခုသို့ သွားရောက်ကာ စခန်းချနေကြရပေတော့သည်။

သို့သော်လည်း မည်သူမှ ကောင်းစွာမအိပ်လိုကြသဖြင့် ဂူအတွင်းမှာမီးဖိုပြီး စကားပြောနေကြလေသည်။ ဒေါက်တာမင်းထင်ကျော်က မြနန္ဒာနှင့်တွေ့ပြီး စကားပြောခွင့်ရသောအခါ ချီးကျူးစကား ဆိုလိုက်လေသည်။

"ဒီလောက်ဝေးလှတဲ့နေရာမျိုးမှာ အဆင်းရဲ အပင်ပန်းခံပြီး ဆေးကုပေးဖို့လာတဲ့ ဒေါက်တာလို့ စိတ်မျိုးကိုတော့ ဘာပဲဖြစ်ဖြစ် ချီးကျူးရမှာပါပဲ"

ထိုစကားကြားတော့ မြနန္ဒာက ပြုံးလိုက်သည်။

"အခုဆိုရင် ကျွန်မတို့က ရည်ရွယ်ချက်တစ်ခုအတွက် အတူတူလုပ်နေကြတာဆိုတော့ ဘဝတူချင်းတွေ ဖြစ်နေကြပါပြီ၊ ကျွန်မကို မြနန္ဒာလို့ပဲ ခေါ်ပါဆရာ"





"ကောင်းပါပြီ၊ ဒီခေတ်အခါမှာ မြို့ပေါ်မှာဆေးခန်းဖွင့်ပြီး အေးအေးနေနိုင်ပါရက်နဲ့ ဘာကြောင့်အန္တရာယ်များတဲ့ တောတောင်တွေထဲအထိ လာတာလဲဟင်"

"ဒါကတော့ ကျွန်မကိုယ်တိုင်က ဝါသနာပါလို့ပါ၊ ကျွန်မတတ်ထားတဲ့ ပညာတွေကို တကယ်လိုအပ်တဲ့နေရာတွေမှာ အသုံးချချင်တာလည်း ပါပါတယ်၊ မြို့ပြတွေမှာက ဆရာဝန်တွေ အများကြီးရှိကြတာပဲ၊ ကျွန်မတစ်ယောက် မရှိလည်း ဆေးကုပေးနိုင်တဲ့ ဆရာဝန်တွေ ရှိကြပါတယ်"

"မှန်ပါတယ်"

"ဝေးလံသီခေါင်လှတဲ့ ဒီလိုနေရာမျိုးတွေကျတော့ ဆရာဝန်မရှိကြဘူး၊ ဒါကြောင့် ဒီလိုနေရာမျိုးတွေလာပြီး ဆေးကုပေးရင် အကျိုးရှိမယ်လို့ ကျွန်မယူဆမိတယ်၊ ဒါကြောင့် ကျန်းမာရေးအဖွဲ့က ပေးတဲ့တာဝန်ကို လက်ခံပြီးတော့ ဆရာကြီးတို့နဲ့ လိုက်လာခဲ့တာပါ"

"မြနန္ဒာပြောတာမှန်ပါတယ်၊ ကျွန်တော်တို့တိုင်းပြည်ကို သိမ်းပိုက်ထားတဲ့ မျက်နှာဖြူတွေကလည်း သူတို့လိုချင်တာတွေ ရသမျှ ရှာဖွေယူနေတာကလွဲပြီး တခြားဘာမှ စိတ်မဝင်စားပါဘူး၊ အခု မျက်နှာဖြူတွေ ဦးစီးလုပ်နေတဲ့ သတ္တုတွင်းမှာ ရောဂါဖြစ်နေတဲ့ အလုပ်သမားတွေကို ဆေးကုမပေးပဲ တိရစ္ဆာန်တွေလို တစ်နေရာမှာ ပိတ်လှောင်ထားတာကိုသာ ကြည့်ပါတော့"

"စိတ်မကောင်းစရာပါ၊ ဒါကြောင့် ကျွန်မကတော့



www.burmeseclassic.com

www.burmeseclassic.com



ကပ်ရောဂါဖြစ်နေတဲ့ လူတွေကိုရအောင် ကယ်ထုတ်ပြီး သူတို့ရဲ့အသက်ကို ကယ်ပေးချင်တာပါ"

"မကြာခင် မြနန္ဒာရဲ့ ရည်ရွယ်ချက်တွေ ပြည့်ဝတော့မှာပါ"

မြနန္ဒာက ခေါင်းတစ်ချက်ညိတ်ပြပြီး ခဏကြာတော့ ပြန်မေးလေသည်။

"ဆရာကြီးဦးမင်းဟန် ပြောပြလို့ ဆရာနဲ့ပတ်သက်တဲ့ အကြောင်းတွေကိုလည်း သိတန်သလောက် သိရပါတယ်၊ ဆရာ့အနေနဲ့ ဒီလိုကိစ္စတွေ ပါဝင်ဆောင်ရွက်တာလည်း ချီးကျူးရမှာပါပဲ"

"ပြောရရင်တော့ ကျွန်တော်လည်း ဝါသနာပါလို့ပါပဲ"

ဟု ပြောသဖြင့် မြနန္ဒာကက သဘောကျစွာဖြင့် ရယ်လိုက်လေသည်။

"ဒီတော့ကျွန်မတို့ အားလုံးက ဆင်းရဲချို့တဲ့ပြီး အားကိုးမဲ့နေတဲ့ သူတွေအတွက် တတ်နိုင်သမျှ အကူအညီပေးကြမှာဆိုတော့ ဘဝတူတွေလို့ပဲ ပြောရတော့မှာပေါ့နော်"

"ဟုတ်ပါတယ်"

ထိုသို့ပြောနေစဉ်မှာအပြင်ဘက်မှ ခွေးဟောင်သံများ ကြားရလေသည်။ သူတို့ရောက်နေသောနေရာမှာ လူသေမြုပ်သောနေရာနှင့် မဝေးလှသောကြောင့် ခွေးအူသံကြားရသည်ကတော့ အဆန်းတကြယ်မဟုတ်ပေ။

ထိုအသံကြားတော့ အတူပါလာသော ကျော်စွာ၊ စိုင်းလူ၊ စိုင်းကျော်တို့က သေနတ်များကိုင်ပြီး လှုံ့နေရာမှ ထလာကြသည်။

မြနန္ဒာနှင့် ဒေါက်တာမင်းထင်ကျော်တို့ကလည်း ၎င်းတို့မှာပါလာသော ပြောင်းတိုသေနတ်တို့ကို အရေးအကြောင်းရှိပါက သုံးနိုင်ရန် ပြင်ထားကြသည်။ ခွေးဟောင်သံများက အဖြည်းဖြည်းနှင့် သူတို့ရှိနေသော ဂူဘက်နှင့်နီးလာလေသည်။

"တကယ်လို့ ရန်သူတွေဆိုရင်တော့ လက်မနှေးကြစေနဲ့"

"စိတ်ချပါဆရာ"

ထိုအသံများကြောင့် ဦးဗန်ကောင်းနှင့် ဦးမွန်ထော်တို့ကလည်း ဒေါက်တာမင်းထင်ကျော် အနားသို့ရောက်လာကြသည်။

"ဒီခွေးဟောင်သံက ရိုးရိုးမဟုတ်ဘူး၊ မကောင်းဆိုးဝါး နာနာဘာဝတွေကို တွေ့လို့မြင်လို့ ဟောင်နေတာမျိုးဗျ"

"ဆရာကြီး ဘယ်လိုသိသလဲ"

"တိရစ္ဆာန်တွေရဲ့အသံကို သေသေချာချာ နားထောင်ကြည့်ရင် ခွဲခြားသိနိုင်ပါတယ်၊ ခွေးတွေက သခင်တွေ့လို့ ဟောင်တဲ့အသံနဲ့ လူစိမ်းတစ်ယောက်ကိုတွေ့လို့ ဟောင်တာချင်း အသံမတူဘူး"

"ဟုတ်ပါတယ်"

"ဒီလိုပဲ ညဘက်သူခိုးသူဝှက်တွေ့လို့ ဟောင်တဲ့အသံ





www.burmeseclassic.com

www.burmeseclassic.com



မျိုးနဲ့ နာနာဘာဝမကောင်းဆိုဝါးတွေတွေ့လို့ ဟောင်တဲ့အသံကလည်း မတူဘူး၊ နာနာဘာဝတွေတွေ့လို့ ဟောင်တဲ့အသံက "အူ"သံပါတယ်"

ထိုသို့ပြောသဖြင့် နားထောင်ကြည့်ကြသောအခါ ကြားနေရသော ခွေးဟောင်သံများမှာ "အူ" သံရောနှောပါနေသည်ကို သတိပြုမိကြသည်။

"ဘာကြောင့်ဖြစ်မလဲ ဆရာကြီး"

ဒေါက်တာမင်းထင်ကျော်က အကြောင်းအချက်တစ်ခုကို ပြည့်ပြည့်စုံစုံ သိချင်လေ့ရှိသဖြင့် မေးလိုက်သည်။

"တိရစ္ဆာန်တွေမှာ အသိရှိကြပါတယ်၊ ပရလောကရောက်နေတဲ့သူတွေ မြင်တော့မှ သူတို့ဘယ်လိုဘဝမျိုးရောက်နေတယ်ဆိုတာ သတိပြုမိလေ့ရှိကြတယ်၊ ဒါကြောင့် ဟောင်တဲ့နေရာမှာ ဝမ်းနည်းနေတာကြောင့် အူသံပါနေတာပါ"

ထိုသို့ပြောနေစဉ်မှာ အူသံ၊ ဟောင်သံများက တဖြည်းဖြည်း နီးလာကြလေသည်။

"တကယ်လို့ တစ္ဆေသရဲတွေရောက်လာရင် ဘယ်လိုလုပ်မလဲ ဆရာကြီး"

မြနန္ဒာက စိုးရိမ်မကင်းသောအသံမျိုးဖြင့် မေးလိုက်သည်။

"တခြားရန်သူတွေဆိုရင်တော့ သေနတ်နဲ့ ဖြေရှင်းကြတာပေါ့၊ တကယ်လို့ သရဲတစ္ဆေတွေ ရောက်လာရင်တော့





စိတ်မပူကြပါနဲ့ ကျုပ်တာဝန်သာထားပါ၊ ဆေးဝါးတွေပါလာပါတယ်"

ဟု ပြောပြလေသည်။ ပြောဆိုနေကြစဉ်မှာပင် ဂူအပြင်ဘက် လျှောက်လာသော ခြေသံများကြားလာရသည်။ ဂူအတွင်းမှာရှိနေသူများက ဒီအတိုင်းထိုင်နေကြသည် မဟုတ်ပဲ ကျောက်တုံးအကွယ်များနောက်တွင် နေကြခြင်း ဖြစ်သည်။

အကြောင်းရှိပါက အသုံးပြုရန် သေနတ်များကိုတော့ အဆင်သင့်ပြင်ထားကြသည်။ ခဏကြာတော့ ဂူပေါက်နှင့် မနီးမဝေးနေရာသို့ လူသုံးယောက်ရောက်လာကြသည်။ ထိုသုံးယောက်ကိုမြင်တော့ အားလုံးအံ့ဩသွားကြလေသည်။ အခြားမဟုတ်ပေ။ ညဦးပိုင်းကမှ ရွာသို့ပြန်မည်ဟု ပြောသွားကြသည့် နီမောင်တို့ သုံးယောက်ပင် ဖြစ်လေသည်။

ထိုသုံးယောက်ကိုမြင်တော့ ဦးဗန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့မှလွဲပြီး ကျန်လူများမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ နီမောင်တို့သုံးယောက်က ထိုနေရာသို့ ရောက်လာကြသော်လည်း ဂူအတွင်း မဝင်လာကြပဲ အပြင်ဘက်မှာ ရပ်နေကြသည်။

"နီမောင်တို့ပါလား၊ ရွာပြန်မယ်ဆိုပြီးမှ ဘာကြောင့်ပြန်လာကြတာလဲ၊ အပြင်မှာ အေးလှတယ်၊ အတွင်းကိုဝင်လာကြလေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဝင်တော့ပါဘူး ဆရာကြီး"

ရှေ့မှရပ်နေသော နီမောင်က ပြောလိုက်သည်။ နောက်မှာရပ်နေကြသည့် စောထီးနှင့်ငမဲအောင်တို့ကတော့ ငေါ်ထွေထွေထူးထူး ဘာမှမပြောပဲ ကြောင်စီစီဖြစ်နေဟန်ဖြင့် မျက်လုံးအပြူးသားဖြင့် လှမ်းကြည့်နေကြလေသည်။

"ဒါဖြင့်ဘာကြောင့် ပြန်လာတာလဲ"

"ညဘက်ဆိုတော့ လမ်းမမှတ်မိပဲ မျက်စိလည်နေလို့ ဆရာကြီး၊ အဲဒါ သူတို့နှစ်ယောက်ထဲက တစ်ယောက်ကို ကျွန်တော်တို့ ခေါ်သွားချင်လို့ပါ"

ဟု လမ်းပြနှစ်ယောက်ဖြစ်သော စိုင်းလူနှင့်စိုင်းကျော် တို့နှစ်ယောက်ကို လက်ညှိုးထိုးပြပြီးပြောသည်။ ထိုအခါ စိုင်းလူနှင့်စိုင်းကျော်တို့နှစ်ယောက်က တက်ကြွစွာပင် နှစ်ယောက်စလုံး နေရာမှထကြသဖြင့် ဦးဗန်ကောင်းက တားထားလိုက်သည်။

"နေကြဦး"

ထိုသို့ပြောသဖြင့် နှစ်ယောက်စလုံး တအံ့တဩ ဖြစ်သွားကြလေသည်။

"ဘာဖြစ်လို့လည်း ဆရာကြီး"

"မင်းတို့အန္တရာယ်ဖြစ်မှာစိုးလို့ တားနေတာပါ၊ ငြိမ် ပါမယ်"

ဟု ပြောဆိုကာ နံဘေးမှာရှိနေသော မြားတံတစ် ချောင်းကိုမီးရှို့ပြီး မီးစွဲသောအခါ လေးကိုကောက်ယူပြီး





ရှေ့ဆုံးမှရပ်နေသော နီမောင်ကို ပစ်လိုက်သည်။ မီးခွဲနေ သော မြားထိသည်နှင့် သုံးယောက်စလုံး ဝူးဝူးဝါးဝါးအော်ကာ ဘာထဲသို့ ဝင်ပြေးသွားကြလေတော့သည်။

ထိုအခြေအနေကိုမြင်သောအခါ ကျန်လူများက သဘောပေါက်သွားကြသော်လည်း အတွေ့အကြုံမရှိသော မြန်နွှာကတော့ အတော်ပင်အံ့ဩသွားလေသည်။

"ဆရာကြီး ဘယ်လိုလုပ်လိုက်တာလဲ"

"စောစောကလာကြတာ နီမောင်တို့ မဟုတ်ပါဘူး၊ နီမောင်တို့ဆိုရင် ဂူထဲဝင်လာပြီးမှ အကျိုးအကြောင်းပြောကြ မှာပေါ့"

"ဒါဖြင့် ဘယ်သူတွေလဲ"

"ဆရာဝန်မလေးက တောတွေတောင်တွေရဲ့ အကြောင်းကို သိပ်မသိသေးလို့ပါ၊ စောစောကလာတာ လူတွေ ကိုဖမ်းစားဖို့ မာယာနဲ့လာကြတဲ့ တောဆိုးကျတ်တွေပါ"

ဦးဗန်ကောင်းစကားကြားတော့ မြန်နွှာမှာ မျက်လုံး ပြူးသွားလေသည်။

"ကျွန်မတို့ဆိုရင်တော့အခက်ပဲ၊ ဆရာကြီး ဘယ်လို သိတာလဲ"

"စောစောက ခွေးဟောင်သံတွေကြားကတည်းက ရိပ်မိပါတယ်၊ နောက်ပြီး နီမောင်တို့ဆိုရင် အပြင်မှာရပ်ပြီး စကားပြောမှာမှ မဟုတ်တာ"

ထိုသို့ပြောတော့မှ စောစောက မတ်တပ်ရပ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် စိုင်းကျော်နှင့်စိုင်းလူတို့နှစ်ယောက်လည်း ပြန်ထိုင်သွား ကြလေသည်။

"ဆရာဝန်မလေးလို မြို့မှာနေတဲ့သူမပြောပါနဲ့ ဆရာ ကြီးရယ်၊ ကျွန်တော်တို့လို တောထဲတောင်ထဲ သွားလာနေ လူတွေတောင် ရုတ်တရက် သတိမထားလိုက်မိကြဘူး"

"ဟုတ်ပါရဲ့၊ ဆရာကြီးသာမပါခဲ့ရင် ခုလောက် ကျတ်တွေသတ်လို့ သေလောက်ပြီ"

ဟု နှစ်ယောက်စလုံးက ပြောကြသည်။ ထိုည တော့ ဘယ်သူမှမအိပ်ဝံ့ကြတော့သဖြင့် စကားပြောရင်း ထိုင် နေကြသည်။ သန်းခေါင်ကျော်တော့ နောက်ထပ်နှော ယှက်မည့် နာနာဘာဝများ ရောက်လာကြသေးသည်။

တောင်ကြားထဲမှာသူတို့လက်ချက်ဖြင့် သေခဲ့သော လူငါးယောက်ရောက်လာပြီး ၎င်းတို့အတွက် စားစရာပေး လာတောင်းနေကြသေးသည်။ ဦးဗန်ကောင်းက ပရိတ်ကြ ချည်ပြီး မြားဖြင့်ပစ်တော့မှ ဂူးဂူးဝါးဝါးအော်ဟစ်ကာ တော တွင်းသို့ ဝင်ပြေးသွားကြလေသည်။

ဤသို့ဖြင့် တစ်မျိုးပြီးတစ်မျိုး ရောက်လာပြီး နှော လှန့်ကြသောကြောင့် တစ်ညလုံး တစ်ရေးမျှပင် မအိပ်ဝံ့ကြ တော့ပေ။







# အခန်း (၁၃)

# ဒုက္ခသည်များအားတယ်တင်ခြင်း

နောက်တစ်နေ့ နေ့လည်ပိုင်းအချိန်ကျော်တော့ မောင်တို့သုံးယောက် ပြန်လာလေသည်။ ၎င်းတို့နှင့်အတူ သုံးသုံးစီးနှင့် လှည်းမောင်းပေးသည့် လူရွယ်သုံးယောက် ပါလာလေသည်။ သို့ကြောင့် လူအင်အားပိုများသွား ။ နီမောင်တို့ ပြန်ရောက်လာတော့ ညကကြုံတွေ့ခဲ့ကြရ အကြောင်းကို ပြန်ပြောပြသည့်အခါ ရယ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ဖြင့် ညတွင်းချင်းရွာကိုရောက်အော...
ပြန်ကြရတာနဲ့ နောက်ကြောင်း ပြန်လှည့်လာဖို့ အချိန်မ...
ဘူး ဆရာကြီးရယ်"

ဟု နီမောင်ကပြောသည်။ ထို့နောက်လိုဏ်ခေါ...
အတွင်းသို့ဝင်ရန် အစီအစဉ်များကို ပြောဆိုတိုင်ပင်ကြ...
သည်။

"ညဦးပိုင်းအချိန်ဆိုရင် သေတဲ့လူရှိရင်လာပြီး ...
လေ့ရှိတယ်၊ ဒီတော့ညဦးပိုင်းကျော်တော့မှဝင်ရင် စိတ်...
တယ်"

"ကောင်းပါတယ်၊ ညဦးပိုင်း အခြေအနေစောင့်ကြ...
ပြီး၊ အခြေအနေကောင်းတော့မှ ဝင်ကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ နွားနှင့်လှည်းသုံးစီးကို ...
သောနေရာတွင် ဝှက်ထားကြကာ နားကြလေသည်။ ည...
စောင်းရောက်တော့မှ အနားယူနေရာမှထကာ ယူဆော...
လာသော အစားအသောက်တို့ကို ဝမ်းပြည့်အောင် ...
သောက်ကြသည်။

မှောင်ရီသမ်းစပြုသောအချိန်ရောက်သော...
လိုဏ်ခေါင်းရှိရာသို့ ဆင်းသောတောင်ကြားအနီးသို့ ...
ရောက်ကာ အခြေအနေ စောင့်ကြည့်ကြသည်။ ထိုည...
အလောင်းလာ ထုတ်ယူမတွေ့ခြရသဖြင့် စိတ်သက်သာ...
ရသွားကြလေသည်။

ညဥ့်နက်ပိုင်းရောက်သည်အထိ ဘာမှမထူး...



တော့မှ အောက်သို့ဆင်းရန် ပြင်ကြသည်။ ညအချိန်ရောက်လာသည်နှင့်အတွင်းမှ ညည်းညူအော်ဟစ်နေသံတို့ကို ကြားလာရသည်။ လိုဏ်ခေါင်းအတွင်းမှ ထွက်လာသော ညည်းညူသံတို့ကို ကြားရ သည့်အခါများစွာ စိတ်မချမ်းသာစရာဖြစ်လေသည်။

ရှေ့ဦးစွာ ဒေါက်တာမင်းထင်ကျော်၊ နီမောင်၊ ကျော်စွာတို့ သုံးယောက်က လက်နှိပ်မီးအသေးစားလေးများကို အသုံးပြုပြီး ရှေ့မှဆင်းသွားကြသည်။ ကျန်လူများကနောက်မှ လိုက်လာကြသည်။ အားလုံးကတော့ အနံ့အသက်များ အတာအကွယ်ရစေရန် နှာခေါင်းများကို အဝတ်ဖြင့်စည်းထားကြသည်။

တံခါးပေါက်ဝရောက်တော့ အသံများကိုပိုပြီး ကြားကြရသည်။ အနံ့များကလည်း လှိုင်ထွက်နေလေသည်။ တံခါးပေါက်ဝရောက်တော့ ကျော်စွာက ရှေ့တိုးသွားပြီး အခြေအနေကို ကြည့်သည်။ သော့ခလောက်ကို ကိုင်ကြည့်သည်။ ခတ်ထားသောသော့က ကြေးသော့ခလောက်ဖြစ်သည်။

"ရနိုင်ပါ့မလား"

ဒေါက်တာမင်းထင်ကျော်က တိုးတိုးမေးလိုက်သည်။

"သော့ပေါက်ရှိနေတာပဲ , မရနိုင်စရာမရှိပါဘူး"

ထိုသို့ပြောဆိုကာ နေ့လည်ကတည်းက ပြင်ဆင်ယူလာသော ကလစ်တံများဖြင့် ကြိုးစားဖွင့်လေသည်။ အတန်



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ သော့ခလောက်က ပွင့်သွားသည်။ သော့ပွင့်သည်နှင့် သံတံခါးကိုဖွင့်ပြီး အတွင်းသို့ဝင်သွားကြသည်။ အထဲရောက်တော့ အလင်းရောင်ရလာသည်။ ရောဂါဖြစ်နေသူများကလည်း ညီးညူနေသံများ တိတ်သွားကြပြီး သူတို့၏ မျက်လုံးအပြူးသားနှင့် ဝိုင်းကြည့်နေကြလေသည်။

အားလုံးမှာ အရိုးပေါ်အရေတင်ပြီး ကမ္ဘဋ္ဌာန်းရှင် ပေါက်နေကာ မျက်လုံးဟောက်ပက်နှင့် သေမည့်ရက်ကို စောင့်နေကြရဟန်ရှိသည်။ နီမောင်စိတ်ထဲမှာတော့ ထိုအထဲရောက်နေသော ဦးလေးဖြစ်သူကိုမောင်ရွှေ တစ်ယောက်တော့ အသက်ရှင်လျက်နှင့် ပြန်တွေ့ရပါစေဟုသာ ဆုတောင်းနေမိပေသည်။

မီးရောင်ဖြင့် ကြည့်လိုက်တော့ လဲနေသူတွေရော ထိုင်နေသူတွေပါ (၂၀)ခန့် ရှိကြသည်။ ထုံးစံအတိုင်း လူတစ်ယောက်တွေ့သည်နှင့် ညီးညူပြောဆိုကြလေသည်။

"ငါတို့ကို ပြန်လွှတ်ပေးပါ၊ သေရင်လည်း အပြင်မှာမဲ့ သေပါရစေ"

"ငါတို့ကို အစားအစာပေးပါ၊ ရေမှပေးပါ"

"ဆေးကုပေးပါ၊ ရောဂါပျောက်အောင် ဆေးပေးပါ"

ဟူသော အသံများကိုကြားရသည်။ ထိုအခါ ဒေါက်တာမင်းထင်ကျော်က ပြောပြလိုက်သည်။

"ကျွန်တော်တို့က ခင်ဗျားတို့ကို ကယ်တင်ပေးဖို့ ရောက်လာကြတာပါ၊ ဘာမှအားမငယ်ကြပါနဲ့၊ အပြင်ရောက်





တာနဲ့ ဆေးကုပေးပါ့မယ်"

ထိုသို့ပြောလိုက်သောအခါ အားလုံးအသံတိတ်သွားပြီး လဲနေသူများပင် ပြန်ထလာသည်။ ထို့နောက်မှာတော့ လမ်းလျှောက်နိုင်သူများကို လမ်းလျှောက်စေပြီး လမ်းမလျှောက်နိုင်သူများကိုတော့ ကပ်များဖြင့်သော်လည်းကောင်း၊ မူခက်များ ပြုလုပ်၍သော်လည်းကောင်း သယ်ထုတ်သွားကြလေသည်။

အားလုံးအပြင်ရောက်တော့မှ ကျော်စွာကတော့ သော့ခလောက်ကို ခြေရာလက်ရာမပျက် ပြန်ခတ်ထားလိုက်သည်။ "လူနာများအပေါ်ရောက်သောအခါ ဝှက်ထားသောလှည်းများထုတ်ယူလာပြီး လှည်းပေါ်သို့တင်ကာ ရွာဘက်သို့ ပြန်မောင်းသွားကြလေသည်။

ထိုလူနာများထဲတွင် မြသင်းကြူ၏အဖေ ဦးဘာသာနှင့် နီမောင် ဦးလေးဖြစ်သူ ကိုမောင်ရွှေကိုလည်း အသက်ရှိနေသေးလျက် ပြန်တွေ့ရသောကြောင့် နီမောင်အတွက်တော့ ကျေနပ်စရာဖြစ်ခဲ့လေသည်။ နောက်တစ်နေ့ နံနက်ပိုင်းအံချိန်ရောက်တော့ အစောင့်အချို့ဆင်းလာပြီး လူနာများထားသောနေရာကို လာရောက်ကြည့်ရှုကြသည်။

အစားအသောက်ပေးရန်၊ ဆေးကုပေးရန်အတွက် မဟုတ်ပဲ အထဲ၌ ညကသေသွားသော လူနာရှိမရှိ လာရောက်ကြည့်ရှုကြခြင်းဖြစ်၏။

သေဆုံးသွားသူရှိလျှင် ညအချိန်တွင် သုသာန်သို့



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်စွန့်ပစ်ရန် လာကြည့်ခြင်းဖြစ်သည်။ ဓာတ်လှေခါးဖြင့် ဆင်းလာသူနှစ်ယောက်က မြေအောက်ခန်းရောက်တော့ အသံများ တိတ်ဆိတ်နေသဖြင့် အံ့ဩသွားကြသည်။ ခါတိုင်းလိုက်ခေါင်းအပေါက်ဝ ရောက်သည်နှင့် အော်သံဟစ်သံ၊ ညီးညူနေသံတို့ကို ကြားကြရသည်။ ယခု ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသောကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်' ကြည့်လိုက်ကြသည်။

"အားလုံး တိတ်နေပါလား၊ အသံတွေလည်း မကြားရဘူး"

"အထဲမှာထည့်ထားတဲ့ လူနာတွေအကုန်လုံး သေကုန်ကြပြီလားမသိဘူး"

"သေတော့လည်း အေးတာပေါ့ကွာ"

ဟု ပြောဆိုကာ သံတိုင်များကာထားသောနေရာရှိရာသို့ လျှောက်သွားရာ ထိုနေရာရောက်တော့ ထိုအထဲမှာ တစ်ယောက်မှမတွေ့ရတော့သဖြင့် မျက်လုံးပြူးသွားကြလေသည်။

"တစ်ယောက်မှ မရှိတော့ပါလား"

"ဘယ်ရောက်ကုန်ပြီလဲ"

"ဘယ်သိပါ့မလဲ၊ ဒီအကြောင်းကို အပေါ်ကလူတွေကို အမြန်သွားပြောကြမှဖြစ်မယ်"

ဟု ပြောဆိုတိုင်ပင်ကာ ဦးစွာ ဦးမင်းဒင်အခန်းသို့ သွားရောက်ကြသည်။





"ဘာဖြစ်လာကြတာလဲ"

"မြေအောက်ခန်းထဲမှာထားတဲ့ လူနာတွေ တစ်ယောက်မှမရှိတော့ဘူး ဆရာကြီး"

"ဘယ်ရောက်သွားလို့လဲ"

"မသိဘူး ဆရာကြီး၊ ဒီမနက်သေတဲ့လူရှိမရှိ သွားစစ်ကြည့်တော့မှ တစ်ယောက်မှမရှိမှန်း သိရတော့တာ"

ထို့နောက်မှာတော့ ဦးမင်းဒင်ကိုယ်တိုင်အစောင့်အချို့ကိုခေါ်ကာ မြေအောက်ခန်းအတွင်းသို့ ဆင်းကြည့်လေသည်။ အတွင်းရောက်တော့ သံတံခါးသော့ကိုဖွင့်ပြီး အတွင်းသို့ ဝင်ကြည့်တော့ လူနာများထားခဲ့သော အသုံးအဆောင်ပစ္စည်း အချို့မှလွဲပြီး လူတစ်ယောက်မှ မတွေ့ရတော့ပေ။

ထို့ကြောင့် လူသေထုတ်သောအပေါက်မှ သော့ခလောက်ကို သွားစစ်ကြည့်သောအခါမှာလည်း ခြေရာလက်ရာမပျက်ပဲ ပိတ်လျက်သား အတိုင်းသာတွေ့ကြရသည်။

"ဒီလူနာတွေကတော့ တံခါးဖွင့်ပြီး ထွက်ပြေးသွားနိုင်ကြမှာမဟုတ်ဘူး၊ တစ်ယောက်ယောက်က ကယ်ထုတ်သွားတာ ဖြစ်နိုင်တယ်၊ တာဝန်ခံကို အကြောင်းကြားရမယ်"

ဟုပြောကာ အပေါ်သို့ ပြန်တက်လာကြသည်။ ထိုသတင်းကို သတ္တုတွင်းတာဝန်ခံအဖြစ် လုပ်ကိုင်နေသော မစ္စတာပက်ထရစ်ကို အကြောင်းကြားသောအခါ ချက်ချင်းလက်ထောက်တာဝန်ခံများကိုခေါ်ပြီး တံခါးပိတ်အစည်းအဝေး ပြုလုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းမှာတော့ ပက်ထရစ်၊ ဦးမင်းဒင်၊ ထွန်းအောင်ကျော်နှင့် ရာဂျစ်ကပူးတို့ ရှိနေကြသည်။

"ဒီလူနာတွေကို တစ်ဦးတစ်ယောက်၊ ဒါမှမဟုတ် အဖွဲ့တစ်ဖွဲ့က ကယ်ထုတ်သွားတာ ဖြစ်နိုင်တယ်၊ ဒါက ကောင်းတဲ့ လက္ခဏာမဟုတ်ဘူး၊ ငါတို့က ကပ်ရောဂါဖြစ်နေတဲ့လူတွေ မရှိဘူးလို့ ပြောထားတယ်၊ ရောဂါဖြစ်နေတဲ့လူတွေ အပြင်ရောက်သွားတဲ့အခါ ဒီအကြောင်းတွေ ပျံ့နှံ့သွားရင် ပြဿနာတွေ ပေါ်လာနိုင်တယ် "

အားလုံးက တိတ်ဆိတ်စွာ နားထောင်နေကြလေသည်။

"ကပ်ရောဂါဖြစ်နေတာကို ဖုံးကွယ်ထားရင် လူသတ်မှုလိုပဲ အပြစ်ကြီးတယ်၊ ဒီကိစ္စကို ရန်ကုန်က တာဝန်ရှိတဲ့လူတွေ အသိခံလို့ မဖြစ်ဘူး"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"သူတို့ကို မတွေ့တွေ့အောင်ရှာပြီး သုတ်သင်ပစ်ဖို့ပဲ ရှိတော့တယ်"

"လွယ်ပါ့မလား ၊ တလောက ဒီကိုလာပြီး စုံစမ်းသွားတဲ့ ဆရာဝန်အဖွဲ့ကိုသုတ်သင်ဖို့ လွှတ်လိုက်တဲ့လူတွေတောင် သေခဲ့ကြရတယ်၊ နောက်ပြီး တောင်လုံးကျော်ရွာမှာ နောက်ထပ်တစ်ဖွဲ့ရောက်နေတယ်လို့ သတင်းကြားရတယ်၊ ပုလိပ်တွေ လွှတ်လိုက်တုန်းက ပုလိပ်မင်းကြီးရဲ့ အထူးခွင့်ပြုချက်နဲ့ သွားလာနေကြတာလို့ ပြောတယ်"





ရာဂျစ်ကပူးက ဝင်ပြောလိုက်သည်။

"ပုလိပ်မင်းကြီးဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ဒီနေရာမှာတော့ အရေးမကြီးလှဘူး၊ ငါတို့လျှို့ဝှက်ချက်တွေ မပြန့်နှံ့ခင်မှာ အားလုံးနှုတ်ပိတ်ပစ်နိုင်ဖို့ အရေးကြီးတယ်၊ ဒီတာဝန်ကို ထွန်းအောင်ကျော်က တာဝန်ယူပြီး လုပ်ပေတော့"

"ကောင်းပါပြီ"

"မင်းသွားရင် သံပချိုင်တို့ပါ ခေါ်သွားပေတော့၊ ဘာပဲလုပ်လုပ်၊ ခြေရာလက်ရာမကျန်အောင်သာ လုပ်ခဲ့ပေတော့"

"စိတ်ချပါ"

ဟုမှာကြားပြီး အစည်းအဝေးကို ရပ်လိုက်လေသည်။ ထွန်းအောင်ကျော်မှာ အသက်(၃၅)နှစ် ဝန်းကျင်ခန့်ရှိပြီး အိန္ဒိယသွေးပါသူတစ်ယောက်ဖြစ်ကာ မိုက်ရူးရဲလုပ်တတ်သူတစ်ယောက် ဖြစ်သည်။

သတ်ရဲဖြတ်ရဲသူဖြစ်သောကြောင့်လည်း ပက်ထရစ်က တာဝန်ပေးလိုက်ခြင်း ဖြစ်ပေသည်။ ထို့နောက်မှာတော့ ထွန်းအောင်ကျော်က စခန်းတွင် လက်သပ်မွေးထားသော လူမိုက်များဖြစ်သည့် လူအချို့ကိုပါ ခေါ်ရန်ပြင်လေသည်။ ၎င်းတို့မှာ သံပချိုင်၊ သန်းရွှေ ၊ စိန်မှတ် ၊ ငတေနှင့် ဘဇံတို့ ငါးယောက်ဖြစ်ကြသည်။

ထိုငါးယောက်နှင့်အတူ သေနတ်နှင့်ကျည်ဆံများလည်း ပြည့်စုံအောင်ယူပြီး ခရီးထွက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်းတို့သည် စခန်းနှင့်နီးသော တောတောင်များအတွင်းသို့ လှည့်လည်ပြီး လိုက်လံရှာဖွေကြသော်လည်း ပျောက်သွားခဲ့သော လူနာများကို အစအနမျှပင် မတွေ့ရပေ။

"လူနာတွေကို ကယ်သွားတာ ဟိုဆရာဝန်တွေ အဖွဲ့ဖြစ်ဖို့များတယ်"

"သူတို့ချည်းတော့ ဒီလောက်အထိ စွန့်စွန့်စားစား လုပ်နိုင်ကြမယ်မထင်ဘူး"

"ဒီလိုဆိုရင် နောက်ထပ်ရောက်လာတဲ့ သစ်ခွပန်းရှာတဲ့အဖွဲ့ရော အကူအညီပေးတာ မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်စရာရှိပါတယ်၊ အခုလောလောဆယ် သူတို့အဖွဲ့တွေတောင်လုံးကျော်ရွာမှာ ရောက်နေကြတယ်လို့ သတင်းကြားတယ်၊ အဲဒီကိုသွားပြီး စုံစမ်းကြည့်ကြရင်ကောင်းမယ်"

ထိုသို့တိုင်ပင်ပြီး တောင်လုံးကျော်ရွာသို့ သွားကြလေသည်။ ထိုရွာရောက်တော့ ရွာလူကြီး ဦးထန်ဖုန်းရှိန် နေအိမ်သို့ သွားရောက်စုံစမ်းကြသည်။

"ဆရာဝန်တွေတော့ ရောက်လာတယ်၊ အခုတော့ မရှိတော့ဘူး၊ ဟိုဘက်ရွာတွေ ဆေးကုဖို့သွားကြတယ်"

"နောက်တစ်ဖွဲ့ကရော ဘယ်သွားကြသလဲ"

"နောက်တစ်ဖွဲ့က သစ်ခွပန်းရှာတဲ့သူတွေပဲ၊ တောထဲတက်သွားကြပြီ၊ သူတို့နဲ့တွေ့ချင်ရင်တော့ တောထဲမှာသာ လိုက်ရှာကြပေတော့"





ဟု ဦးထန်ဖုန်းရှိန် စကားကြောင့် ခေါင်းဆောင်လာသော ထွန်းအောင်ကျော်မှာ မကျေမနပ်ဖြစ်သွားသည်။ နောက်မှပါလာသော သံပချိုင်တို့ကလည်း ဒေါသဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ထိုအခြေအနေကို မြင်သော်လည်း ဦးထန်ဖုန်းရှိန်က ဆေးတံအဖွာမပျက်ပဲ အေးအေးဆေးဆေးနှင့်ပင် ရှိနေလေသည်။

"ခင်ဗျားက စကားပြောတာ အဇော်မာပါလား၊ ကျုပ်တို့က သတ္တုတွင်းက တာဝန်ခံတွေဗျ ဘာမှတ်နေလို့လဲ"

"မင်းတို့ကိုမြင်ရုံနဲ့ မျက်နှာဖြူတွေရဲ့ ကျွန်တွေမှန်း သိပါတယ်ကွာ"

"ခင်ဗျား ဘာစကားပြောတာလဲ"

ဟုပြောကာ သံပချိုင်က သေနတ်ဖြင့် ချိန်ထားလိုက်သည်။

"မင်းတို့ကြည့်ရတာ လက်နက်ရှိရင် ဘယ်သူ့အပေါ်မဆို အနိုင်ကျင့်လို့ရမယ်ထင်နေပုံပဲ၊ ငါပြောမယ် ကျားလည်း ကျားနဲ့တန်တဲ့ ခွန်အားလက်နက်ရှိသလို အကောင်အရွယ်အစားသေးတဲ့ မြွေမှာလည်း အဆိပ်ဆိုတာရှိတယ်၊ ကျားကိုက်လို့ သေနိုင်သလို၊ မြွေကိုက်ရင်လည်း ခသေတယ်၊ မင်းလက်ထဲက သေနတ်က ကျည်ဆံတစ်တောင့်ထွက်လို့ ငါသေရင် မင်းကျောကိုလည်း အဆိပ်ရှိတဲ့ မြားတံတစ်ချောင်း စိုက်ဝင်ပြီး ချက်ချင်းသေမှာပဲ"

ဦးထန်ဖုန်းရှိန်စကားကြောင့် သံပချိုင်မှာ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



တော့ တွန့်သွားလေသည်။ စိတ်မချစွာဖြင့် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်တော့လည်း တစ်ယောက်မှ အရိပ်အယောင် မတွေ့ရပေ။ သို့သော်လည်း တစ်လောကသူတို့စခန်းမှ လူငါး ယောက်သေသွားရာ ဒဏ်ရာဒဏ်ချက်များမှာ မြားချက်ထိ သော ဒဏ်ရာဒဏ်ချက်များ ဖြစ်သည်ကိုတော့ သိကြလေ သည်။

ထိုသို့သိသော်လည်း သူတို့လူများဟု မပြောဝံ့ပေ။

"အဲဒီတော့ မင်းတို့သွားစရာရှိတာသွားပါ၊ အေး အေးနေတဲ့ ငါတို့ကိုတော့ အကြောင်းမဲ့ ရန်မရှာပါနဲ့"

"ကျုပ်တို့လာတာ တခြားမဟုတ်ဘူး၊ စခန်းကထွက် ပြေးသွားတဲ့ အလုပ်သမားတွေကို လိုက်ရှာနေကြတာ"

"မင်းတို့ကမေးမှတော့ ငါတို့ကလည်း မေးရဦးမယ် မင်းတို့စခန်းကထွက်ပြေးလာတဲ့ အလုပ်သမားတွေတော့ ဒီရွာကို ရောက်မလာဘူး၊ ငါတို့ရွာကလူတွေ မင်းတို့စခန်းကို အလုပ်သွားလုပ်ကြတာ ပြန်ရောက်မလာကြဘူး၊ သူတို့ဘယ် ရောက်နေသလဲ"

"သိချင်ရင်တော့ ခင်ဗျားကိုယ်တိုင် စခန်းကိုလာပြီး စုံစမ်းကြည့်ပေါ့ဗျာ၊ အဲဒီတော့ သိရမှာပေါ့"

ဟုပြောကာ (၆)ယောက်သား ထိုနေရာမှ ပြန်ထွက် လာကြလေသည်။ ထိုသို့ပြန်ထွက်လာတော့မှ တောစပ်နေ ရာ အချို့အပြားတို့တွင် ဒူးလေး၊ လင်းလေးများ ကိုယ်စီကိုင်၍ ရပ်နေကြသော လူအတော်များများရှိနေသည်ကို တွေမြင်ရ





သတော့သည်။

ထိုအခြေအနေကိုမြင်တော့မှ ဦးထန်ဖုန်းရှိန်က ၎င်း ၏အနုပါမှာ မာမာတင်းတင်းပြောဆို ဆက်ဆံလိုက်သည့် အခြေအနေကို သဘောပေါက်ကြရတော့သည်။

ထိုနေ့ကတစ်နေ့လုံး ရွာအနီးပတ်ဝန်းကျင်များ၌ သော်လည်း၊ တောတောင်များထဲ၌သော်လည်းကောင်း ရှာလည်ရှာဖွေကြသော်လည်း၊ ဆရာဝန်အဖွဲ့ကိုသော် လည်းကောင်း၊ သစ်ခွပန်းရှာဖွေကြသူများကိုသော်လည်း ကောင်း၊ ထို့ပြင် စခန်းမှ ထူးထူးဆန်းဆန်း ကပ်ရောဂါ ဖြစ်နေကြသူတို့အားလည်းကောင်း အရိပ်အယောင်မှပင် မတွေ့ကြရပေ။

သို့ကြောင့် စိတ်မကျေနပ်သောကြောင့် တောထဲ အဝင် စခန်းချကာ တစ်နေရာပြီးတစ်နေရာ၊ တစ်ရွာဝင် တစ်ရွာထွက်ဖြင့် လိုက်လံရှာဖွေကြလေသည်။ တောင်လုံး ကျော်ရွာနှင့် တဆက်တည်းလိုလိုရှိကြသော ဆန်ဝေါင်ရွာ၊ သစ်မြိုင်ရွာ၊ ကျွန်းတောရွာ၊ လောင်းပန်ရွာတို့အထိ ရောက်အောင်သွားပြီး ရှာဖွေကြသော်လည်း ပျောက်သွား သောလူနာများကို မတွေ့ကြရသည့်အပြင် အချို့ရွာများမှာ ၎င်းတို့အား ပုန်းလျှိုးကွယ်လျှိုး ချောင်းမြောင်းရန်မူကြသည် ကိုပင် ကြုံတွေ့ကြရလေသည်။

လူကိုမမြင်ရပဲ တောတွင်းရောက်မှာ ချောင်းမြောင်း ပြီး အဆိပ်လူးမြားတံများဖြင့် ပစ်ခတ်ကြခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇင်းတို့အဖွဲ့မှ ဘဝမှာ အဆိပ်လူးမြားထိသဖြင့် သေဆုံးသွားသောအခါ ရှေ့သို့ဆက်မသွားဝံ့ကြတော့သဖြင့် နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ကြရပေတော့သည်။

ထွန်းအောင်ကျော်အတွက်ကတော့ ပွဲဦးထွက်ဆောင်ရွက်သော ကိစ္စမအောင်မြင်သည့်အပြင် ခေါ်သွားသောလူတစ်ယောက် သေဆုံးသွားရသောကြောင့် မျက်နှာကောင်းရစရာတော့ မရှိတော့ပေ။





# အခန်း (၁၄)

# ကြောက်စရာကောင်းလှသည့် တစ်ရေဝါများ

တောင်လုံးကျော်ရွာမှာ နာမည်နှင့်လိုက်အောင်ပင် အနီးပတ်ဝန်းကျင်တွင် တောတောင်များက ကာဆီးဝန်းရံထားကြလေသည်။ ရွာပတ်လည်တွင် သစ်တောကြီးများရှိပြီး တောင်အချို့လည်း ရှိပေသည်။ ပေများစွာမြင့်သော တောင်ကြီးများ မဟုတ်သော်လည်း ပေနှစ်ထောင်ကျော် သုံးထောင်မြင့်သောတောင်များ တောနေရာအနှံ့အပြားတွင် ရှိကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အချို့နေရာများတွင် ချောက်သဖွယ်ဖြစ်နေသော တောင်ကြားအချို့လည်း ရှိပေသည်။ ရွာနှင့်သိပ်မဝေးသော တောင်ကြားတစ်ခုထိပ်မှာတော့ ရွာသားနှစ်ယောက်သုံးယောက် ရှိနေကြသည်။ ၎င်းတို့ရှိသောနေရာမှာ အမြင့်ဆုံးနေရာတွင်ရှိသဖြင့် ထိုနေရာမှကြည့်လျှင် တောင်လုံးကျော်ရွာ အပါအဝင် ပတ်ဝန်းကျင်တစ်ခုလုံးကို လှမ်းမြင်ရသော အနေအထား ရှိလေသည်။

ထိုလူများရှိနေသောနေရာ အောက်ဖက်တွင် တောင်ကြားတစ်ခုရှိသည်။ ထိုတောင်ကြားမှဝင်သွားလျှင် တစ်နေရာတွင် ဂူပေါက်ကျယ်တစ်ခုရှိသည်။ အထဲမှာတော့ သစ်ဝါးတို့ဖြင့် လူနေထိုင်ရန် ပြင်ဆင်ထားသော နေရာများစွာ ရှိသည်။ ကွပ်ပျစ်များသဖွယ် ပြုလုပ်ထားသောနေရာများမှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့ ကယ်တင်လာသောလူနာများ ရှိနေသည်။

ထိုလူနာများမှာ (၂၀)ကျော်ခန့်ရှိပြီး အဆိပ်သင့်သော ကပ်ရောဂါမျိုး ဖြစ်နေကြလေသည်။ အဆိပ်သင့်သောကြောင့် မျက်လုံးများမှာ တိမ်ဖုံးသကဲ့သို့ ဖြစ်နေကြလေသည်။

ထိုလူနာများကို ဆရာဝန်ကြီးဦးမင်းဟန် ခေါင်းဆောင်သော ဆရာဝန်အဖွဲ့က ဂရုတစိုက်ကုသပေးကြလေသည်။ ဆေးဝါးများ ပြည့်စုံစွာပါလာသည်က တစ်ကြောင်း၊ တတ်





ကျွမ်းသော ဆရာဝန်ကြီးများက ကုသပေးခြင်း ဖြစ်သောကြောင့် နောက်ထပ်လူအသေအပျောက် မရှိတော့ပဲ ရက်ပိုင်းအတွင်းမှာပင် အတော်ကလေး ကျန်းမာလာကြလေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့ကို သေတွင်းက ကယ်လာပေးတဲ့သူတွေရော သေမင်းလက်ကလွတ်အောင် ကယ်ပေးကြတဲ့ ဆရာဝန်ကြီးတွေကိုရော ကျေးဇူးတင်ပါတယ်ဗျာ "

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့တတွေ မိသားစုတွေနဲ့ပြန်မတွေ့ကြရတော့ဘူးလို့ ထင်ထားကြတာ၊ အခုတော့ ပြန်တွေ့ရတော့မယ်၊ ဆရာကြီးတို့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး "

ဟု တုံရင်လှိုက်လှဲသော အသံများဖြင့် ပြောဆိုကြလေသည်။ ဆရာဝန်ကြီး ဦးမင်းဟန်နှင့် အဖွဲ့သားများက လိုအပ်သလို နေရာညပါ ကုသပေးကြသလို ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့၊ နီမောင်တို့အဖွဲ့ကလည်း လိုအပ်သောကိစ္စများကို ဆောင်ရွက်ပေးကြသည်။

ဦးထန်ဖုန်းရှိန် ခေါင်းဆောင်သော ရွာသူရွာသားများကတော့ ဂူထဲမှာရှိနေကြသူတို့အတွက် လိုအပ်သော အစားအသောက်များနှင့် လိုအပ်သောပစ္စည်းများကို မပြတ်စေရပဲ အလှည့်ကျလာရောက် ပို့ပေးကြရလေသည်။

ဂူအတွင်း၌ သစ်ဝါးများဖြင့် ပြုပြင်ထားသော နေရာများမှာ အပြင်မှာနေရသည်ထက်ပင် စိတ်ချလုံခြုံသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အားလုံးက ရွာသို့မပြန်တော့ပဲ ထိုဂူထဲမှာပင် နေကြလေတော့သည်။

တစ်နေ့တော့ ဦးထန်ဖုန်းရှိန် ရောက်လာပြီး အကျိုးအကြောင်း ပြောပြသည်။

"သတ္တုတွင်းကလူတွေ ပျောက်သွားတဲ့လူနာတွေကို လိုက်ရှာနေကြတယ်၊ တစ်နေ့က ရွာရောက်လာလို့ ကျုပ်နဲ့ တွေ့လိုက်သေးတယ်၊ သူတို့က လူနာတွေတင် မဟုတ်ဘူး ဆရာစန်အဖွဲ့နဲ့ ဆရာတို့အဖွဲ့ကိုပါ လိုက်ရှာနေကြတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်လိုက်သည်။

"ဒါပေမယ့် ဒီနေရာမှာနေတာ စိတ်ချရပါတယ် ကျုပ် အပြင်မှာ ရွာသားတွေကိုအစောင့်ချထားတယ်၊ နောက်ပြီး ဒီဂူကလည်း ဂူပိတ်မဟုတ်ဘူး ၊ အတွင်းကိုဝင်သွားရင် တစ်နေရာကို ထွက်သွားလို့ရတဲ့ မလွယ်ပေါက်ရှိတယ်"

"ဘာကြောင့် ဒီဂူကို အဲဒီလို စီမံထားတာလဲ"

"စစ်ဘေး စစ်ဒဏ်သင့်ရင် တစ်ရွာလုံး ဝင်နေလို့ရအောင် ကြိုတင်စီမံထားတာပါ"

"အခုတော့ ဒီနေရာက လူနာတွေထားဖို့ အတော်ကလေး အဆင်ပြေသွားတာပေါ့ဗျာ"

ထိုသို့ပြောပြီး ဦးထန်ဖုန်းရှိန်လည်း ပြန်သွားလေတော့သည်။ အခြားအရပ်မှ လာသူများကသာ ထိုမှာနေသော်လည်း နီမောင်တို့လို ရွာခံများကတော့ နေ့လည်သာ





အချိန် အလုပ်ကိစ္စရှိပါက ရွာသို့ပြန်ပြီး လုပ်ကိုင်ပေးကြသည်။

တစ်နေ့တော့ ညနေပိုင်း အလုပ်သိမ်းသောအချိန်တွင် နီမောင်တစ်ယောက်တည်း မြသင်းကြူတို့အိမ်သို့ သွားလေသည်။ ရောဂါသက်သာလာပြီဖြစ်သော ဦးဘသာအကြောင်းပြောပြရန် သွားခြင်းဖြစ်သည်။ ထိုအိမ်ရောက်တော့ မြသင်းကြူတစ်ယောက်တည်း တွေ့ရလေသည်။ ထူးထူးခြားခြား သနပ်ခါး ပါးကွက်ကြားမင် လိမ်းထားလေသည်။ ဖခင်အတွက် စိတ်သောကနည်းပါးသွားပြီဖြစ်သောကြောင့် ထိုကဲ့သို့ အခြေအနေမျိုးဖြင့် တွေ့ရခြင်း ဖြစ်လေသည်။

"နီမောင် ဘယ်ကလှည့်လာတာလဲ"

"နင့်ဆီကိုပဲ တမင်လာခဲ့တာပါ၊ ဦးလေးက အတော်ကလေး ပြန်ကောင်းနေပြီ၊ ဆရာကြီးတွေကုပေးလို့ ရောဂါလည်း အတော်ကလေး သက်သာသွားပါပြီ၊ နောက်တစ်ပတ်လောက်ဆိုရင်တော့ အိမ်ပြန်လာနိုင်ပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ နီမောင်ရယ်၊ ငါ့အဖေ့အသက်ကို ကယ်ပေးတဲ့ နင်တို့ကိုလည်း သိပ်ပြီး ကျေးဇူးတင်တာပဲ"

"ငါတစ်ယောက်တည်း တော်လို့မဟုတ်ပါဘူးဟာ"

"ဘာပဲဖြစ်ဖြစ် နင်တို့စွန့်စွန့်စားစားသွားပြီး စုံစမ်းခဲ့ကြလို့ ဒီအကြောင်းတွေ သိခဲ့ရတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အားလုံးဝိုင်းကူကြလို့ အခုလို အခြေအနေမျိုးရောက်တာပါ၊ ဘာပဲဖြစ်ဖြစ် နင်အခု

www.burmeseclassic.com

www.burmeseclassic.com



လို စိတ်ချမ်းသာနေတာတွေ့ရတော့ ငါကျေနပ်ပါတယ်"

ထိုစကားကြောင့် မြသင်းကြူက ခေါင်းငုံ့သွားသည်။

"တကယ်ရောဟုတ်ရဲ့လား"

ဟု လေသံတိုးတိုးဖြင့် မေးသည်။

"တကယ်ပါ၊ ငါက နင့်ကို တစ်သက်လုံး ပျော်ရွှင်ရွှင်နဲ့နေတာကိုပဲ မြင်ချင်တာပါ"

"တစ်သက်လုံး မြင်ချင်တယ်ဆိုတော့"

"နင့်အနားမှာတစ်သက်လုံး နေချင်တယ်လို့ပြောတာပါ"

မြသင်းကြူမျက်နှာပေါ်မှာ ရှက်သွေးဖျန်းသွားလေသည်။

"လူပျိုစကားပြောတာကလည်း ဆိုင်းမဆင့်ဗုံမဆင့်နဲ့"

"ငါတို့ကတောသူ့တောသားတွေဆိုတော့ ရင်ထဲမှာရှိတဲ့စကားကို သွယ်သွယ်ဝိုက်ဝိုက် သိုင်းသိုင်းဝိုင်းဝိုင်း မပြောတတ်လို့ပါ၊ နင် ငါပြောတာ စိတ်ဆိုးသွားသလား"

ခေါင်းငုံ့ထားရင်းမှ ခေါင်းခါပြသည်။

"ဒါဖြင့် ငါ့မေတ္တာကို လက်ခံပေးနိုင်မလား"

"ငါစဉ်းစားပြီးတော့ အဖြေပေးပါ့မယ်"

နီမောင်က သက်ပြင်းတစ်ချက်ချကာ နေရာမှထလိုက်သည်။ ဒီတော့မှ မြသင်းကြူက မော့ကြည့်သည်။

"ငါသွားတော့မယ်၊ ဒီည ဝူထဲမှာ သွားနေပေးရမယ်





နင်အပေါ်မှာ အခွင့်အရေးယူပြီး ပြောတာမဟုတ်ဘူးဆိုတာတော့ နင် ငါ့ကိုနားလည်ပေးပါ"

"ငါ နင့်သဘောကိုသိပါတယ်၊ နင်လိုချင်တဲ့အဖြေပေးဖို့ ငါစဉ်းစားပေးပါ့မယ်"

"ဒီလိုဆိုရင်တော့ အခုကတည်းက ကြိုပြီးဝမ်းသာထားပါတော့မယ်"

ဟု ပြောဆိုနှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။ သူ့ရင်ထဲမှာတော့ ပျော်ရွှင်ခြင်း၊ ဝမ်းသာခြင်းများက ပါသွားလေတော့သည်။

ဂူအတွင်းမှာနေကြသော ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာလည်း ခရီးသွားဟန်လွှဲဆိုသလို ရောဂါဖြစ်နေသူများကို ကယ်တင်ပေးခဲ့ပြီးနောက် အခြားဆောင်ရွက်ပေးစရာတာဝန်တစ်ခုက ကျန်နေပေသေးသည်။

အခြားတော့မဟုတ်ပေ၊ သူတို့နှင့်တွေ့ပြီးတော့မှ သေဆုံးသွားသော ရွှေလူတို့ညီအစ်ကို သိုဝှက်ထားခဲ့သော ငွေဒင်္ဂါးများရှာဖွေကြရန် တာဝန်တစ်ခုက ကျန်နေပေသေးသည်။

သို့သော် ယခုရက်ပိုင်းရောက်တော့မှ ပင်ပန်းမှုကြောင့် ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် ကျန်းမာရေးမကောင်းပဲ ဖြစ်နေလေသည်။ ထိုအခြေအနေကိုသိတော့ မြနန္ဒာကိုယ်တိုင် ဆေးကုပေးလေသည်။

"ဆရာ့အနေနဲ့ပင်ပန်းလို့ အဖျားဝင်နေတာပါ၊ နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းလောက် အနားယူလိုက်ရင် ပြန်ကောင်းသွားမှာပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"တောထဲတောင်ထဲမှာ အခုဖြစ်နေတာကို အိမ်မှာ ကျန်နေတဲ့ သူတွေသိရင်တော့ စိတ်ပူစရာဖြစ်တော့မှာပဲ"

"ကျွန်တော်အတွက် နောက်ကနေ စိတ်ပူပေးရမယ့် သူဆိုလို့ တပည့်တွေပဲရှိပါတယ်၊ သူတို့ကလည်း သတိတောင် ရကြမယ် မထင်ပါဘူး"

ထိုစကားကြားတော့ မြနန္ဒာက သဘောကျစွာ ရယ်နေလေသည်။

"ဒါထက် ဒေါက်တာကို မေးစရာရှိတယ်"

"မေးလေ"

"လူနာတွေက ဘယ်လိုရောဂါမျိုး ဖြစ်နေကြတာလဲ ဟင်"

"တိုတိုရှင်းရှင်း ပြောရရင်တော့ ကပ်ရောဂါတွေ ဖြစ်နေကြတာပါ"

"ဘယ်လိုကပ်ရောဂါတွေလဲဟင်"

"ကပ်ရောဂါတွေထဲမှာတော့ ပလိပ်ရောဂါ၊ ကျောက်ရောဂါနဲ့ ဝမ်းရောဂါတွေ ဖြစ်တာကတော့ပိုပြီး ကြောက်စရာကောင်းတာပေါ့၊ အခုဖြစ်နေတဲ့ ရောဂါတွေက အဲဒီလောက် ကြောက်စရာကောင်းတဲ့ ရောဂါမျိုးတော့ မဟုတ်ပါဘူး။ တစ်စုံတစ်ခုကြောင့် အဆိပ်သင့်ပြီး ဖြစ်တဲ့ရောဂါမျိုးပါ"

ဟု ရှင်းပြလေသည်။ ဒေါက်တာမင်းထင်ကျော်က



တော့ ထိုအကြောင်းများကို စိတ်ဝင်စားလေသည်။ အချိန်လည်းရနေသောကြောင့် ဒေါက်တာမြနန္ဒာက ကပ်ရောဂါများဖြစ်ပွားသော အကြောင်းများကို အတိုချုပ်တာ ပြောပြသည်။

"ကပ်ရောဂါတွေက ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့ကြတာပါ၊ ခေတ်မီဆေးဝါးတွေ မပေါ်ခင်က ရောဂါဖြစ်ရင် အသေအပျောက်များခဲ့ကြတယ်"

အလယ်ခေတ်တွင် ဥရောပတိုက်သားတို့သည် အကြီးအကျယ်ဆုံးသော ကပ်ရောဂါများကို တွေ့ကြုံခဲ့ရလေသည်။ ကြီးကျယ်စွာကျရောက်သော ရောဂန္တရကပ်များကြောင့် ဆေးအတတ်ပညာ ခြေလှမ်းပြောင်းသွားတော်သည်။ ထိုကြောင့် အလယ်ခေတ်တွင် ကျရောက်ခဲ့သော ကပ်ရောဂါများအကြောင်းကို လေ့လာခြင်းအားဖြင့် အလယ်ခေတ်၊ ဥရောပတိုက်၏ ဆေးအတတ်ပညာနှင့် ဆေးကုလိုက်သမားတို့၏ အခြေအနေကို ပိုမိုနားလည်နိုင်သည်။

အလယ်ခေတ်တွင် ဥရောပတိုက်သားတို့ တွေ့ကြုံခဲ့ရသော ကပ်ရောဂါများအကြောင်းကို ဖော်ပြရာတွင် ကင်းနက်ဝါကာ၏ "ဆေးပညာသမိုင်း" (Kenneth Walker's The Story of Medicine) မှ ဂျိုဟန်နီးနိုး၏ "အသားမည်းသေရောဂါ" (Johannes Nohl's The Black Death) အကြောင်းကို အကိုးအကား ပြုရပါသည်။

အဆိုပါစာအုပ်တွင် ထိုခေတ်ကိုသိမှီလိုက်သူတို့၏

www.burmeseclassic.com



မှတ်တမ်းများ ပါဝင်သည်။ အီတလီပြည်တွင် သက္ကရာဇ် (၁၃၄၅)ခုနှစ်မှ (၁၃၅၀)ခုနှစ်အထိ "အသားမည်းသေ" ကပ်ရောဂါ ကျရောက်ခဲ့၍ ဖလော့ရင့်မြို့ရှိ လူဦးရေ သုံးပုံတစ်ပုံမှ ထက်ဝက်အထိ သေဆုံးခဲ့ရလေသည်။

ဥရောပတိုက်တစ်ခုလုံးတွင် သေကျေပျက်စီးခဲ့ကြသည့် လူဦးရေမှာသိန်းပေါင်းများစွာ ရှိခဲ့ပေလိမ့်မည်။ အသားမည်းသေကပ်ရောဂါသည် တရုတ်ပြည်မှစ၍ ပါးရှားပြည်၊ ရုရှားပြည်နှင့် တူရကီပြည်တို့ကို ဖြတ်သန်းသွားသည့် ကုန်သွယ်လမ်းအတိုင်းရောက်လာပြီး ဥရောပတိုက်သို့ ဆိုက်ရောက်လာခဲ့ကြောင်း သိရှိရသည်။

အရှင်ဖရန်စစ်ဂိုဏ်းဝင်ရှင်ကြီး ပီယဇ္ဇမြို့သား မိုက်ကယ် (Michael of Piazza)သည် ဤကပ်ရောဂါ မစ္စလီကျွန်းသို့ ဆိုက်ရောက်လာပုံနှင့် ပတ်သက်သောမှတ်တမ်းကို ရေးသားထားခဲ့သည်။ ၎င်းမှတ်တမ်းကို ဖော်ပြပါမည်။

ဘုရားသားတော် ဖော်ပြပါမည်။ ခရစ်သက္ကရာဇ် (၁၃၄၇)ခုနှစ် အောက်တိုဘာလဆန်းစတွင် ဂျင်နိုဝါမြို့သားတို့သည် (Genoese) သင်္ဘောတစ်ဆယ့်နှစ်စင်း စီးနင်းလျက် အကုသိုလ်မကောင်းမှု ပြုခဲ့ကြသောကြောင့် ယင်းတို့တို ဘုရားသခင် အပြစ်ပေးဒဏ်ခတ်ခြင်းမှ လွတ်ကင်းအံ့ဟု ထွက်ပြေးလာကြ၍ မက်ဆီနာသင်္ဘောဆိပ်သို့ ဆိုက်တပ်လာခဲ့ကြလေသည်။

ထိုသူတို့သည် ရိုးတွင်းခြင်ဆီတွင် အလွန်အဆိပ်ပြင်း





သော ဝေဒနာစွဲကပ်နေသည်။ ဝေဒနာ၏ အဆိပ်မည်မျှပြင်းထန်သနည်းဟူမူ ထိုသူတို့နှင့် စကားပြောမိသူတိုင်းသည် သေတတ်သော ရောဂါတစ်ခု ကျရောက်၍ သေဘေးမှ မည်ကဲ့သို့မျှ မလွတ်နိုင်ခဲ့ကြချေ။ ရောဂါကူးစက်ခံရသူတို့သည် တစ်ကိုယ်လုံး၌ ခွင်းသော နာကျင်ခြင်းဝေဒနာကို ခံစားကြရသဖြင့် နုန်းခွေသွားတော့သည်။

ယင်းနောက် လူနာ၏ပေါင်၌ သို့မဟုတ် အထက်လက်မောင်း၌ ပဲစေ့ခန့် ပမာဏရှိသော သွေးစုနာတစ်လုံး ထွက်ပေါ်လာသည်။ အရပ်သားများက ဤသွေးစုနာကို "အပူလောင် သွေးစုနာ"ဟု ခေါ်ကြသည်။ သွေးစုနာမှ ငန်းမန်းတစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားသောကြောင့် လူနာသည် ပြင်းစွာသွေးအန်ကျလေသည်။ သွေးအန်သည်မှာ သုံးရက်ဆက်တိုက်ဖြစ်သည်။ သွေးအန်ခြင်းကို ရပ်တံ့နိုင်သည့် ဆေးမရှိ၍ သုံးရက်လွန်သော် လူနာသည် အသက်ဆုံးရှုံးရလေသည်။

မက်ဆီနာမြို့သားတို့သည် ဤသို့ရုတ်တရက် သေတတ်သောရောဂါသည် ဂျင်နိုဝါမှလာသော သင်္ဘောများမှ ကူးစက်ကြောင်း တွေ့မြင်ရသောအခါ သင်္ဘောများနှင့် ခရီးသည်များကို မြို့မှလည်းကောင်း၊ သင်္ဘောဆိပ်မှလည်းကောင်း လျင်မြန်စွာ ထွက်ခွာသွားရန် နှင်ထုတ်လေသည်။

သို့ရာတွင် ရောဂါဆိုးသည် မက်ဆီနာမြို့၌ စွဲမြဲနေခဲ့၍ ကြောက်မက်ဖွယ်ကောင်းသော သေခြင်းသည် ပျံ့နှံ့သွားခဲ့လေသည်။ လူတို့သည် တစ်ဦးကိုတစ်ဦး မုန်းတီးမှုပြင်းထန်



www.burmeseclassic.com

www.burmeseclassic.com



လာကြ၍ သားဖြစ်သူရောဂါရလျှင် ဖခင်က မပြုစုပဲ ဖြစ်လိုရာဖြစ်စေဟု လျစ်လျူရှုထားလိုက်သည်။

အကယ်၍ ဖြစ်လိုရာဖြစ်စေဟု သဘောထားတာ စွန့်စား၍ လူနာကို ပြုစုပါကလည်း ပြုစုသူသည် ချက်ချင်း ရောဂါကူးစက်ခံရ၍ သေးဘေးမလွတ်ပဲ ဆုံးရက်အတွင်း အသက်စွန့်ရလေသည်။ ဤမျှနှင့် မပြီးဆုံးသေးပေ။ လူနာနှင့် သက်ဆိုင်သူအားလုံး၊ တစ်အိမ်တည်းနေသူအားလုံး၊ ကြောင်၊ ခွေး၊ ကြက်စသည့်တို့ပါမကျန် လိုက်ပါသေဆုံးသည်အထိ ရောဂါကူးစက်မှုမြန်သည်။

ပီယင်္ဇမြို့စား မိုက်ကယ်သည် အသားမည်းသေရောဂါ ဖိစီးနှိပ်စက်ခံရသော သူတို့သည် သရဏဂုံတရားကိုမှ မကြားနာလိုက်ရပဲ၊ လောကဝတ်ကို အပြည့်အစုံမဖြည့်ဆည်းရမီ သေဆုံးသွားရကြောင်း ဖော်ပြထားသည်။ ရဟန်းများနှင့် ရှေ့နေများတို့သည် လူနာထံမချဉ်းကပ်ဝံ့သည်အကြောင်းရင်းမှာ သေဆဲလူနာတို့၏ ကျူးလွန်ခဲ့သမျှသော အပြစ်များကို ဝန်ချစကား နားဆင်ကြရသော ရှင်ငယ်များနှင့် အရှင်ဒိုမစ်နစ်ဂိုဏ်းဝင် အရှင်ကြီးများတို့မှာ ချက်ချင်းရောဂါ ကူးစက်၍ အသက်စွန့်ကြရသောကြောင့် အချို့သော ရှင်ငယ်တို့သည် သေဆဲလူနာတို့ထံမှ မထွက်မခွာပဲ အခန်းတွင်း၌ပင် သေဆုံးသည်အထိ နေရစ်ကြလေတော့သည်။

ရောဂါကပ် အထွတ်အထိပ်သို့ ရောက်သောအခါ၌ မက်ဆီနာမြို့သားတို့သည် မိမိတို့မြို့မှ ထွက်ခွာသွားမှ သင့်





တော်မည်ဟု ဆုံးဖြတ်ကြ၍ လူအချို့သည် စပျစ်ခြံများနှင့် လယ်ယာများသို့ သွားရောက်နေထိုင်ခဲ့ကြသည်။ အများစုကမူ "အပျိုကညာမြတ်၊ ကတားနီးယားမြို့သူ အဂါးသား (Agatha of Catania)သည် ငါတို့ကို ဤသေဆိုးမှ ကယ်တင်အံ့" ဟု ယုံကြည်ကြ၍ ကတားနီးယားမြို့၏ အရိပ်ကို ခိုလှုံနေထိုင်ခဲ့ကြသည်။

အသားမည်းသေရောဂါသည် ဤအစဉ်အတိုင်း သနားကရုဏာ ကင်းမဲ့စွာ တားမရဆီးမရ အီတလီတစ်ပြည်လုံးသို့ မရပ်မနား ပျံ့နှံ့သွားခဲ့လေသည်။ ကုန်တင်သင်္ဘောနစ်စင်းသည် ဤရောဂါကို ပီဆာမြို့သို့ သယ်ဆောင်သွားခဲ့လေသည်။ ထိုအခါ ပီဆာမြို့တွင် သေပွဲကြီး စတင်ဖြစ်ပွားခဲ့လေသည်။ ထိုကပ်ရောဂါသည် ပီဆာမြို့မှတဆင့် တပ်စကင်နီတိုင်းတစ်ခုလုံးသို့ ပျံ့ပွားသွားခဲ့လေသည်။

ဤကပ်ရောဂါ ဆိုက်ရောက်သည့်နေရာတိုင်း၌ နာများခြင်း၊ အသက်သေဆုံးခြင်း၊ ကြောက်လန့်ခြင်း၊ ခိုကိုးရာမဲ့ခြင်းနှင့် တရားလက်လွှတ်ခြင်း စသည်တို့ ဖြစ်ပွားခဲ့သည်။ အသားမည်းသော ရောဂန္တရကပ်တွင် မိမိဖခင် ဆုံးရှုံးခဲ့ရသော စာရေးဆရာ ဗောကတ္တဆီယို (Boccaccio) သည် ရောဂါဖိစီးခံရသော လူနာတို့ကို မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေများက မလွဲသာမရှောင်သာ ပစ်ထားခဲ့ကြရကြောင်း ဝမ်းနည်းကြေကွဲစွာ ဖော်ပြခဲ့သည်။

အသားမည်းသေကပ်ရောဂါသည် ချက်ချင်းကူးစက်



www.burmeseclassic.com

www.burmeseclassic.com



မှုမြန်ပြီး သေဆုံးနှုန်းမြန်သည့် ရောဂါဖြစ်သောကြောင့် မိမိတို့အနေဖြင့် မည်သို့မျှမတတ်နိုင်ကြောင်း ဆေးကုသော သမားများက အမှန်အတိုင်း သိမြင်ခဲ့ကြသည်။

ပုပ်ရဟန်း ဆဋ္ဌကလင်းမင့်၏ သမားတော် ဂိုင်းဒီသျိုးလီယက်သည် ဤကိစ္စနှင့်ပတ်သက်၍ သမားတို့၏ သဘောထားကို ဖော်ပြရေးသားထားခဲ့သည်မှာ ဤသို့ဖြစ်သည်။

ဤကပ်ရောဂါသည် သမားတို့၏ဂုဏ်ကို အလွန်ရှက်လောက်အောင် နှိမ်ခဲ့လေသည်။ သမားတို့သည် ရောဂါကပ် ရောက်သူတို့ကို မည်သည့်အကူအညီမျှ မပေးနိုင်သောကြောင့် ရှက်စရာကောင်းခဲ့သည်။ ကူးစက်မည့်ဘေးကို ကြောက်သောကြောင့် လူနာအိမ်သို့သွားရောက် မကြည့်ရှုနိုင်ခြင်းက ပို၍ရှက်စရာကောင်းခဲ့သည်။

လူနာကိုရောဂါပျောက်ကင်းအောင် မကုသနိုင်သောကြောင့် ခြေကြွခရနိုင်စရာအကြောင်းလည်း မမြင်ခဲ့ချေ။ အကြောင်းမူကား ရောဂါစွဲကပ်ခံခဲ့ရသူဟူသမျှ အားလုံးလိုလိုပျက်စီးကြရသည်။ ရောဂါကပ်အဆုံးသို့ရောက်ချိန်၌သာ သွေးစုနာသည် မှည့်လာ၍ ပေါက်ထွက်နိုင်သောကြောင့် အနည်းငယ်မျှသော လူနာများ သေဘေးမှလွတ်ကင်းခဲ့ရသည်။

ထိုအကြောင်းတို့ကြောင့် သမားတို့သည် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့ကြလေသည်။ ဘုရားသခင်ထံမှောက်၌ ကျူးလွန်မိခဲ့သမျှ အပြစ်များကို ဝန်ချ၍ မေတ္တာပို့ခြင်းအားဖြင့်လည်း နတ်ဆိုး၏ မြားဦးကို





လွှဲရန် ကြံစည်ခဲ့ကြလေသည်။

လူနာကို အနီးကပ်ကုသမှုမပြုနိုင်ကြသော သမားတို့၏ အကြံပြုချက်များမှာ ရယ်စရာကောင်းပြီး ထိရောက်မှုမရှိလှကြောင်း နမူနာအဖြစ် ဖော်ပြထားချက်များ ရှိပေသည်။ ထိုခေတ်က အခြေအနေကို လေ့လာနိုင်ရန် ဖြစ်သည်။ ပါရမီမြို့ရှိ ဆေးအတတ်ပညာ မဟာဌာန၏ အကြံပေးချက်မှာ "မသင့်သောအစာများကို ရှောင်ရန်ဖြစ်ပြီး အေးစို၍ အရည်ရွှမ်းသော အစာများ မစားသင့်ကြောင်း" အဆိုပြုထားသည်။ "ငါးသည်လည်း ရေနေသတ္တဝါဖြစ်သောကြောင့် စားရန်မသင့် ရှောင်ရမည့် အစာဖြစ်ကြောင်း "အကြံပြုထားသည်။ "အလွန်အကြူးပြုလုပ်ခြင်း၊ သို့မဟုတ် အလုပ်လုံးဝမလုပ်ခြင်း၊ စိတ်ကြွခြင်း၊ ဒေါသကြီးခြင်း၊ အရက်သေစာ မူးယစ်ခြင်းတို့သည် ရောဂါကျရောက်နိုင်မည့် ဘေးများဖြစ်ကြောင်း" ဖော်ပြထားသည်။

သို့သော် ထိုခေတ်ထိုအခါက အရာရာတိုင်းမှာ ကြီးသောဘေးများ ဖြစ်ခဲ့လေသည်။ အီတလီအမျိုးသား သမားတို့ကမူ ကပ်ရောဂါမဖြစ်ပွားရန် လူတို့သည် စိတ်အေးအေးထားရန် အကြံပေးခဲ့လေသည်။ အမှန်စင်စစ် ကပ်ရောဂါကြီးစွာ ကျရောက်၍ စိတ်ပူနေရသည့် အချိန်မျိုး၌ ကြိုတင်ကာကွယ်နည်းမှာ ဆောင်ရွက်ရန် လွယ်ကူသော နည်းမဟုတ်ပေ။

အကြံပြုချက်များကို ဖော်ပြပါဦးမည်။ ပထမဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com



အချက်မှာ သေမည့်အကြောင်းကို မည်သူမှတွေးတောမနေအပ်ချေ။ မည်သူတစ်ဦးတစ်ယောက်ကိုမှလည်း အာဃာတစိတ် မထားအပ်ချေ။ မည်သည့်အရာ၌မဆို စိတ်ပင်ပန်းခြင်းမရှိအပ်ချေ။ သာယာသောအကြောင်းအရာများကိုသာ တွေးတောနေရမည်။

ရောဂါကပ်ဆိုက်နေသောအခါမျိုးတွင် မိန်းမပေါ့များ အလျဉ်းမရှိအပ်ချေ။ ထို့ပြင် အရက်မူးနေသူများနှင့်လည်း မဆက်ဆံအပ်ချေ။ ရေငတ်ခံမနေသင့်။ သို့ရာတွင် ဝိုင်အရက်ကို တန်ရုံသာ ခြိုးခြံ၍သောက်ရမည်။ ထို့ပြင် သာယာသော တေးသီချင်းများကို နားထောင်ခြင်းသည် ကောင်း၏။ ရာသီဥတု၏ ကောင်းခြင်းကို သင့်မြတ်သောသူတို့နှင့်အတူတကွ ခံစားစံစားခြင်းသည်လည်းကောင်း၏။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား တို့အကြောင်း တွေးတောခြင်းသည် နှလုံးကိုနှစ်သိမ့်စေ၏။

အထက်ဖော်ပြပါအကြံပြုချက်များမှာ မာဆီလီယိုနှင့် ဂါးဗိုး၊ ယောဟန်နီးပြုစုသော အသားမည်းရောဂါကပ်အကြောင်းစာအုပ်မှ ကောက်နှုတ်ဖော်ပြထားခြင်း ဖြစ်ပေသည်။ ထိုခေတ်ထိုအခါက ကူးစက်ရောဂါဆိုးကို ကာကွယ်နိုင်ရန် အိမ်တွင်း၌ အောင်းနေသော လေညစ်၏အဆိပ်ကို ဖြေနိုင်မည့် အကြံအစည်အမျိုးမျိုး ထုတ်ခဲ့ကြသည်။

နွားနို့စိမ်းကို ပန်းကန်တွင်ထည့်၍ အိပ်ခန်းများ၌ ထားကြည့်ခဲ့ကြသည်။ နွားနို့စိမ်းသည် လေထု၏အဆိပ်ကို





တ်ယူနိုင်မည်ဟု ယုံကြည်ကြ၍ဖြစ်သည်။ နောက်တစ်နည်းာ ရောဂါ၏အငွေ့အသက်ကို စုပ်ယူစေအံ့ဟူသော အကြံြင့် သေအံ့လူနာ၏နှုတ်ခမ်းများပေါ်၌ ဖုတ်ပြီးစပေါင်မုန့်တိုင်၍ စမ်းကြည့်ခဲ့ကြသည်။

အိမ်ပြင်လေတွင်းရှိရောဂါ အငွေ့အသက်ကို နွားတို့ထွက်သက်ကဖြေအံ့ အကြံဖြင့် နွားအုပ်များကိုလမ်းပေါ်၌ောင်းနှင်ကြည့်ခဲ့ကြသည်။ ဗောလကင်တိုင်းပြည်ရှိ သမားတို့ကမူ အလွန်နံစူးသော အနံ့တို့သည် ရောဂါ၏ အငွေ့အသက်ကို နိုင်အံ့ဟု အကြံပေးခဲ့ကြသည်။

ထိုအခါ အိပ်ခန်းများ၌ ဆိတ်သိုးတို့ကို ထားကြည့်ခဲ့ကြသည်။ ဤကာကွယ်နည်းကို ကျင့်သုံးခြင်းအားဖြင့် မိမိသည် ကပ်ရောဂါ၏ ဘေးမှလွတ်ကင်းခဲ့ကြောင်း ဟန်ဂေရီတိုင်းပြည်၏ တရားသူကြီးချုပ်က ထုတ်ဖော်ပြောဆိုခဲ့လေသည်။ ဂရူးလင်း (Gruling)ဆိုသူ သမားတစ်ဦးကလည်း အိပ်ခန်းတွင်း၌ ဆိတ်သိုးတစ်ကောင်ထားသည့် သားသတ်သမားတစ်ဦး၏ အိမ်၌နေထိုင်သော အိမ်သားများသည် တစ်ဦးတစ်ယောက်မှ ရောဂါမရခဲ့ကြောင်း သတင်းဖြန့်ခဲ့လေသည်။

သို့ရာတွင် မယုံကြည်သော သမားတစ်ဦးက ထိုအ ချက်ကို ချက်ချင်းငြင်းဆိုခဲ့လေသည်။ လိုက်ပဇစ်မြို့ ရောဂါကပ် ဆိုက်ရောက်သောအခါ၌ အိပ်ခန်းထဲ၌ ဆိတ် သိုးများထားသည့် အိမ်သူအိမ်သားအများသည် အသား



www.burmeseclassic.com

www.burmeseclassic.com



မည်းသေရောဂါ သင့်ခဲ့ကြောင်း ဒေါက်တာရစ်ဗင်းက ဖေ
ပြခဲ့လေသည်။

ဒဿနိက ပညာရှိတစ်ဦးက ပုလင်းတစ်လုံးတွ
လှောင်ထားသည့် လေကိုတိုက်စေခြင်းအားဖြင့် ကူးစ
ရောဂါဆိုး၏ အငွေ့အသက် လွင့်ပါးသွားမည်ဖြစ်ကြော
အကြံပေးခဲ့လေသည်။ သို့ရာတွင် တိုက်မည့်လေကို ပုလင်း
လှောင်ထားနိုင်မည့်နည်းကို မဖော်ပြနိုင်ခဲ့ချေ။

အခြားအကြံပေးချက်တစ်ခုတွင် မိမိ၏ကျင်ငယ်
ယူ၍ သစ်ခါး၊ သစ်မာနှင့် အနည်းငယ်စီ စိမ်ထားပြီးနော
သစ်စများကို အဝတ်ဖြင့် စစ်ပစ်ရမည်။ ကျန်ကျင်ငယ်
နံနက်တိုင်း အနည်းငယ်စီ သောက်ရမည်။ အသားမည်းေ
ရောဂါကပ် ဆိုက်သောအချိန်၌ သမားယောင်များ၊ အမ
အိုများနှင့် နယ်လှည့်ရှင်ကြီးတို့သာမက ဆေးကုသမားအ
လည်း ရောဂါတားလက်ဖွဲ့များကို ရောင်းချခဲ့ကြကြော
ယောဟန်နီနီးက ဆိုသည်။

မှော်အတတ်ပညာကို မယုံခဲ့သော ပညာရှိ ဂိုင်းဒီ
လိယက်သည် ဟာမီ၏ ကုထုံးကိုလိုက်နာရန် အကြံပေ
လေသည်။ ဟာမီ၏ ကုထုံးမှာ "နေမင်းသည် သိန်ရာသီ
ဆိုက်ရောက်နေ၍ လမင်းသည်လည်း စနေဂြိုလ်ဘက်
လှည့်မနေမီသောအခါ၌ ရွှေစင်ဖြင့်ပြီးသော ခြသေ့ရုပ်ခိုး
တတ်ဆင်ထားသည့် ခြသေ့သားရေခါးပတ်ကို ပတ်ထ
ခြင်း" ဖြစ်ပေသည်။





(၁၃၇၄)ခုနှစ်လောက်က ကပ်ရောဂါ ဖြစ်ပွားသူတို့
ဲ လူအများနှင့် မနေစေပဲ လယ်ကွင်းထဲမှာနေစေခြင်း၊
ုပေးသူတို့ပါ အပြင်ထွက်နေရခြင်းစသော ဥပဒေများ
တ်ပြန်ခဲ့သည်။ ရောဂါဖြစ်ပွားနေသူ ရှိနေခြင်းကိုသိပါ
က် ထိန်ချန်သိုဝှက်ထားခဲ့လျှင် ထိုသူကို သေဒဏ်အပြစ်
းလေသည်။

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်
 ဝင်ပြောလိုက်သည်။

" ၁၃၇၄ ခုနှစ်က ရေဂျီယိုမြို့မှာ ထုတ်ပြန်ခဲ့တဲ့ ဥပဒေ
တိုင်းဆိုရင်တော့ သတ္တုတွင်းမှာ တာဝန်ယူနေတဲ့ သူတွေ
 အားလုံးသေဒဏ်ပေးသင့်တယ် ထင်ပါတယ်၊ ဘာကြောင့်
ဲဆိုတော့ ထိန်ချန်ထားရုံတင်မကပဲ ရောဂါဖြစ်နေတဲ့လူ
ွအားလုံးကို ဆေးကုမပေးတဲ့အပြင် မြေအောက်ခန်းထဲ
 ပိတ်လှောင်ထားခဲ့လို့လေ"

"ဒါကတော့ မျက်နှာဖြူတွေက "လူမဆန်တဲ့အလုပ်
 လုပ်ခဲ့ကြတာပဲ၊ ဒါကိုကျွန်မတို့က အားလုံးသိအောင်
်ထုတ် ပေးရမှာပါ"

ထိုသို့ပြောဆိုပြီး မြနန္ဒာလည်း အခြားလူနာများကို
းကုပေးရန် ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

# ရှိုမှတ်သည့် လူသတ်သမား

အချိန်ကာလမှာ (၁၉၂၀) ခုနှစ်ဝန်းကျင်ကာလဖြစ်သည်။ ထိုအချိန်က ဗြိတိသျှနယ်ချဲ့တို့ သိမ်းပိုက်ထားသော သတ္တုတွင်းများ၌ လာရောက်လုပ်ကိုင်နေသူတို့မှ ကုလားလူမျိုးများ ပါဝင်လေသည်။ အင်္ဂလိပ်တို့နှင့် ဖက်စပ်လုပ်ကိုင်နေသော ကုလားလူမျိုးတို့တွင် ရာဂျစ်ကဖူးလည်း အပါအဝင်ဖြစ်ပေသည်။

သူသည် ၎ သတ္တုတူးဖော်သောနေရာတွင် ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ခံအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အလုပ်သမားများကိုလည်း အတော်များများ အိန္ဒိယနိုင်ငံမှပင် ခေါ်ယူအသုံးပြုခဲ့လေသည်။ နောက်ပိုင်းရောဂါများ ဖြစ်ပွားသဖြင့် တစ်ယောက်ပြီးတစ်ယောက် သေသွားခဲ့ကြသဖြင့် ဒေသခံများကို ခေါ်ယူအသုံးပြုခဲ့ကြခြင်းဖြစ်သည်။

ရှေ့အခန်းများ၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း ကပ်ရောဂါများကြောင့် သတ္တုတူးဖော်ရေးစခန်းတွင် အလုပ်လုပ်နေကြသည့် အလုပ်သမားများ တစ်ယောက်ပြီးတစ်ယောက် သေဆုံးခဲ့ကြသဖြင့် အလုပ်သမားများအတော်ပင် လျော့နည်းခဲ့ရပေသည်။

သတ္တုတွင်းနှင့်နီးသောနေရာများ၌ ရွာများရှိရာယခင်က ထိုရွာမှ အလုပ်သမားများ လာရောက်လုပ်ကိုင်ခဲ့ကြသဖြင့် အိန္ဒိယမှကုလားအလုပ်သမားများ မရသော်လည်း ပူစရာမရှိခဲ့ပေ။ နောက်ပိုင်း ပတ်ဝန်းကျင်ရွာများမှ လာရောက်အလုပ်လုပ်ကြသူတို့မှာ သေသူသေ ပြန်မရောက်လာသူ များလာသောကြောင့် နောက်ပိုင်းလာရောက်လုပ်ကိုင်မည့်သူပင် မရှိတော့ပေ။

သတ္တုတူးဖော်သောနေရာမှာ ထိုကဲ့သို့ အလုပ်သမားများ မလုံမလောက်ဖြစ်နေသကဲ့သို့ တူးဖော်ရရှိသည့် သတ္တုရိုင်းများကို ကျိုချက်သော ငွေချက်ရုံ (သတ္တုကျိုချက်သောဌာန)မှာ ထိုကဲ့သို့ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပေသည်။ သတ္တုကျိုချက်သောဌာနတွင် စီမံအုပ်ချုပ်နေ





သူမှာ အိန္ဒိယလူမျိုးဖြစ်ပြီး အမည်မှာ နာရာသန်ဖြစ်သည်။

နာရာသန်သည် အသက် ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး အလုပ်လုပ်ရာတွင် စေ့စပ်သေချာသူတစ်ဦး ဖြစ်သည်။ ငွေချက်ရုံတွင် အလုပ်လုပ်နေကြသည့် အလုပ်သမားကြီးများမှာ ရှေ့ပိုင်းတွင် ဘာမှပြဿနာမပေါ်ခဲ့သော်လည်း နောက်ပိုင်းမှာတော့ ပြဿနာပေါ်ပေါက် လာခဲ့လေသည်။

အခြားတော့မဟုတ်ပေ။ ထိုစက်ရုံ၌ အလုပ်လုပ်နေကြသူတို့မှာ ရောဂါမယ်မယ်ရရ မတွေ့ရပဲ တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားကြခြင်း ဖြစ်သည်။ အလုပ်လုပ်နေရင်းမှပင် တဖြည်းဖြည်း အားအင်ချို့နဲ့လာပြီး တဖြုတ်ဖြုတ် သေဆုံးခဲ့ကြခြင်းဖြစ်သည်။ ထိုအခြေအနေကို မြင်တော့နာရာသန်တို့မှာ များစွာခေါင်းခဲကြရကာ အရေးပေါ်အစည်းအဝေးခေါ်ကာ တိုင်ပင်ဆွေးနွေးကြရလေသည်။

"အလုပ်သမားတွေ ဘာကြောင့် တစ်ယောက်ပြီး တစ်ယောက် သေရတာလဲ"

နာရာသန်ကမေးတော့ လက်ထောက်တစ်ယောက်က ပြောပြလေသည်။

"သတ္တုတူးဖော်တဲ့နေရာမှာ အဆိပ်သင့်တဲ့ ကပ်ရောဂါဖြစ်နေလို့ လူတွေမကြာခဏ သေကြတယ်လို့ သတင်းကြားရပါတယ်၊ ဒီကအလုပ်သမားတွေလည်း အဲဒီကရောဂါမျိုးဖြစ်ပြီး သေကြရတယ်လို့ ထင်ပါတယ်"

"ဒီကိစ္စက ပေါ့ပေါ့ထားလို့ မရဘူး၊ ရှိတဲ့အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



တွေ့သေပြီး၊ နောက်ထပ်အလုပ်သမားတွေလည်း မရနိုင်တော့ဘူးဆိုရင် ကျုပ်တို့လုပ်ငန်းတွေ ရပ်သွားလိမ့်မယ်၊ ဒီကိစ္စကို အမြန်ဆုံး အဖြေသိရအောင်ရှာဖွေပါ ”

ဟု အမိန့်ပေးသဖြင့် စခန်းမှာ တာဝန်ယူကုသပေးနေသော ဆရာဝန်များကလည်း ရောဂါဖြစ်နေသောလူနာများနှင့်၊ သေဆုံးသွားသော လူနာများကို စစ်ဆေးကြည့်ရှုကြလေသည်။ ၎င်းတို့ကစစ်ဆေးကြည့်တော့လည်း ရောဂါဖြစ်သော လက္ခဏာကိုမတွေ့ရပဲ ခြောက်လ၊ တစ်နှစ်အတွင်းမှာပင် သေဆုံးသူဦးရေက အတော်ပင်များပြားခဲ့လေသည်။

အားလုံးကတော့ သတ္တုတူးဖော်သောနေရာ၌ ဖြစ်ပွားနေသော ကပ်ရောဂါမျိုးကြောင့်သာ သေရသည်ဟု ယေဘုယျ မှတ်ချက်ချကြလေ၏။ ငွေစက်ရုံတွင် တစ်နှစ်ခြောက်လအတွင်းမှာ လူပေါင်းများစွာ အလုပ်သမားပေါင်းများစွာသေသည်ကို တစ်ဆင့်စကားတစ်ဆင့်ကြားရသဖြင့် နောက်ထပ်လာရောက်လုပ်ကိုင်သူ မရှိသလောက် နည်းသွားလေတော့သည်။

အရပ်ထဲမှာတော့ “သေချင်ရင် စိန်မစားနဲ့ ငွေစက်ရုံသွား” ဟူသော စကားပင်ပြောစမှတ် ဖြစ်လာခဲ့လေသည်။ ထိုပြဿနာအတွက် နာရသန်တို့မှာ အတော်ပင် ခေါင်းခဲကြရလေသည်။ အလုပ်သမားများသေသဖြင့် စိုးရိမ်သောကရောက်ရခြင်းတော့ မဟုတ်ပေ။ တဖြည်းဖြည်းနှင့် အလုပ်သမားမရှိတော့လျှင် စက်ရုံရပ်နားထားရမည်ကို စိုးရိမ်သော





ကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ဒေသမှာလုပ်ကိုင်နေသော ဆရာဝန်များနှင့် အိန္ဒိယမှဆရာဝန်အချို့ကိုပါ ခေါ်ယူပြီး စစ်ဆေးသမှုပြုစေခဲ့သည်။ ထိုဆရာဝန်များရောက်လာတော့ ရောဂါဖြစ်နေသူတို့ကို စမ်းသပ်စစ်ဆေးကြည့်ကြရာ အံ့ဩစရာကောင်းသော အခြေအနေတစ်မျိုးကို တွေ့ရလေသည်။ ထိုအကြောင်းကို ဒေါက်တာရာမက နာရသန်ကို ပြောပြလေသည်။

“အံ့ဩစရာပဲဗျ၊ သူတို့ကိုစစ်ဆေးကြည့်တော့ ဘာမှရောဂါလက္ခဏာ မတွေ့ရဘူး”

“ဒါဖြင့် ဘာကြောင့် သေကြတာလဲ”

“ကျုပ်လည်း အဲဒါကိုပဲ စဉ်းစားပြီး အဖြေရှာနေတာပဲ၊ ရောဂါမရှိပဲ သေတယ်ဆိုတော့ တစ်ခုပဲ ဖြစ်နိုင်စရာ ရှိတော့တယ်”

“ဘယ်လိုများလဲ”

“ကျိန်စာသင့်နေတာလား၊ ဒါမှမဟုတ် ဆေးပညာနဲ့အဖြေရှာလို့ မတွေ့နိုင်တဲ့ မကောင်းဆိုးဝါးတွေက ဖမ်းစားနေတာများလား မသိဘူး”

“ခင်ဗျားက ခေတ်ပညာတတ်ဆရာဝန် တစ်ယောက်ဖြစ်နေပြီးတော့ ဒါမျိုးတွေလည်း ယုံကြည်တာပဲလား”

နာရသန် ပြောသောအသံက ဘဝင်မကျသောလေသံမျိုး ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပရလောကသားတွေနဲ့ သက်ဆိုင်တဲ့အကြောင်းအရာတွေက မမြင်နိုင် မသိနိုင်ပေမယ့်၊ မယုံကြည်လို့မှ မရတာ၊ ခင်ဗျားလည်း အိန္ဒိယမှာ နေခဲ့တာပဲ၊ ဒါမျိုးတွေကို သိမှာပါ။ ဗမာပြည်ဆိုတာလည်း စုန်းကဝေ၊ တစ္ဆေသရဲနဲ့ ပြုစားတတ်တာတွေကို ယုံကြည်လက်ခံကြတဲ့ နေရာမျိုးပဲ"

ဒေါက်တာရာမစကားက အကျိုးအကြောင်း ဆက်စပ်မှုရှိသောကြောင့် နာရသန်လည်း ပြန်မပြောသာတော့ပဲ စိတ်မသက်မသာဖြင့် သက်ပြင်းတစ်ချက် ချလိုက်ရလေသည်။

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ဒီပြဿနာကိုတော့ တစ်ခုခုအဖြေသိရအောင် ခင်ဗျားကြိုးစားပေးပါ"

"ကျွန်တော်တတ်နိုင်သလောက် ကြိုးစားပြီး အဖြေသိအောင် လုပ်ပေးပါ့မယ်"

ထိုသို့ ကတိပေးပြီးနောက် ဒေါက်တာရာမလည်း ရောဂါဖြစ်နေသူများ၊ သေဆုံးသွားသူများကို စစ်ဆေး၍ ရောဂါဇစ်မြစ်ကို ရှာဖွေပြန်လေသည်။ နောက်ဆုံးတော့ သူ၏ကြိုးစား ဆောင်ရွက်မှုကြောင့် အလုပ်သမားများ ဘာကြောင့်သေရသည်ဆိုသော လျှို့ဝှက်ချက်ကို ရှာဖွေတွေ့ခဲ့ရလေသည်။

ငွေစက်ရုံ၌ လူသေသောအကြောင်းမှာ သတ္တုရိုင်းတူးသောနေရာ၌ ဖြစ်နေသော ကပ်ရောဂါများနှင့်တော့ မတူပေ။ သေဆုံးသွားသောအလုပ်သမားကြီးများ၏ ရင်ကို





ခွဲပြီး ဝမ်းတွင်းကို စစ်ဆေးကြည့်သောအခါ နှလုံး၊ အဆုပ်၊ အသည်း၊ ကျောက်ကပ်နှင့် အသက်ရှူလမ်းကြောင်း၊ အစာအိမ်လမ်းကြောင်းတစ်လျှောက်တွင် ငွေတုံးငွေခဲများ ပိတ်ဆို့နေသည်ကို တွေ့ရခြင်း ဖြစ်သည်။

"ဒါတွေက ဘယ်လိုရောက်နေတာလဲ"

" မီးခိုးငွေတွေထဲမှာပါတဲ့ ငွေမှုန့်ငွေခဲတွေက အသက်ရှူလိုက်တိုင်းပါလာပြီး၊ ဝမ်းထဲရောက်တော့မှ စုပြုံခဲသွားတာပါ။ ဒါတွေပိတ်ဆို့နေတော့ အသက်ရှူလို့လည်းမဝ၊ အစားအသောက်လည်း စားသောက်လို့မရတော့တာကြောင့် တဖြည်းဖြည်း ပိန်ချုံးပြီးသေကြရတာပဲ"

"ဒါဖြင့် နောက်ထပ်ဒီလို မဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ"

"စက်ရုံကထွက်တဲ့ မီးခိုးငွေတွေ သူတို့ကိုယ်ထဲ မရောက်အောင် မီးခိုးခေါင်းတိုင်နဲ့သွယ်ပြီး အပြင်ကိုထုတ်ပစ်မယ်ဆိုရင်တော့ လူအသေအပျောက် နည်းသွားပါလိမ့်မယ်"

ဟု ဒေါက်တာရာမက အကြံပေးသည်။ နောက်ပိုင်းမှာတော့ နာရသန်ကလည်း ဒေါက်တာရာမ အကြံပေးသည့်အတိုင်း ပြုလုပ်ဆောင်ရွက်စေရာ အလုပ်သမားများ အသေအပျောက် လျော့နည်းသွားခဲ့ပေတော့သည်။

ဘော်တွင်းမှ သယ်ယူလာသော သတ္တုရိုင်းများကို နမ္မတူရှိဘော်ချက် စက်ရုံသို့ပို့ကာ ကြိုချက်မာတင်ခဲ့မှု ပြုလေသည်။ ထိုသို့ကျိုချက်ရာတွင် စက်ရုံထွက် အခိုးအငွေ့



www.burmeseclassic.com

www.burmeseclassic.com



(မီးခိုးငွေများ)များကို စက်ရုံနှင့် အတော်ပင်ဝေးသော တောင်ထိပ်ပေါ် ရောက်သည်အထိ အုတ်ပြွန်လိုဏ်ခေါင်းဖြင့် သွယ်ယူသွားသည်။

တောင်ထိပ်ရောက်သောအခါမှ ခေါင်းတိုင်ဖြင့် ကောင်းကင်သို့ ထုတ်လွှင့်ပစ်လေသည်။ တစ်နှစ်လုံး ထိုကဲ့သို့ မီးခိုးငွေများကို ခေါင်းတိုင်ဖြင့် သွယ်ထုတ်ခဲ့ပြီးနှစ်စဉ် ဒီဇင်ဘာလ (၂၅၊ ၂၆) ရက်ရောက်လျှင် သတ္တုချက်စက်ရုံကို နှစ်ရက်နားလေသည်။ အနောက်တိုင်းသားများ အုပ်ချုပ်နေသောစက်ရုံဖြစ်သောကြောင့် ခရစ်စမတ်ရက်နှင့်တိုက်ပြီး နားကြခြင်းလည်း ဖြစ်သည်။

သို့သော် အရာရှိများကသာ နားကြသော်လည်း အလုပ်သမားများကတော့ မနားကြရပါပေ။ အလုပ်ပိတ်သောနှစ်ရက်တွင် အလုပ်သမားများက မီးခိုးခေါင်းတိုင်ထိပ်မှ တောင်ခြေ စက်ရုံရောက်သည့်အထိ ခေါင်းတိုင်တလျှောက် ရေဖြင့် ဆေးချကြသည်။ မီးခိုးထုတ်လွှင့်ရာ ခေါင်းတိုင်လိုဏ်ခေါင်းတစ်လျှောက် ကပ်ငြိနေသော မီးခိုးအညစ်အကြေးများကို ရေဖြင့်ဆေးချရာ ကျလာသောရေကို ရေလွှဲပေါက်ဖြင့် အသင့်ပြုလုပ်ထားသော အုတ်ကန်အတွင်းသို့ရောက်အောင် သွယ်ယူလေသည်။

နောက်ကျိနေသော မီးခိုးရေများကို အုပ်ကန်အတွင်းမှာ အနယ်ထိုင်သည်အထိ ထားသည်။ အောက်ခြေသို့ အနှစ်များအနယ်ထိုင်သွားတော့မှ အပေါ်မှရေကြည်တို့ကို ထုတ်





ပယ်ပစ်သည်။

ထို့နောက် ကန်အောက်ခြေ၌ အနည်ထိုင်ကျန်နေခဲ့သော အနှစ်များကိုယူပြီး သတ္တုချက်စက်ရုံ၌ ချက်ပြန်ရာ အဖိုးတန်ငွေနှင့်ခဲများကို ရကြပြန်လေသည်။ သတ္တုတွင်းမှ တူးဖော်ရရှိသော သတ္တုရိုင်းများထက်ပင် ခေါင်းတိုင်ဆေးသောရေမှရသည့် အနယ်အနှစ်များကို ကျိုချက်ခြင်းကပို၍ပြီး ငွေနှင့်ခဲ ရရှိကြလေသည်။

ထိုငွေများ၊ ခဲများသည် သတ္တုတွင်းအလုပ်သမားကြီးများတို့၏ အသက်ပေါင်းများစွာတို့ကို သတ်ဖြတ်ခဲ့သော သို့မဟုတ်လူသတ်သမားများပင် ဖြစ်ကြလေသည်။ ဗြိတိသျှနယ်ချဲ့တို့သည် အလုပ်သမားများစွာတို့ အသက်ပေါင်းများစွာ သေဆုံးခဲ့ပြီးမှ မီးခိုးငွေများမှ ငွေပြန်ရသောနည်းကို ရှာဖွေတွေ့ခဲ့ကြခြင်းပင် ဖြစ်ပေတော့သည်။

နောက်ပိုင်းတော့ ထိုမှရသော အကျိုးအမြတ်အားလုံးတို့ကို နေရှင်ကုမ္ပဏီတို့က သိမ်းကျုံးယူသွားကြသော်လည်း အသက်ဆုံးရှုံးသွားခဲ့ရသော အလုပ်သမားတို့၏ မိသားစုများကိုတော့ တစ်ပြားတစ်ချပ်မှပင် ဖေးကမ်းထောက်ပံ့ခြင်းမျိုး မရှိခဲ့ကြပါချေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၆)

# ငွေတွင်းထဲမှ သေမင်းမျက်နှာ

သတ္တုတူးဖော်သောနေရာ၏ လှို့ဂှက်လိုဏ်ခေါင်းအတွင်းမှ ကပ်ရောဂါစွဲကပ်နေသော လူနာများကို လှို့ဂှက်စွာကယ်ထုတ်လာကြပြီး နောက်တစ်နေရာ၌ထားကာ ဆရာဝန်ကြီး ဦးမင်းဟန်နှင့်အဖွဲ့က ဂရုတစိုက်ပြုစုကုသပေးရာ အတော်များများပင် အသက်ချမ်းသာရာ ရသွားခဲ့ကြရာ ထိုအတွင်းမှာ အနည်းငယ်လောက်သာ ကျန်တော့သည်။ နေကောင်းသွားသူတို့မှာ စိတ်ချရသော နေအ



www.burmeseclassic.com

www.burmeseclassic.com



ထား ရောက်သည်နှင့် ၎င်းတို့နေထိုင်ရာရွာများသို့ အသီးသီး ပြန်သွားကြလေသည်။

"ကျွန်တော်တို့မှာ အမေမွေးပေးတဲ့အသက် မရှိတော့ပါဘူး၊ ဆရာကြီးတို့ ကယ်တင်ပေးတဲ့ ကျေးဇူးသက်ပဲ ရှိပါတော့တယ်၊ ဒီကျေးဇူးကို တစ်သက်ဘယ်တော့မှ မမေ့ပါဘူး၊ အခုတော့ လက်အုပ်ချီပြီး ကန်တော့နိုင်တဲ့အခြေအနေမျိုးပဲ ရှိတာမို့ ကျွန်တော်တို့ ကန်တော့ခဲ့ပါတယ်"

ဟု ပြောဆိုကန်တော့ကာ ပြန်သွားကြလေသည်။ တောင်လုံးကျော်ရွာအတွင်းမှ ရွာသူရွာသားများလည်း နေကောင်းသည်နှင့် ၎င်းတို့နေအိမ်သို့ ပြန်သွားကြလေပြီ။ သေပြီ ထင်သဖြင့် အိမ်မှာပင် ရက်လည်ဆွမ်းသွပ်ပေးခဲ့ပြီးသော နီမောင့်ဦးလေးဖြစ်သူ ကိုမောင်ရွှေနှင့် မြသင်းကြူ၏ ဖခင် ဦးဘသာတို့ပင် နေကောင်းသွားကြပြီဖြစ်သောကြောင့် နေအိမ်များသို့ အသီးသီး ပြန်သွားကြလေပြီ။

ဂူထဲမှာတော့ ဒေါက်တာမင်းထင်ကျော်တို့ အဖွဲ့၊ မြနန္ဒာတို့အဖွဲ့နှင့် လူနာအနည်းငယ်လောက်သာ ကျန်တော့သည်။ နီမောင်တို့ကတော့ ရွာထဲပြန်သွားလိုက်၊ ဂူထဲပြန်လာပြီး လုပ်ပေးစရာလုပ်ပေးလိုက်နှင့် သွားချည်လာလိုက် နေကြလေသည်။ ထိုရက်များအတွင်းမှာတော့ ဂူထဲမှာ အတူတကွ နေထိုင်ကြရဲ ရက်အတန်ကြာခဲ့သဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် မြနန္ဒာတို့မှာလည်း ပိုမိုရင်းနှီးမှု ရှိခဲ့ကြလေသည်။





တစ်ယောက်အကြောင်းတစ်ယောက် သိလာပြီး တစ်ဦးသဘောကိုလည်း တစ်ဦးကသိလာခဲ့ကြပြီ ဖြစ်သည်။ သို့သော်လည်း ဒေါက်တာမင်းထင်ကျော်တို့မှာ နောက်ထပ် ဆောင်ရွက်ပေးစရာ တာဝန်တစ်ခုက ကျန်နေသေးသည်။ အခြားတော့မဟုတ်ပေ။ သေဆုံးသွားသော ရွှေလူကို ကတိပေးခဲ့သည့်အတိုင်း ရွှေလူမြှုပ်ထားခဲ့သော ငွေများကို တွေ့အောင်ရှာဖွေပြီး ဆင်းရဲသူတို့အား ခွဲဝေပေးရသည့် ကိစ္စပင် ဖြစ်ပေသည်။

တစ်နေ့တော့ ဒေါက်တာမင်းထင်ကျော်က နီမောင်တို့သုံးယောက်ကိုခေါ်ပြီး ထိုအကြောင်းကို ပြောပြရလေသည်။

"ဒီမှာလည်း လူနာတွေက စိတ်ချရပြီဆိုတော့ ရွှေလူ မြှုပ်ထားခဲ့တဲ့ ငွေတွေသွားရှာဖို့ ကိစ္စကို လုပ်ဖို့ကျန်သေးတယ်"

"ဆရာပဲ ကောင်းသလိုသာစီစဉ်ပါ၊ ကျွန်တော်တို့ကတော့ နောက်ကလိုက်ခဲ့ဖို့ အဆင်သင့်ပါပဲ"

ဟု ပြောသဖြင့် ခရီးပြန်ထွက်ရန် ပြင်ကြလေသည်။ ၎င်းတို့သွားကာနီးတော့ မြနန္ဒာကို နှုတ်ဆက်သည်။ မြနန္ဒာတော့ မျက်စိမျက်နှာ သိပ်မကောင်းလှပေ။ ရင်ထဲတွင် သျှို့ဝှက်စွာ အမြစ်တွယ်စပြုနေပြီဖြစ်သော သံယောဇဉ်တရားက အသည်းနှလုံးကို လာရောက်ထိခတ်သောအခါ ထိုကဲ့သို့ မျက်နှာမကောင်းခြင်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကို ပြန်လာဦးမှာလား"

"ငွေတွေရှာဖွေလို့တွေ့ရင် ဆင်းရဲတဲ့လူတွေကို ဝေပေးရဦးမှာဆိုတော့ ပြန်လာဦးမှာပါ"

ဒီတော့မှ စိတ်သက်သာရာ ရသွားဟန်ရှိလေသည်။

"ဘာပဲဖြစ်ဖြစ် ဂရုတော့စိုက်ပါနော်၊ အန္တရာယ် များတယ်"

"ကျွန်တော်တို့အတွက်တော့ စိတ်မပူပါနဲ့၊ ကောင်းတဲ့ကိစ္စ လုပ်ကြတာပဲ၊ ဒါထက် ဒေါက်တာတို့ရော ဒီမှာရှိကြဦးမယ် မဟုတ်လား"

"ကျွန်မတို့က ရောဂါဖြစ်နေတဲ့လူတွေကို ဆေးကုသဖို့လာကြတာပဲ၊ ဒီမှာလည်း လူနာတွေကရှိနေသေးတော့ နေရဦးမှာပါ၊ ဘာလဲ ဆရာက ကျွန်မတို့ကို ပြန်သွားစေချင်လို့လား"

"မဟုတ်ပါဘူး။ နေစေချင်လို့ မေးတာပါ"

ထိုစကားကြောင့် အပြုံးတစ်ဝက်၊ အံ့သြသွားသော အမူအယာက တစ်ဝက်ဖြင့် ပြန်မေးသည်။

"ဘယ်လိုကြောင့်လဲ"

"ကိစ္စတွေပြီးရင် ပြောစရာစကားလေးတွေ ရှိနေလို့ပါ"

"ဒီမှာမတွေ့လည်း ရန်ကုန်ရောက်တော့လည်း တွေ့ချင်တွေ့လို့ရတာပဲ"

"ဒီမှာပဲ ပြောချင်လို့ပါ"





"ဘယ်လိုစကားမို့လဲ အခု မသိရဘူးလား"

"သိရပါတယ်၊ တခြားတော့ မဟုတ်ပါဘူး၊ ဒေါက်တာ့အပေါ်မှာ မေတ္တာရှိနေပြီဆိုတဲ့အကြောင်း ပြောချင်တာပါ"

ထိုစကားကြောင့် မြနန္ဒာမျက်နှာပေါ်မှာ ကျေနပ်မှု အပြုံးကလေးများ ယှက်သန်းသွားလေသည်။

"ကျွန်မအပေါ်မှာ တကယ်မေတ္တာရှိနေတယ်ဆိုရင်တော့ စဉ်းစားပေးပါမယ်"

"ကျွန်တော့်စိတ်သဘောလည်း ဒီလောက်ဆိုရင် သိတန်သလောက် သိနေပြီလို့ ထင်ပါတယ်၊ မြနန္ဒာအပေါ်မှာ ခရီးသွားဟန်လွှဲ တွေ့တုန်းကြုံတုန်း ပြောတဲ့စကားမျိုး မဟုတ်ပါဘူး"

"ကျွန်မ ကိုမင်းထင်ကျော်သဘောကို သိပါတယ်၊ ဒါကြောင့်လည်း စဉ်းစားပေးမယ်လို့ ပြောတာပါ"

"ကောင်းပါပြီ ကျွန်တော်ပြန်လာရင် ဝမ်းသာရမယ့် စကားမျိုး ကြားပါရစေ"

သူမက ခေါင်းညိတ်ပြရင်း. . .

"ဂရုစိုက်ပါနော်"

ဟု သံယောဇဉ်အတွက် နောက်ဆံတင်းနေသော အသံမျိုးဖြင့် မှာကြားလေသည်။ ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်ပြီး ဂူအတွင်းမှ ထွက်ခဲ့လေသည်။

ခရီးထွက်သောအခါ ဒေါက်တာမင်းထင်ကျော်၊



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ၊ ဦးမွန်ထော်၊ စိုင်းလူ၊ နီမောင်၊ စောထီး၊ ငြ
အောင်နှင့် ဦးဗန်ကောင်းပါ လိုက်လာသောကြောင့် အားလုံ
ရှစ်ယောက် ဖြစ်သွားလေသည်။

ဂျင်းတို့အဖွဲ့တွင် သေနတ်နှင့်ကျည်ဆံများအပြင် အ
ခြားအသုံးအဆောင်ပစ္စည်းများလည်း ပြည့်စုံစွာ ယူဆော
လာကြလေသည်။ ဒေါက်တာမင်းထင်ကျော်ထံတွင် ရွှေ
မသေခင်ကပေးထားခဲ့သော မြေပုံကြမ်းတစ်ခုရှိသောကြော
ငွေဒင်္ဂါးပြားများ မြှုပ်ထားသည်ဆိုသော ဂူရှိရာသို့ ချောချေ
မောမော ရောက်သွားကြလေသည်။ ထိုနေရာရောက်တော့
ကျော်စွာကမေးသည်။

"ဆရာ ရွှေလူ သေသွားပေမယ့် သူ့ညီ ပေတ
ကျန်ခဲ့တယ် မဟုတ်လား၊ သူကလည်း သိနေတာဆိုတော
ရွှေဒင်္ဂါးတွေကို လာယူသွားတာမျိုးလည်း ဖြစ်နိုင်တယ်"

"ဒါလည်း ဖြစ်နိုင်စရာတော့ရှိပါတယ်၊ ဒါပေမယ့်
သူပြောသွားတာတော့ ငွေတွေမြှုပ်ထားခဲ့တဲ့နေရာကို မြေ
မပါပဲ မမှတ်မိနိုင်ဘူးလို့ ပြောတယ်"

"ဒီလိုဆိုတော့လည်း နည်းနည်းတော့ စိတ်အေ
သေးတာပေါ့"

ဟု ပြောလေသည်။ ထိုနောက် စကားတပြောပြေ
နှင့် သွားကြရာ တောင်ကြားလမ်းရှိရာသို့ ရောက်သွားကြ
သည်။ ထိုနေရာရောက်သည်အထိတော့ မည်သည့်အန္တရာ
အယှက်မှ မတွေ့ကြရသေးပေ။ ထို့ကြောင့် တောင်ကြားလမ်





မှ ဂူရှိရာသို့ ဆင်းသွားကြသည်။ ဂူပေါက်မှာ လူသွားရောက်
သော ဂူမျိုးဖြစ်ပြီး ညနေပိုင်းအချိန်ရောက်နေပြီဖြစ်သဖြင့်
အတွင်းပိုင်းမှာ မှောင်နေပေပြီ။

ထို့ကြောင့် ပါလာသော မီးတိုင်အချို့ကို အသုံးပြု
ရာ ဂူအတွင်း၌ ကျောက်တုံးကြီးများနှင့် စီးနေသော စမ်း
ချောင်းတစ်ခုလည်း ရှိသည်။ မီးရောင်ဖြင့်ကြည့်တော့ စမ်း
ချောင်းထဲမှာ ငွေတုံးငွေခဲများ တွေ့ရသည်။ သူတို့သည် မီး
ရောင်ဖြင့် စမ်းချောင်းတစ်ဝိုက်လိုက်ကြည့်သောအခါ တစ်နေ
ရာရောက်တော့ ရွှေလူတို့ညီအစ်ကို တူးထားသော နေရာ
များတွေ့ရသည်။

ထိုနေရာတစ်ဝိုက်မှာလည်း ငွေတုံးငွေခဲအချို့ကို တွေ့
ကြရသည်။ ထိုအခြေအနေကို ကြည့်ရုံနှင့်ပင် ထိုနေရာသို့
ပေတလူ မလာသေးမှန်း အကဲခတ်မိလေသည်။

"ဒီနေရာကို ပေတလူ မရောက်လာသေးဘူး"

"ပေတလူမရောက်သေးသလို သတ္တုတွင်းကလူတွေ
လည်း သိကြပုံမရသေးဘူး"

"ပေတလူတို့ ညီအစ်ကိုကို သူတို့ရွာမှာ သွားဖမ်း
တာဆိုတော့ ဒီနေရာအကြောင်းကို မသိသေးတာလည်း ဖြစ်
မယ်၊ ကျွန်တော်တို့အတွက် ကံကောင်းတာပေါ့"

ဟု ပြောဆိုပြီး လိုက်လံရှာဖွေကြရာ တစ်နေရာ
ရောက်တော့ ကျောက်တုံးများကြားမှာ ဝှက်ထားသော သံ
ဒယ်တစ်လုံးကိုသာ တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းအချိန်ရောက်တော့ တစ်နေရာတွင် မီးပုံ တစ်ခုဖိုပြီး နားကြလေသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ ၎င်းထံမှာပါလာသော မြေပုံကြမ်းကို ကြည့်ရှုနေလေသည်။ စနစ်တကျ စကေးကိုက်ရေးဆွဲထားခြင်းမျိုး မဟုတ်ပဲ စိတ်ကူးရသလို ခန့်မှန်းရေးထားသောကြောင့် ငွေများရှိသောနေရာကို သိဖို့ရန်မလွယ်ပဲ ရှိနေလေသည်။

ညအချိန်ရောက်တော့ ဂူအတွင်းပိုင်းမှ စကားပြောသံလိုလို ကြားရသည်။ ထို့ကြောင့် သေနတ်များကို ကောက်ယူပြီး အသံကြားရာဘက်သို့ ကြည့်လိုက်ကြသည်။ စကားပြောသံ ကြားသော်လည်း လူကိုတော့ မတွေ့ရပေ။ အတန်ကြာတော့မှ ကျောက်တုံးများကြားမှ ရိပ်ခနဲဖြတ်လျှောက်သွားသော လူတစ်ယောက်သဏ္ဌာန်ကို လှမ်းမြင်လိုက်ကြလေသည်။

"လူတစ်ယောက် မဟုတ်လား"

"ပုံပန်းသဏ္ဌာန်ကတော့ သေသွားတဲ့ ရွှေလူနဲ့တူသလိုပဲ"

"ဘယ်လိုလုပ်မလဲ"

"သူဝင်သွားတဲ့နေရာဘက်ကို သွားကြည့်ရအောင်"

ဟုပြောပြီး နီမောင်နှင့် ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်တည်း ထိုနေရာဘက်သို့ သွားကြည့်ကြသည်။ လူရိပ်မြင်လိုက်ရသည့် ကျောက်တုံးများနောက်သို့ ရောက်သောအခါမှာတော့ ဘာမှမတွေ့ရပေ။



သို့ကြောင့် နားစွင့်ကြည့်နေကြပြန်သည်။ နှစ်ယောက်သား ငြိမ်သက်စွာဖြင့် နားစွင့်နေကြစဉ် အခြားနေရာမှ အသံများ ကြားရပြန်သဖြင့် ထိုနေရာဘက်သို့ သွားကြပြန်သည်။

အတွင်းပိုင်းရောက်လေလေ ပိုပြီးမှောင်လာလေလေဖြစ်သဖြင့် လက်နှိပ်မီးရောင်များ အသုံးပြုကြလေသည်။ ထိုနေရာရောက်တော့ သူတို့ရှေ့မှ ဖြတ်လျှောက်သွားသော လူတစ်ယောက်ကို ထပ်မြင်ရပြီး အခြားတစ်နေရာမှာရှိသည့် ဂူပေါက်အတွင်းသို့ ဝင်သွားသည်ကို ထပ်မြင်ရပြန်သည်။

"ကျွန်တော်တို့ကိုများ လမ်းပြပေးနေတာများလား၊ လိုက်ကြည့်ကြရအောင်"

နီမောင်ကပြောရာ ဒေါက်တာမင်းထင်ကျော်ကပါ သဘောတူသဖြင့် ဂူပေါက်အတွင်းသို့ ဝင်လိုက်သွားကြသည်။ အတွင်းတစ်နေရာရောက်တော့ ကျောက်တုံးတစ်တုံးနားမှာ ရပ်တံ့နေသော ဝိညာဉ်ပုံရိပ်ကို တွေ့ရသည်။ ၎င်းတွင်းပေါက်တစ်ခုကို ငုံ့ကြည့်နေဟန်ရှိသည်။ နောက်တော့ အောက်သို့ ခုန်ဆင်းသွားလေတော့သည်။

ထိုသို့မြင်ရသဖြင့် နှစ်ယောက်သား ထိုနေရာသို့ သွားကြည့်သောအခါ တွင်းပေါက်တစ်ခုကို တွေ့ကြရသည်။ တွင်းပေါက်မှာ အတော်ပင်ကျယ်ပြီး အောက်ကိုတော့ မမြင်ကြရပေ။ ဒေါက်တာမင်းထင်ကျော်က ထိုနေရာသို့သွားပြီး တွင်းထဲသို့ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ဟာခနဲ ဖြစ်သွားသောကြောင့် နီမောင်ကပါ အနားသို့ တိုးကြည့်လေသည်။ တွင်းထဲမှာတော့ ငွေဒင်္ဂါးများ အပုံလိုက်ရှိနေပြီး၊ ငွေဒင်္ဂါးပုံပေါ်မှ သူတို့ကိုမော့ကြည့်နေသော မျက်နှာတစ်ခုကိုပါ တွေ့ကြရသည်။ အခြားမျက်နှာတော့ မဟုတ်ပေ။ သေသွားသော ရွှေလူမျက်နှာပင် ဖြစ်သည်။ မီးရောင်ပိတ်လိုက်တော့ တွင်းထဲမှပေါ်နေသော မျက်နှာလည်း ပျောက်သွားလေသည်။

"ရွှေလူထားခဲ့တဲ့ ငွေဒင်္ဂါးတွေတော့ တွေ့ရပြီ၊ သူတို့ညီအစ်ကိုနှစ်ယောက် ငွေဒင်္ဂါးတွေလုပ်ပြီးတော့ ဒီတွင်းထဲ ဝှက်ထားခဲ့ကြတာဖြစ်မယ်၊ ဘယ်လိုလုပ်မလဲဆရာ"

ဟု မေးလိုက်သည်။

"နေရာတွေ့နေမှပဲ မနက်လင်းတော့မှပဲ အေးအေးဆေးဆေး ဆင်းယူကြတာပေါ့"

ဟုပြောပြီး မိမိတို့လူများရှိသောနေရာသို့ ပြန်လာကြလေသည်။ ထိုနေရာသို့ ပြန်ရောက်တော့ အခြေအနေတမကောင်းလှပေ။ နေရာမှာကျန်ခဲ့သော မိမိတို့အဖွဲ့သားများတို့ ကြိုးဖြင့်တုပ်ကာ ဖမ်းထားသော လူအချို့ကိုတွေ့ရသည်။ အားလုံးသေနတ်ကိုယ်စီ ကိုင်ထားကြလေသည်။ ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့လည်း မိမိတို့လူများအဖမ်းခံထားရပြီဖြစ်သောကြောင့် ဘာမှမတတ်နိုင်ပဲ အဖမ်းခံကြရလေတော့သည်။





ရန်သူများမှာ (၁၀)ယောက်ခန့်ရှိပြီး ၎င်းတို့နှင့်အတူ ကြိုးတုပ်ပြီး ခေါ်လာသော လူတစ်ယောက်လည်း ပါလာသေးသည်။ တခြားလူတော့မဟုတ်ပေ၊ ပေတလူပင်ဖြစ်ပေသည်။ ထိုအဖွဲ့ကို ခေါင်းဆောင်လာသူမှာ သတ္တုတူးဖော်ရေးစခန်းမှ ထွန်းအောင်ကျော်ပင် ဖြစ်သည်။ ၎င်းနှင့်အတူ အားကိုးရသော သံပချိုင်နှင့် သန်းရွှေစသော တပည့်အချို့လည်း ပါလာကြလေသည်။

"တကယ်တော့ ဒီပိုင်နက်ထဲမှာရှိတဲ့ ငွေတွင်းတွေက ငါတို့နဲ့သက်ဆိုင်တဲ့ ငွေတွင်းတွေပဲ ဒီညီအစ်ကိုက ငါတို့ငွေတွင်းတွေထဲက ငွေတွေကို ဝင်ခိုးယူကြတယ်၊ သူ့အစ်ကို ရွှေလူတော့ ဘယ်ရောက်သွားပြီလဲ မသိဘူး၊ သူ့ညီ ပေတလူတော့ ဖမ်းမိထားတယ်၊ ဒါပေမယ့် ပေတလူက ဘာမှမေးလို့မရဘူး"

ဟု ထွန်းအောင်ကျော်က ပြောသည်။

"မင်းတို့ဒီရောက်လာဒုံထောက်တော့ ရွှေလူနဲ့တွေ့ခဲ့ကြတယ်ထင်တယ်၊ ရွှေလူဘယ်မှာလဲ"

"ဒီဂူထဲမှာ ပုန်းနေတာဖြစ်မှာပေါ့"

"မင်းတို့ သူနဲ့တွေ့သလား"

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောပေ။

"ဒါဖြင့် သူတို့ဝှက်ထားတဲ့ ငွေဒင်္ဂါးတွေ ဘယ်မှာထားသလဲဆိုတာရော သိသလား"

ဘာမှပြန်မပြောသဖြင့် ထွန်းအောင်ကျော်က ကြိုး



www.burmeseclassic.com

www.burmeseclassic.com



တုပ်ထားသောလူများဘက်သို့ သေနတ်ဖြင့် ချိန်လိုက်သည်။

"မင်းမပြောရင် ငါသူတို့ကို တစ်ယောက်ပြီးတစ်ယောက် ပစ်သတ်လိုက်မယ်"

"မင်းတို့ရှာနေတဲ့ ငွေတွေဘယ်နေရာမှာ ရှိတယ်ဆိုတာသိချင်ရင် ငါ့အိတ်ထဲမှာ မြေပုံကြမ်းရှိတယ်၊ အဲဒါကို ကြည့်ပြီး ရှာပေတော့"

ဟု ပြောသဖြင့် ထွန်းအောင်ကျော်က ဒေါက်တာမင်းထင်ကျော် အိတ်ထဲမှာထည့်ထားသော မြေပုံကြမ်းကို ယူလိုက်သည်။ ထိုမြေပုံကိုရသည်နှင့် ထွန်းအောင်ကျော်၏ မျက်နှာပေါ်မှာ ကျေနပ်သွားဟန်ရှိသည်။

"ရွှေလူ ဘယ်မှာလဲ"

"ရွှေလူ သေပြီ ၊ မသေခင်က ငါတို့နဲ့တွေ့လို့ ဒီမြေပုံ ပေးထားခဲ့တာ ဒါကြောင့်လာရှာကြတာ"

"မင်းတို့က ဘယ်သူတွေလဲ"

"ငါတို့က သစ်ခွပန်းရှာတဲ့အဖွဲ့တွေပဲ"

"ဆရာဝန်အဖွဲ့နဲ့ အတူတူပဲ မဟုတ်လား"

"တခြားစီပဲ၊ ငါတို့က ကိုယ့်အလုပ် ကိုယ်လုပ်နေကြတာ"

"အေးလေ၊ မင်းတို့ သတင်းတွေလည်း ကြားသင့်သလောက် ကြားထားပြီးပါပြီ၊ တလောက ငါတို့စခန်းကလူတွေ ပျောက်သွားတာ မင်းတို့လက်ချက်တွေ မကောင်းဘူးဆိုတာလည်း သိပြီးသားပါ၊ နောက်တော့ ဒါတွေသိရမှာပါ"





ဟု ပြောဆိုကာ ဒေါက်တာမင်းထင်ကျော်နှင့်နီမောင်တို့ အပါအဝင် လူရှစ်ယောက်စလုံးကို ကြိုးဖြင့်တုပ်ကာ လူငါးယောက်ကို ထိုနေရာမှာ အစောင့်ထားခဲ့သည်။

ထွန်းအောင်ကျော်၊ သံပချိုင်နှင့် ကျန်သုံးယောက်တို့ မြေပုံကိုယူကာ ဂူအတွင်းသို့ ဝင်ရောက်ရှာဖွေကြရာ တစ်နေရာရောက်တော့ ဂူအတွင်းတစ်နေရာမှ အသံလိုလိုကြားကြရသည်။

"ငွေတွေက ဒီဘက်မှာဟေ့"

ဟူသော အသံဖြစ်သည်။

"အတွင်းကလူသံကြားရတယ်၊ သူတို့အဖွဲ့ထဲကလူလား"

"မဟုတ်ဘူးထင်တယ်၊ ရွှေလူ ဒီအထဲမှာ ပုန်းနေတယ်ဆိုတော့ ရွှေလူများဖြစ်မလား"

ဟု ဇဝေဇဝါတွေးတောကာ အသံကြားရာသို့ ဝင်သွားကြသည်။ နောက်ဆုံးတော့ ကျောက်တုံးကြီးတစ်တုံး နောက်မှာရှိနေသည့် ငွေဒင်္ဂါးများကို ရှာတွေ့ကြလေသည်။ တွင်းထဲမှာရှိနေသော ငွေဒင်္ဂါးများမှ မီးရောင်ဖြင့်တွေ့သော အခါ အရောင်လက်လာသည်။ တစ်ဆက်တည်း တွင်းထဲမှာ ကြောက်စရာကောင်းသော မျက်နှာကြီးတစ်ခု ပေါ်နေလေသည်။

"ငွေတွင်းထဲမှာ မျက်နှာကြီးတစ်ခုတွေ့ရတယ်"

ထွန်းအောင်ကျော်က တုန်လှုပ်စွာ ရေရွတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်မကျေနပ်သဖြင့် သံပချိုင်ကပါ ရှေ့တိုးပြီး မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ ကြောက်စရာကောင်းသော မျက်နှာကြီးက သူ့ကိုမော့ကြည့်နေသည်ကို တွေ့ရသဖြင့် အထိတ်တလန့်ဖြင့် နောက်သို့ဆုတ်လိုက်သည်။

"သရဲခြောက်နေတာလား"

ထိုသို့ပြောနေစဉ်နောက်မှ ခြေသံလိုလိုကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ သူတို့နှင့် မနီးမဝေးမှာ ရပ်နေသော လူတစ်ယောက်ကို တွေ့ရသည်။ အဝတ်အစားများက စုတ်ပြဲနေပြီး မျက်နှာသေကြီးဖြင့် ရပ်နေသည့် ထိုလူကို မြင်သောအခါ ထွန်းအောင်ကျော်က မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။ ၎င်း၏မျက်နှာမှာ ငွေတွင်းထဲမှာမြင်ရသော မျက်နှာနှင့် တထေရာတည်းတူနေလေသည်။

"မင်း ဘယ်သူလဲ"

"ရွှေလူ"

ဗလုံးဗထွေးဖြင့် ပြန်ပြောလေသည်။

"ဟိုတွင်းထဲမှာတွေ့တဲ့ ငွေတွေက မင်းဝှက်ထားတာတွေ မဟုတ်လား"

"ဟုတ်တယ်"

"တွင်းထဲကမျက်နှာက ဘာလဲ"

"ငွေတွင်းထဲက သေမင်းမျက်နှာပေါ့ကွာ. . ဟီး ဟီး ဟီး"

ဟု ပါးစပ်ဖြဲကာ ရယ်နေလေသည်။





"မင်းချထားတဲ့ငွေတွေ မင်းဆင်းယူပေးရမယ်"

ဟု ပြောသည်နှင့် ဒယိမ်းဒယိုင်လျှောက်လာပြီး ငွေတွင်းရှိရာရောက်သောအခါ တွင်းထဲသို့ခုန်ချသွားလေတော့သည်။

"ဟာ"

တအံ့တသြဖြစ်သွားကြပြီး အနားသို့သွားကာ မီးရောင်ဖြင့်ထိုးကြည့်တော့ ရွှေလူကိုမတွေ့ရပဲ ကြောက်စရာကောင်းသော မျက်နှာကြီးကိုသာ ထပ်မံတွေ့ရလေသည်။ ထိုအခိုက်မှာ ပင်နောက်ဘက်မှာ တဟီးဟီးနှင့် အသံကြားသဖြင့် လှည့်ကြည့်သော အခါ ရွှေလူကို ထပ်တွေ့ရပြန်သည်။

ဒီတစ်ခါတော့ သူတစ်ယောက်တည်း မဟုတ်တော့ပေ။ ကျောက်တုံးများကြားမှ ဒယိမ်းဒယိုင်ဖြင့် ထလာသော အလောင်းကောင်များပါ တွေ့ရလေသည်။

ထိုအလောင်းများမှာ ကပ်ရောဂါကြောင့် သေသွားသော အလောင်းများပင် ဖြစ်ကြသည်။ ကြောက်စရာကောင်းသော ဖုတ်ကောင်များက သူတို့ရှိရာသို့ လာနေရာ ပါလာသော သေနတ်များဖြင့် ပစ်ကြလေတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

သေနတ်သံများက ဂူအတွင်းမှာပဲ့တင်ထပ်ကာ ဆူညံသွားလေတော့သည်။ ထိုအသံများကြောင့် အမြင့်ဘက်မှာ ချွန်နေခဲ့သည့် ရန်သူငါးယောက်မှာ စိတ်လှုပ်ရှားစွာဖြင့် နေရာမှ ထရပ်လိုက်ကြသည်။ ၎င်းတို့ရပ်လိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးများ နောက်ကွယ်မှ ထွက်လာသော အဆိပ်လူးမြားတံများထိပြီး တစ်ယောက်ပြီးတစ်ယောက် နေရာမှာတင် လဲကျသွားလေတော့သည်။

နောက်တော့ ကျောက်တုံးများနောက်မှ ရွာသားအချို့ထွက်လာပြီး ဒေါက်တာမင်းထင်ကျော်တို့ကို ကြိုးဖြေပေးကြလေသည်။

"ကျုပ်တို့က ဇရပ်လှရွာကပါ၊ ကျုပ်တို့ရွာသားပေတလူကို ဝင်ဖမ်းသွားလို့ နောက်ကလိုက်ခြောင်းနေတာ အခုမှ မိတော့တယ်၊ ကျုပ်တို့ရွာသားတွေကို နှိပ်စက်ပြီး သတ်ခဲ့ကြတဲ့ လူယုတ်မာတွေကို ကလဲ့စားပြန်ချေချင်နေတာ အခုမှ ဟန်ကျတော့တယ်"

ဟု ပြောပြကြသည်။ ဒေါက်တာမင်းထင်ကျော်တို့လည်း အနှောင်အဖွဲ့မှ လွတ်သည်နှင့် သေနတ်များကိုယူကာ ဂူအတွင်းသို့ ဝင်လိုက်သွားကြလေသည်။ အတွင်းမှာတော့ ထွန်းအောင်ကျော်တို့မှာ ဖုတ်ကောင်များ အဝိုင်းခံနေရသောကြောင့် ပြေးပေါက်ပိတ်နေကြသည်။

ထိုအခြေအနေကြောင့် ဒေါက်တာမင်းထင်ကျော်တို့လည်း ရှေ့တိုးမရကြတော့ဘဲ ကျောက်တုံးများနောက်မှ အခြေအနေကြည့်နေကြရသည်။

ထွန်းအောင်ကျော်ခေါင်းဆောင်သော လူငါးယောက်မှာ သေနတ်များဖြင့် ပစ်သော်လည်း အကျိုးမထူးလှပဲ ဖုတ်ကောင်များက ရှေ့တိုးလာသောကြောင့် နောက်





ဆုတ်သွားရင်းနှင့် ငွေတွင်းနားရောက်သွားကြလေသည်။ ၎င်းတို့ထံတွင် ကျည်ဆံမရှိတော့သောအခါ သေနတ်ကသည်း ပစ်မရတော့ပေ။

ထိုအခိုက်မှာပင် ငွေတွင်းထဲမှ အသံနက်ကြီးဖြင့် ခေါ်သံပေါ်လာလေတော့သည်။

"လူယုတ်မာတွေ ငါ့ဆီလာခဲ့ကြ၊ ခုန်ဆင်းခဲ့ကြ"

ဟု ခေါ်သံကြားရပြီးနောက်မှာတော့ ပြေးပေါက်မရှိတော့သော ထွန်းအောင်ကျော်တို့မှာ တစ်ယောက်ပြီးတစ်ယောက် ငွေတွင်းထဲသို့ ခုန်ဆင်းသွားကြလေတော့သည်။ ၎င်းတို့ငါးယောက် ငွေတွင်းထဲရောက်သွားတော့မှ တွင်းထဲမှ ကြားနေရသော အသံနက်ကြီးလည်း တိတ်သွားလေတော့သည်။

ဖုတ်ကောင်များလည်း ပျောက်သွားတော့သည်။ ဂူကြီးအတွင်းမှာလည်း မူလအတိုင်း တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ ဒီတော့မှ ငွေတွင်းရှိသောနေရာသို့ သွားကြည့်ကြရာ သေဆုံးနေသော လူငါးယောက်တို့ကိုသာ တွေ့ရပြီး ကြောက်စရာကောင်းသော သေမင်းမျက်နှာကြီးကိုတော့ မတွေ့ကြရတော့ပေ။ ငွေတွင်းထဲမှ သေမင်းမျက်နှာမှာ ပျောက်ကွယ်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၇)

# ဝန်းခင်းလမ်းမှ ချစ်သူများ

နောက်တစ်နေ့ရောက်တော့ ငွေတွင်းထဲမှ သေမင်းမျက်နှာကြီးမတွေ့ရတော့သဖြင့် တွင်းထဲသို့ဆင်းကြပြီး အလောင်းများကို ဖယ်ရှားပြီး ရွှေလူတို့ညီအစ်ကိုထားသော ငွေခဲကြီးများကို ထုတ်ယူကြသည်။ ထိုငွေများကို ပေတလူကို ခွဲပေးတော့ မယူပေ။

"ကျွန်တော့်အစ်ကို အသက်နဲ့ရင်းပြီး လုပ်ထားခဲ့တဲ့ ဒီငွေတွေကို ကျွန်တော်မယူချင်ပါဘူး၊ သုံးလည်းမသုံးချင်



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး၊ သူ့ဆန္ဒအတိုင်း ဆင်းရဲနွမ်းပါးတဲ့လူတွေကိုသာ ဝေပေးလိုက်ပါ"

ဟု ပြောလေသည်။ ထို့ကြောင့် ရွှေလူတို့ညီအစ်ကို အသက်ဖြင့်ရင်းကာ ပြုလုပ်ထားခဲ့သော ငွေဒင်္ဂါးများကို ထို နယ်တစ်ဝိုက်မှာရှိနေသော ဆင်းရဲသူ ဆင်းရဲသားများကို ဝေ ပေးခဲ့ကြသည်။

(ထိုပြဿနာများဖြစ်ပွားခဲ့ပြီးနောက် ကပ်ရောဂါဖြ နေသူတို့ကို ဆေးကုမပေးပဲ သိုဝှက်ထားခြင်း၊ လူပေါင်းများ စွာ အသက်ဆုံးရှုံးခြင်းကြောင့် သတ္တုတွင်းမှာ လာရောက် လုပ်ကိုင်သူ မရှိတော့ပေ။ တာဝန်ခံများကိုလည်း ရာထူး ထုတ်ပယ်ကာ အခြားသို့ ပို့လိုက်လေသည်။ (၁၉၂၀)ခုနှ ဝန်းကျင်လောက်က ငွေစက်ရုံနှင့် သတ္တုရိုင်းတူးဖော်နေ နေရာတွင် လာရောက်လုပ်ကိုင်သူ အလုပ်သမားမရှိတော့ သဖြင့် လုပ်ငန်းများ ရပ်တန့်သွားခဲ့ရသည်။ )

ထိုကိစ္စများပြီးသောအခါမှာတော့ ဒေါက်တာမင်း ထင်ကျော်တို့ မပြန်ခင်မှာပင် နီမောင်က မြသင်းကြူကို မိသား ဖသားဝိဝိ တောင်းရမ်းလက်ထပ်လိုက်လေတော့သည်။

ထိုအခါမှပင် နီမောင်နှင့် မြသင်းကြူတို့လည်း စိတ်ချ လက်ချ ပျော်ရွှင်ခွင့်ရကြလေသည်။

ဆရာဝန်ကြီး ဦးမင်းဟန်ခေါင်းဆောင်လာသော ရောဂါရှာဖွေရေးနှင့် ကုသရေးအဖွဲ့သားများကြိုးစားကု ပေးသောကြောင့် အဆိပ်သင့်ကပ်ရောဂါ ဖြစ်နေကြသူ





လည်း သက်သာပျောက်ကင်းသွားကြပြီ ဖြစ်သဖြင့် ၎င်းတို့ နေရပ်သို့ အသီးသီးပြန်သွားကြရာ တစ်ဦးတစ်ယောက်မှ မကျန်ခဲ့တော့ပေ။

ထို့ကြောင့် အားလုံး တောင်လုံးကျော်ရွာသို့ ပြန်လာ ကြလေသည်။ ရွာလူကြီး ဦးထန်ဖုန်းရှိန် ခေါင်းဆောင်သော ရွာသူရွာသားများကလည်း ၎င်းတို့အား ကျေးဇူးတင်ကြသ ဖြင့် ရွာမှမပြန်ခင် ပြုစုစောင့်ရှောက်ပေးကြလေသည်။ ကိစ္စ များပြီးတော့ ဒေါက်တာမင်းထင်ကျော်တို့လည်း အထုပ်အပိုး ပြင်ဆင်ကြလေသည်။

ထိုအခါ မြနန္ဒာက ဒေါက်တာမင်းထင်ကျော်နှင့် နှစ် ယောက်ချင်းတွေ့ကာမေးသည်။ သူတို့နှစ်ယောက်မှာ ပွင့် လင်းမှုရသွားကာ ချစ်သူအဖြစ်သို့ ရောက်ခဲ့ကြပြီး ဖြစ်လေ သည်။

"အခု ကိုတို့က ဘယ်သွားကြမှာလဲ"

"ကိစ္စပြီးပြီဆိုတော့ တောထဲပြန်သွားကြဖို့ ပြင်ရမှာ ပေါ့။ ဒါထက် နန္ဒာတို့ကရော ဘယ်လိုအစီအစဉ်ရှိကြသလဲ"

"နန္ဒာတို့ကတော့ ကျန်းမာရေးအဖွဲ့ကပေးလိုက်တဲ့ တာဝန်ပြီးပြီဆိုတော့ နမ္မတူကို ပြန်ကြမယ်၊ အဲဒီကမှ ရန်ကုန် ပြန်ကြမယ်၊ ဒါထက်ကိုက ရန်ကုန်ကို မပြန်သေးဘူးလား"

ထိုသို့မေးသောအခါ ဒေါက်တာမင်းထင်ကျော်က မြနန္ဒာကို ကြည့်သည်။ မြနန္ဒာကလည်း ပြန်ကြည့်သည်။

"နန္ဒာက ပြန်စေချင်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုပါတော့ အားရှိတာပေါ့၊ အပြန်မှာ အန္တရာယ်နဲ့ ထပ်တွေ့နေတော့ မခက်ပေဘူးလား"

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်သည်။

"သစ်ခွပန်းရှာဖွေတဲ့ကိစ္စကတော့ လိုချင်တာတွေရခဲ့ပြီးပါပြီ၊ နန္ဒာစိတ်မချဘူးဆိုရင်တော့လည်း တစ်ခါတည်း ပြန်လိုက်ခဲ့ပါတော့မယ်၊ ဘာကြောင့်လည်းဆိုတော့ ရန်ကုန်ရောက်ရင် ကိုယ်တို့နှစ်ယောက် ဘဝရှေ့ခရီးအတွက် တိုင်ပင်ဆွေးနွေးစရာတွေ ရှိသေးတယ်လေ"

"ဒီလိုသဘောပေါက်ပြီး လိုက်လျောပေးတာကိုတော့ ကျေးဇူးတင်ရတော့မှာပဲ"

"ကိုယ်တို့နှစ်ယောက်ကြားမှာ ကျေးဇူးတရား မလိုတော့ပါဘူး၊ ချစ်ခြင်းမေတ္တာတရားပဲလိုတော့တယ် မဟုတ်ဘူးလား"

ဒေါက်တာမင်းထင်ကျော် စကားကြားတော့ မြနန္ဒာက ချစ်စဖွယ်အပြုံးဖြင့် ခေါင်းညိတ်ပြလေသည်။

"ဒီနယ်ဘက်ကိုတက်လာကာ ရှားပါးတဲ့ သစ်ခွမျိုးတွေနဲ့ သဇင်နီမျိုးလိုချင်လို့ပါပဲ၊ အခုတော့ ရှားပါးတဲ့ သစ်ခွမျိုးတွေအပြင် ကိုယ့်ဘဝအတွက် အလိုအပ်ဆုံးဖြစ်တဲ့ မေတ္တာပန်းကိုပါ မမျှော်လင့်ပဲ ရလိုက်တာဆိုတော့ စိတ်ထဲမှာ ကျေနပ်မိပါတယ်၊ ပျော်လည်းပျော်ပါတယ်"

"နန္ဒာလည်းကိုယ့်လိုပဲ ပျော်ရွှင်ကျေနပ်မိပါတယ်"





ဟု ပြောဆိုကာ တစ်ယောက်နှင့်တစ်ယောက် အပြုံးဖြင့် ကြည့်လိုက်ကြလေသည်။ ဒေါက်တာမင်းထင်ကျော်နှင့် မြနန္ဒာတို့သည်လည်းကောင်း၊ နီမောင်နှင့် မြသင်းကြူတို့နှစ်ယောက်အတွက်သည်လည်းကောင်း၊ ကြုံတွေ့ခဲ့ရသော အခက်အခဲများ၊ အန္တရာယ်အတားအဆီးတို့ကို လက်တွဲရင်ဆိုင်ကျော်ဖြတ်ခဲ့ကြပြီး ယခုအခါမှာတော့ ချစ်သူတို့ဘဝအတွက် သာယာချမ်းမြေ့စရာဖြစ်သော ဘဝခရီးလမ်းကို စတင်လျှောက်လှမ်းကြရတော့မည်သာ ဖြစ်ပေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ငွေတွင်းမှ သေမင်းမျက်နှာ) အမည်ရှိဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း ။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု ။

ကြီသစ်

[illegible]